ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနသဃတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 26 December 2017 ၉၁၅၀

# စည်ကားသိုက်မြိုက်စွာကျင်းပ ရန်ကုန် ခရစ္စမတ်ည

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နီယွန်မီးရောင်စုံများနှင့်အတူ ပျံ့လွင့်နေသည့် ခရစ္စမတ်တေးသံသာများသည် ရန်ကုန်မြို့ပြနေရာအနှံ့တွင် လှုပ်ရှားအသက်ဝင်နေတော့သည်။ အထူးသဖြင့် St. Mary's Cathedral တည်ရှိရာ ဗိုလ်အောင်ကျော်လမ်း၊ Junction City ဈေးဝယ်စင်တာရှေ့ Anglican ဘုရားကျောင်းတည်ရှိရာ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် မဟာဗန္ဓုလပန်းခြံရှေ့ရှိ ဇမာနွေလ ဘုရားကျောင်းတို့တွင် ခရစ္စမတ်ည ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြသည်။

ယင်းနေရာများတွင် ယနေ့ညနေ ၆ နာရီမှ ည ၁၀ နာရီထိ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ Carol Singing သီဆိုခြင်း၊ ခရစ္စမတ်နိပါတ်တော်များ ပြသခြင်းနှင့် ခရစ္စမတ်သင်္ကေတ လက်ဆောင်များ၊ ဦးထုပ်များ၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့**



ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့) ညပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ ဇမာနွေလဘုရားကျောင်းနှင့် တေးဂီတဖျော်ဖြေမှုတို့တွင် လူအများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**အထက(၁)လသာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် (၂၅)ကြိမ်မြောက် (ငွေရတု) အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ**

စာမျက်နှာ » ၃

## ချင်းပြည်နယ်ထွက် ဝဥ(ခေါ်)ဖျံဥများ ယခုနှစ်မှစ၍ ဂျပန်နိုင်ငံက ဝယ်ယူတော့မည်

**မင်းတပ် ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ်တွင် သဘာဝအတိုင်းပေါက်ရောက်သည့် ရာသီသီးနှံပင်အမျိုးအစားဖြစ်သည့် ပြည်ပဝယ်လိုအားရှိ ဝဥ(ခေါ်) ဖျံဥကို ယခုအခါ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မှစတင်၍ ဂျပန်နိုင်ငံက ဝယ်ယူတော့မည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသတစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း၌ စပါး၊ လက်ဖက်၊ ကော်ဖီနှင့် ဝဥတို့ကို အဓိကစိုက်ပျိုးကြရာ အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ဝဥကို စိုက်ပျိုးကာလ နှစ်နှစ်ကျော်၊ သုံးနှစ်ထိထားရှိကာ သတ်မှတ်ဥအရွယ်အစားရောက်မှသာ တူးဖော်ကြကြောင်း သိရသည်။

ဝဥများကို ချင်းပြည်နယ်နေရာအနှံ့ စိုက်ပျိုးကြသော်လည်း မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့မှ ဝဥတို့သည် အထူးအရည်အသွေးကောင်းကြောင်း၊ ဝဥများကို တူးဖော်ပြီး ဓားနှင့် ပါးပါးလှီးကာ နေရောင်တွင် အခြောက်လှန်းရပြီး အတွင်းသားအရောင်မှာ အဖြူရောင်ဖြစ်ကြောင်း၊ နေလှန်းပြီး ဝဥခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော်၊ ၈၀၀၀ အထိရှိပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့**



ကြေးမုံ

# သဘာဝဘေးအန္တရာယ်ခံရမှု လျော့ပါးရေး

ယခုအခါ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့သည် ကမ္ဘာကြီးအား ခြိမ်းခြောက်လာသည်ကို မြင်တွေ့နေရသည်။ ပုံမှန်အားဖြင့် ရေကြီး၊ ရေလျှံ၊ လေပြင်းကျ၊ မုန်တိုင်း တိုက်ခတ်စသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ် တစ်မျိုးမျိုးသည် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလတို့တွင် ဖြစ်လေ့ရှိသော်လည်း ယခုအခါ ရာသီမရွေး၊ အချိန်မရွေး၊ ဒေသမရွေး ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် အခြားဘေးများထက် အထက်ပါသဘာဝဘေးတစ်မျိုးမျိုးကို နှစ်စဉ်ကြုံတွေ့လေ့ရှိသော်လည်း ၂၀၀၈ ခုနှစ် သဘာဝဘေးမှလွဲ၍ ဘေးအန္တရာယ် ကြီးကြီးမားမား ရင်ဆိုင်ရခြင်းမရှိချေ။ ကမ္ဘာပေါ်ရှိ နိုင်ငံတို့အနေဖြင့်မူ ရေကြီး၊ ရေလျှံ၊ မုန်တိုင်းတိုက်၊ တောမီးလောင်၊ မီးတောင်ပေါက်၊ လျှင်လှုပ် တစ်မျိုးမဟုတ် တစ်မျိုး ရင်ဆိုင်ကြုံတွေ့နေရသည်။

၂၀၁၅ ခုနှစ် မတ်လက ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ တတိယအကြိမ် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ကမ္ဘာ့ညီလာခံ ကျင်းပခဲ့ပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် ချမှတ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝကို နားလည်ထားရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးစေရေးအတွက် စီမံခန့်ခွဲမှု ပိုမိုအားကောင်းလာရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးခြင်းတို့ကို မြှင့်တင်ဆောင်ရွက်သွားရန် သတ်မှတ်ထားသည်။

လူသားများ၏ ပြုပြင်ဖန်တီးမှု အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာရာ လူသားများပင် သဘာဝဘေးတို့ကို မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်သည်။ ယခုနောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်များမှာ အကြိမ်အရေအတွက် ပိုများလာသည်။ အဖျက်စွမ်းအားကြီးမားလာသည်။ ထိုသို့အားကောင်းလာမှုကို ကောင်းမွန်ထိရောက်သည့် သဘာဝဘေးစီမံခန့်ခွဲမှုများဖြင့် ဟန့်တားနိုင်မည်ဆိုပါက ပျက်စီးထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့နည်းသက်သာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ် ကြီးကြီးမားမား ထိခိုက်မှုမရှိသော်လည်း ထိခိုက်လာနိုင်မည်ကို ကြိုတင်မြော်တွေး၍ သဘာဝဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားသည်။ ကော်မတီသည် ၂၀၁၆ ခုနှစ် မေလမှ ယနေ့ကာလအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို နှစ်နှစ်နီးပါး တာဝန်ယူဆောင်ရွက်ခဲ့ရာ မတူကွဲပြားမှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရပြီးဖြစ်၍ အဆိုပါ အတွေ့အကြုံများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဗဟိုကော်မတီ၏လမ်းညွှန်မှု၊ ဒေသဆိုင်ရာကော်မတီများ၏ စီမံခန့်ခွဲမှုဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြသည်ကို မြင်တွေ့နေရပါသည်။ မုန်တိုင်းသဘာဝဘေးရှောင်ရှားရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် Cyclone Shelter များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တည်ဆောက်ရန်စီစဉ်နေသည်မှာ အထူးကောင်းမွန်ပါသည်။

၂၀၀၈ နာဂစ်မုန်တိုင်း ဖြစ်ပွားပြီးနောက် ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် Cyclone Shelter များ တည်ဆောက်ပေးခဲ့သည်ကို တွေ့ရသည်။ Cyclone Shelter ဆိုသည်မှာ သဘာဝဘေးကျရောက်လာပါက ဘေးအန္တရာယ်ကင်းစေရန် ခိုနားရှောင်ပုန်းရန်အတွက် ကြိုတင်စီမံဆောင်ရွက်ပေးထားသည့် အဆောက်အအုံဖြစ်၍ သဘာဝဘေးမကျရောက်သေးပါက အဆိုပါအဆောက်အအုံများ ပျက်စီးယိုယွင်းခြင်းမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ကာ အသင့်ပြင်ဆင်ခြင်းဖြစ်သည်ကို သိရှိထားရန်လိုအပ်သည်။

ယခင်ကာလက သဘာဝဘေးကျရောက်ပြီးမှသာ ပြင်ဆင်ဆောင်ရွက်ကြသည့်အနေအထားမှ ယခုအခါ သဘာဝဘေးမကျရောက်မီ ကာလကတည်းက ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူများအတွက် လုံခြုံစိတ်ချရသော အခြေအနေကောင်းများရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ ကာလအလိုက်ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးများကို ကြိုတင်ဖော်ထုတ်ပြီး မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်ရမည့် အစီအမံနှင့် ပြုမူလုပ်ကိုင်ဆောင်ရွက်တတ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။






## ကချင်ပြည်နယ်အတွင်းရှိ ဆင်းရဲနွမ်းပါး တောင်သူများအတွက် မြို့နယ် သုံးမြို့နယ်တွင် လယ်ယာမြေ ဧက ၈၀၀ ဖော်ထုတ်ပေးမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မြို့နယ် သုံးမြို့နယ်တွင် လယ်ယာမြေ ဧကအသစ် ၈၀၀ ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက ပြောကြားသည်။

"ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ၂၀၁၆ ခုနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ လယ်ယာမဲ့ ဒေသခံတောင်သူတွေကို လယ်ယာမြေဧက သစ် ၂၁၀၀ ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်၊ အလားတူ တောင်သူတွေ လက်ရှိထွန်ယက်လုပ်ကိုင်လျက်ရှိတဲ့ လယ်ယာမြေတွေကို အဆင့်မြင့်လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးခြင်းကို ဖားကန့်မြို့နယ်နဲ့ မိုးမောက်မြို့နယ်များမှာ ဧက ၂၀၀ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ပူတာအိုမြို့နယ်မှာ ဧက ၂၀၀၊ တနိုင်းမြို့နယ်နဲ့ ရှင်ဘွေယန်မြို့နယ်များမှာ ဧက ၃၀၀ စီနဲ့ စုစုပေါင်း ဧက ၈၀၀ ကို လယ်ယာမြေအသစ်ဖော်ထုတ်ရေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ၊ အဲဒီလို လယ်ယာမြေအသစ်ဖော်ထုတ်ရေးအတွက် ထွန်စက်ကြီး အစီး ၄၀၊ ဝန်ထမ်းအင်အား ၅၀ က ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပါ၊ ဦးစားပေး(၁)အနေနဲ့ လယ်ယာမြေမဲ့တောင်သူများ၊ ဦးစားပေး(၂)အနေနဲ့ အိမ်ထောင်စုလူဦးရေများပြီး လယ်ယာမြေနည်းပါးသူ အိမ်ထောင်စုများ၊ ဦးစားပေး(၃)အဖြစ် ကျန်တဲ့ အိမ်ထောင်စု များကို ပြည်နယ်အစိုးရရဲ့လမ်းညွှန်မှုနဲ့အညီ ခွဲဝေပေးသွားမှာပါ" ဟု ကချင်ပြည်နယ် စက်မှုလယ်ယာ ဦးစီးမှူး ဦးမောင်မောင်ဆန်းက ရှင်းလင်းပြောကြားသည်။

အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ဟိုပင်မြို့နယ်၊ ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်များတွင် ဧက ၃၀၀ ကို သမားရိုးကျ လယ်ယာမြေစနစ်မှ စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆင့်မြင့်လယ်ယာမြေများတွင် စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်း၊ ရေသွင်း၊ ရေထုတ်ခြင်းလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## ပေါင်မြို့နယ်တွင် ရေစင်ရေကန်၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာခန်းမ ဖွင့်ပွဲ ကျင်းပ

**ပေါင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ တောင်ကိုးရီးယားသမ္မတနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ဆယ်မာအူးလ်အွန်ဒုန် စီမံကိန်း(ကျေးရွာသစ်လှုပ်ရှားမှု)ကို ပေါင်မြို့နယ် ကဒိုင်ကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျေးရွာခန်းမရှေ့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးထွန်းငွေ၊ ပေါင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်၊ မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်မှူး ဦးကြည်စိုး၊ ဆယ်မာအူးလ်အွန်ဒုန် စီမံကိန်းမှ မခြူးနဒီတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

စီမံကိန်းကို ကဒိုင်ကျေးရွာတွင် အမေရိကန် ဒေါ်လာ နှစ်သောင်းဖြင့် ကူညီထောက်ပံ့ခဲ့ရာ ၂၀၁၄ -၂၀၁၅ ခုနှစ်တွင် စီမံကိန်းရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးဟူသော ကဏ္ဍကြီးသုံးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ အစည်းအဝေးခန်းမကို အလျား ၄၅ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၃ ပေ၊ ကျေးရွာစာကြည့်တိုက်ကို အလျား ၁၅ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၂ ပေ၊ ရေစင်ရေကန်ကို အလျား ၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၁၂ ပေဖြင့် ဆောက်လုပ်ခဲ့ပြီး စက်ရေတွင်းတူးဖော်ပေးခြင်း၊ လမ်း ထပ်ပိုးကျောက်မှုန့်ခင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၃၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အထက(၁)လသာ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် (၂၅)ကြိမ်မြောက်(ငွေရတု)အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၂၅**

အထက(၁)လသာမှ ကျောင်းသားဟောင်းများနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် လေးထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများ၊ ကျောင်းသားများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်လှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းပညာရေးညွှန်ကြားရေးမှူးရုံး(စီမံ၊ ဘဏ္ဍာ) ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းထံသို့ လေးထပ်ကျောင်းဆောင်သစ်ကြီးကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စစ်ပြီးခေတ်ကျောင်းသားဟောင်းများအဖွဲ့မှ ကာတွန်းဦးစိန်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ(စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏(၂၅)ကြိမ်မြောက်(ငွေရတု) အာစရိယပူဇော်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လသာမြို့နယ်ရှိ အဆိုပါကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဆရာကြီး ဆရာမကြီး ၆၅ ဦး တက်ရောက်ကန်တော့ခံကြကာ အဆိုပါကျောင်းတွင် အလယ်တန်းမှ အထက်တန်းအထိ ပညာသင်ကြားခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျောင်းသားဟောင်းများတက်ရောက်ကြပြီး ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများအား လက်အုပ်ချီမိုး၍ ထုံးတမ်းစဉ်လာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအေးသိန်းက ဩဝါဒစကား ချီးမြှင့်ပြောကြားသည်။

ဆက်လက်၍ ဂါရဝပြုကန်တော့လက်ဆောင်ပစ္စည်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ကျောင်းသားဟောင်းများက ဆရာကြီး ဆရာမကြီးများထံ ရိုသေစွာ ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ချင်းပြည်နယ်ထွက် ဝဉများကို တွေ့ရစဉ်။**

**○ ချင်းပြည်နယ်မှ**

မန္တလေးမြို့၊ မူဆယ်မြို့တို့သို့ တင်ပို့ရောင်းချကြသည့်အပြင် အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့မှ ဝယ်လက်များရှိသော ဝဉအခြောက်မှုန့်ကို မင်းတပ်မြို့နယ်အတွင်း ကျေးရွာများမှ ကုန်ကြမ်းဝယ်ယူ၍ အမှုန့်ပြုလုပ်တင်ပို့ကြောင်း၊ ဝဉစိုက်ပျိုးထုတ်လုပ်သည့် ချင်းတောင်သူတစ်ဦးလျှင် စိုက်ပျိုးမြေဧကပေါ်မူတည်၍ ဝဉတစ်ကြိမ်တူးလျှင် ငွေကျပ်သိန်း ၈၀ မှ သိန်း ၂၀၀ အထိရရှိကြကြောင်း သိရသည်။

"သတ်မှတ်အရွယ်အစားရောက်ရှိတဲ့ ဝဉတစ်လုံးဟာ အမြင့် ခြောက်လက်မကနေ ရှစ်လက်မ၊ အချင်း ၁၀ လက်မလောက်၊ လုံးပတ် နှစ်ပေခွဲကနေ သုံးပေအထိ ရှိကြပါတယ်၊ အပေါ်ယံအခွံရောင်ကတော့ မြေကြီးရောင်နဲ့ နီနက်ရောင်ရှိကြပြီး အလေးချိန် တစ်ပိဿာကျော် နှစ်ပိဿာလောက်ရှိပါတယ်၊ ဝဉပင်က မြေပွကို ကြိုက်ပါတယ်၊ တောင်စောင်းမြေတွေက ဆင်ခြေလျှောဆိုတော့ ဖိအားနည်းပါတယ်၊ အပင်ကို သုံးပေတန်းခြား၊ နှစ်ပေတန်းခြားစိုက်ရင် တစ်ဧကေ အပင် ၅၀၀၀ ကျော်ဝင်ပါတယ်၊ လက်ရှိဝဉအစို ကာလပေါက်ဈေး တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ဝန်းကျင်ဈေးရှိပါတယ်"ဟု မင်းတပ်မြို့နယ် ပန်းအော့ကျေးရွာမှ ဝဉစိုက်တောင်သူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်ထွက် ဝဉများကို ယခင်က သဘာဝတောတောင်များအတွင်းမှ လိုက်လံရှာဖွေတူးဖော်ကြရပြီး ယခုအခါ တောတွင်းမှမျိုးပွား၍ ကိုယ်ပိုင်စိုက်ပျိုးခြင်းများဖြင့် စနစ်တကျစိုက်ပျိုးလျက်ရှိကြရာ ပြည်ပဝယ်လက်များ ရောက်လာသကဲ့သို့ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများကလည်း ဝဉစိုက်ပျိုးရေး ရက်တိုသင်တန်းများ ပို့ချလျက်ရှိကြောင်း၊ ချင်းပြည်နယ်မှ ကုန်ကြမ်းအဖြစ် ဝယ်ယူသည့် ဝဉများကို စားသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းအတွက် သာမက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင် စက်မှုကုန်ကြမ်းပစ္စည်းအဖြစ် အထူးလိုအပ်လျက်ရှိသောကြောင့် ဝဉကို ယခုနှစ်မှစ၍ ဂျပန်နိုင်ငံက ဝယ်ယူတော့မည်ဖြစ်သဖြင့် ယခုအခါ ချင်းပြည်နယ်တွင် ဝဉကို ယခင်နှစ်များကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနေကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၇၈) အတွင်း မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားသည့် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆင်ထိန်းသိမ်းရေးစခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူများ အမှတ်တရ သစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် ဝန်ဆောင်မှုပေးရန် ဆောင်ရွက်နေမှုများ၊ အများပြည်သူများ ဆင်စခန်းအတွင်း အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ဆင်များအား အစာကျွေးခြင်းနှင့် ဆင်စီးခြင်းများ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် စခန်းတာဝန်ရှိသူများက ငလိုက်ဆင်စခန်းအသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ဧရိယာ ၅၅၃ ဧကအတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူများ လာရောက်လည်ပတ်အပန်းဖြေသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်ရေးကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ ရာသီအလိုက် ဆင်စီးဝန်ဆောင်မှုပေးမည့် အချိန်ကာလကို ကြိုတင်သတ်မှတ် ကြေညာထားရန် လိုအပ်ကြောင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုအတွက် လိုအပ်သော ဝန်ထမ်းများ ဖြည့်တင်းထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသစ်ထပ်မံတိုးချဲ့မည့် ဆင်စခန်းဧရိယာအတွင်းရှိ သက်ကြီးကျွန်းစိုက်ခင်းများအတွင်း ခရီးရှည်ဆင်စီးဝန်ဆောင်မှုပေးရန် ရွေးချယ်ထားသည့် နေရာကိုလည်းကောင်း၊ သဘာဝတောများမှ ဆင်ဖြင့် သစ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်အား သရုပ်ပြသမည့် နေရာကိုလည်းကောင်း၊ ခရီးရှည်ဆင်စီးခြင်း ဝန်ဆောင်မှုပေးမည့် လမ်းကြောင်းအတွင်းရှိ သက်ကြီးအပူပိုင်း ထင်းရှူးစိုက်ခင်းနှင့် ပိတောက်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စွမ်းအင်ချွေတာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်း(၂၃)ရပ် တရုတ်နှင့်ဂျပန် သဘောတူညီ

**တိုကျို ဒီဇင်ဘာ ၂၅**

တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ စွမ်းအင်ချွေတာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ဖိုရမ်ဆွေးနွေးပွဲကို ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည့်စီမံကိန်း (၂၃)ရပ်အတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဂျပန်နိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနနှင့် ဂျပန်-တရုတ်စီးပွားရေးအသင်းတို့က ပူးတွဲကမကထပြုကျင်းပသော ဖိုရမ် ဆွေးနွေးပွဲသို့ အစိုးရတာဝန်ရှိသူများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ၊ နှစ်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် တက္ကသိုလ်ပညာရှင်များ အပါအဝင် လူပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း စွမ်းအင်ချွေတာရေး၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတရှိစေမည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့နှင့် ပတ်သက်၍ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီ၏ (၁၉) ကြိမ်မြောက် အမျိုးသား ကွန်ဂရက်အစည်းအဝေးတွင် ဂေဟစနစ် ထိန်းသိမ်းရေးနှင့် ပတ်သက်၍လည်း မူဝါဒများရေးဆွဲချမှတ်ခဲ့ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယအကြီးအကဲ ကျန်ယောင်းက ဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားသည်။

**ဆင်ဟွာ**




## မီးလောင်ကျွမ်းခဲ့သော လန်ဒန်တိရစ္ဆာန်ဥယျာဉ် ပြန်လည်ဖွင့်လှစ်

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ မီးလောင်မှုကြောင့် တိရစ္ဆာန်များသေဆုံးမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပွားခဲ့ပြီးနောက် ဒီဇင်ဘာ ၂၅ ရက်တွင် တိရစ္ဆာန်ဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မီးလောင်မှုကြောင့် "မီရာ" အမည်ရှိ ကိုးနှစ်အရွယ် ပုရွက်စား အာဖရိကန့်တိုက်သတ္တဝါတစ်ကောင် သေဆုံးခဲ့ရပြီး တောင်အာဖရိကမြွေပါ လေးကောင်မှာလည်း ပျောက်ဆုံးနေကာ သေဆုံးသွားပြီဟု ယူဆရကြောင်း တိရစ္ဆာန်ဥယျာဉ်က အတည်ပြုပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ကော်ဖီဆိုင်တစ်ဆိုင် အပါအဝင် ယင်းနှင့် နီးကပ်စွာတည်ရှိသည့် တိရစ္ဆာန်ဥယျာဉ်အစိတ်အပိုင်းတချို့ မီးလောင်ကျွမ်းခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာတွင် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက တိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း တိရစ္ဆာန်ဥယျာဉ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တိရစ္ဆာန်ဥယျာဉ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် ပိတ်ခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်၏ ခရစ္စမတ်ပွဲတော်အတွက် လက်မှတ်ဝယ်ယူထားသည့် မိသားစုများကို လက်မှတ်ငွေများ ပြန်အမ်းပေးခဲ့သည်။

**ဆင်ဟွာ**



# ဖိလစ်ပိုင်၌ အထိနာစေခဲ့သော မုန်တိုင်း ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ဦးတည်

**ဟနွိုင်း ဒီဇင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံတွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများနှင့်အတူ လူပေါင်း ၂၃၀ ခန့်အထိ သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ဦးတည်ချဉ်းကပ်လာခဲ့ရာ နိုင်ငံတောင်ပိုင်းကမ်းခြေတစ်လျှောက် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်သူ လူပေါင်းတစ်သန်းခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ရန် အစိုးရတာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ခရစ်ယာန်ဘာသာဝင်များ အများစု နေထိုင်ရာ ဖိလစ်ပိုင်နိုင်ငံတွင် ခရစ္စမတ်ကာလ မတိုင်မီ တမ်ဘင်းအမည်ရှိ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ဒီဇင်ဘာ ၂၅ ရက် နှောင်းပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာမည်ဟု မျှော်လင့်ရသည်။ မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို အဓိကတွေ့ကြုံနိုင်သောဒေသမှ ပြည်သူဦးရေ ၇၄၀၀၀ တို့ကို ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း ဗီယက်နမ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီက ပြောကြားသည်။

ထိုစဉ်အတွင်းတွင် ဗီယက်နမ်နိုင်ငံအတွင်းရှိ ပြည်နယ် ၁၅ ခုနှင့် မြို့များရှိ ပြည်သူ တစ်သန်းကျော်အား နေရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြသည်။

ရေနံတွင်းတူးစင်များနှင့် ရေယာဉ်များအား အကာအကွယ်များပြုလုပ်ထားရန်နှင့် ငါးဖမ်းမော်တော်ဘုတ် ၆၂၀၀၀ အား ပင်လယ်ပြင်အတွင်းသို့ ထွက်ခွာခြင်းမပြုရန် ဗီယက်နမ်အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။

**ရိုက်တာ**

# ပီရူးနိုင်ငံ၏ အာဏာရှင်ဟောင်း ဖူဂျီမိုရိအား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပြု

**လီမာ ဒီဇင်ဘာ ၂၅**

ပီရူးသမ္မတ ပီဒရိုပါဘလို ကူဇင်စကီးသည် ယင်းနိုင်ငံ၏ အာဏာရှင်ဟောင်း အယ်လ်ဘာတိုဖူဂျီမိုရိအား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတို့ဖြင့် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ကျခံနေရသူ ဖူဂျီမိုရိအား ကျခံရမည့်ထောင်ဒဏ်သက်တမ်းမပြည့်မီ ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖူဂျီမိုရိအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် သမ္မတ၏ဆုံးဖြတ်ချက်ကို မကျေနပ်သူများက မြို့တော်လီမာရှိ မြို့လယ်တစ်နေရာတွင် ကန့်ကွက်ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့က ဆန့်ကျင်ဆန္ဒပြသူလူအများအပြားကို မျက်ရည်ယိုဗုံးသုံး၍ လူစုခွဲခဲ့ရသည်။ ဖူဂျီမိုရိ၏ ၁၉၉၀-၂၀၀၀ ပြည့်နှစ် လက်ယာယိမ်းအစိုးရအဖွဲ့ အုပ်ချုပ်စဉ်ကာလအတွင်း လက်ဝဲသူပုန် ပုန်ကန်ထကြွမှုနှိမ်နင်းရေးလှုပ်ရှားမှု အစီအစဉ်အရ သေဆုံးခဲ့ကြရသူများ၏ ရုပ်ပုံများကို ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

သမ္မတ ကူဇင်စကီး၏ ဝန်ကြီးအဖွဲ့မှ ဝန်ကြီးနှစ်ဦးထက်မနည်း ရာထူးမှနုတ်ထွက်ရန် ကမ်းလှမ်းခဲ့ကြကြောင်း၊ အစောဆုံးယခုရက်သတ္တပတ်အတွင်းမှာပင် ဝန်ကြီးအဖွဲ့ နေရာအပြောင်းအလဲများကို သမ္မတကပြုလုပ်ဖွယ်ရှိကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

သမ္မတကူဇင်စကီးနှင့် ပါလီမန်ရှိ ဖူဂျီမိုရိအား ထောက်ခံသူများအကြား ညှိနှိုင်းရရှိသော အလွတ်သဘောနိုင်ငံရေး သဘောတူညီချက်တစ်ရပ်အရ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ဖူဂျီမိုရိ၏ အတိုက်အခံများက ရှုတ်ချပြောဆိုကြသည်။

အသက်(၇၉)နှစ်ရှိ သမ္မတ ကူဇင်စကီးသည် ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး သမ္မတရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးခဲ့စဉ်က ဖူဂျီမိုရိအား လွတ်ငြိမ်းချမ်းသာခွင့်မပြုပါဟု သန္နိဋ္ဌာန် ပြုပြောဆိုခဲ့သူဖြစ်သည်။

ဖူဂျီမိုရိသည် ကုသ၍ပျောက်ကင်းနိုင်ခြင်းမရှိသော ရောဂါဘယကို တိုး၍ ခံစားလာနေရသူဖြစ်သဖြင့် ကျန်းမာရေးရှုထောင့်အရ ၎င်းကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မိမိဆုံးဖြတ်ရခြင်းဖြစ်ကြောင်း သမ္မတရုံးက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ရိုက်တာ**




## ကဘူးမြို့လယ်၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်၊ ရှစ်ဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြို့လယ်တွင် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သားငါးဦးအပါအဝင် ရှစ်ဦးသေဆုံးပြီး လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့်ဆက်နွှယ်မှုရှိသည့် ဟာစ်ကွက်စ်အဖွဲ့က ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒီဇင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးဖောက်ခွဲသူသည် အသေခံဗုံးဖောက်ခွဲသည့် ဝတ်စုံကိုဝတ်ဆင်ပြီး လူအုပ်စုအတွင်း ဝင်ရောက်ကာ ဖောက်ခွဲခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဂျပ်ဒန်းနစ်က ဒေသတွင်း တိုလိုရုပ်မြင်သံကြားသတင်းဌာနသို့ ပြောကြားသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်-ကျိုက်လတ်- ဖျာပုံလမ်း (မအူပင်-ကျိုက်လတ်အပိုင်း)တွင် ဒေသ၌ရှိသော မြေကို ထုံး(Lime)ဖြင့် ပြုပြင်ကာ အရည်အသွေးမီရန်အတွက် Lime Stabilization နည်းစနစ်ဖြင့် လမ်းသားတည်ဆောက်သည့် နည်းပညာကိုအသုံးပြု၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အဆိုပါလမ်းပေါ်တွင် ရွှေတောင်ကုမ္ပဏီက ဆောင်ရွက်နေသော ဥယျာဉ်ချောင်းတံတား တံတားရက်မများ ကြိုတင်သွန်းလောင်းထားရှိမှု၊ တံတားရက်မ တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်-ကျိုက်လတ် လမ်းအပိုင်းတွင် အောက်ခံလမ်းသားအမာခံရရှိပြီးသည့် အပိုင်းတွင် ကတ္တရာကွန်ကရစ်(AC)ခင်းနေမှု အခြေအနေ၊ တစ်လမ်းမောင်း ဘေလီတံတားနေရာတွင် နှစ်လမ်းမောင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း(ကျိုက်လတ်-ဖျာပုံအပိုင်း)တွင် ခေတ်မီစက်ယန္တရားကြီးများကို အသုံးပြုပြီး Lime Stabilization နည်းစနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံ-ဘိုကလေးလမ်း မိုင်တိုင်(၁၆/၇)နှင့် (၁၇/၁) ကြားတွင် ကွန်ကရစ်ခင်းနေမှု အခြေအနေ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၆) ဘိုကလေး-စက်ဆန်း- ထော်ပိုင်-အမာလမ်း အခြေအနေ၊ သကံချောင်းတံတားပေါ်တွင် သံပေါင်တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါလမ်းပေါ်၌ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁၅)က တည်ဆောက်နေသော စက်ဆန်းတံတား တည်ဆောက်နေမှုအခြေအနေ၊ လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံကဒွန်း-ဝါးခယ်မ-မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်နေသော စော်ကဲတံတား တည်ဆောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဘိုကလေး တံတားရိပ်သာ ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူးက မြောင်းမြကြိုးတံတားဟောင်းနှင့်ကပ်လျက် မြောင်းမြ တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံ-ဘိုကလေးလမ်း၊ လှိုင်သာယာ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကင်းထောက်လူငယ် မောင်မယ်များ "လုပ်ငန်းတစ်ရပ် ငွေကျပ်တစ်ထောင် သီတင်းပတ်" လှုပ်ရှားမှုများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ညှိနှိုင်းပြီး ကင်းထောက်လူငယ် မောင်မယ်များအနေဖြင့် မိမိတို့အဖွဲ့အစည်း၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့၏ ကိုယ်ပိုင်လုပ်အားဖြင့် ငွေရှာဖွေသည့် အလေ့အကျင့်ကောင်းတစ်ခုအဖြစ် ယခင်နှစ်ပေါင်းများစွာက "လုပ်ငန်းတစ်ရပ် ငွေတစ်ကျပ် သီတင်းပတ်" ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အစဉ်အလာကို ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ကင်းထောက်လူငယ် မောင်မယ်များအနေဖြင့် "လုပ်ငန်းတစ်ရပ် ငွေကျပ်တစ်ထောင် သီတင်းပတ်" လှုပ်ရှားမှု ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းအစီအစဉ်အရ ကင်းထောက်လူငယ် မောင်မယ်များသည် မိဘပြည်သူများထံ အိမ်အရောက် သွားရောက်ပြီး အလုပ်ပေးအိမ်ရှင်များကို တွေ့ဆုံကာ မိမိတို့ကိုယ်ပိုင်လုပ်အားဖြင့် ဆောင်ရွက်ကြမည့် ကင်းထောက်လူငယ်များ ဖြစ်ပါကြောင်း၊ ကင်းထောက်ရန်ပုံငွေအတွက် အလုပ်ရှာထွက်လာခြင်းဖြစ်ကြောင်း၊ ရောက်ရှိနေသော အိမ်တွင် သန့်ရှင်းရေးမှအစ အလုပ်များရှိပါက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုအတွက် အလုပ်တစ်ခုလျှင် ငွေကျပ်တစ်ထောင် ချီးမြှင့်နိုင်ရေး ဖြစ်ကြောင်း၊ ရန်ပုံငွေရှာရန် လာရောက်သည့် ကင်းထောက်လူငယ်များကို အလုပ်ပေးအိမ်ရှင်များက ကင်းထောက်များကို ငွေရှာသည်ဟု သဘောမထားဘဲ ကင်းထောက်ကတိသစ္စာပါ အများသူတစ်ပါးကို အမြဲတမ်း ကူညီပါမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ကို သဘောပေါက်ကာ ကင်းထောက်လူငယ်များအား ငွေပေးသည်ဟု သဘောမထားဘဲ ကင်းထောက်လုပ်ငန်းနှင့် အများအကျိုးပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထုက ပါဝင်လုပ်ဆောင်သည့်သဘော ခံယူထားစေလိုကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်က နှိုးဆော်မေတ္တာ ရပ်ခံထားသည်။

ယင်း "လုပ်ငန်းတစ်ရပ် ငွေကျပ်တစ်ထောင် သီတင်းပတ်"မှ ရရှိသော ငွေများကို ကျောင်းကင်းစိတ် အသုံးပြုရန် ၅၀ ရာခိုင်နှုန်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသများအတွက် ၂၀ ရာခိုင်နှုန်း၊ ကင်းထောက် အဖွဲ့ချုပ်ရန်ပုံငွေအတွက် ၂၀ ရာခိုင်နှုန်း၊ ကျောင်းအတွက် ၁၀ ရာခိုင်နှုန်း အသုံးပြုရန် လျာထားသည်။

ကင်းထောက်ရန်ပုံငွေ ရှာဖွေခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ကျောင်းပိတ်ရက် ကာလများ အတွင်း ကင်းထောက်ဖွဲ့စည်းပြီးသော အခြေခံပညာ ကျောင်းအသီးသီးမှ ကင်းထောက် ကျောင်းသားကျောင်းသူများ လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အခြေခံပညာဦးစီးဌာနတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ထို့ကော်ကိုးနှင့် မဲလ ဒေသများတွင် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံရေးနှင့် ဝင်ငွေရ သီးနှံ တိုးချဲ့စိုက်ပျိုးရေး ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်

**မြဝတီ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ်အတွင်း ဒေသခံအဖွဲ့အစည်းများ၏ နယ်မြေဒေသများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေးစနစ် ဖော်ဆောင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန်နှင့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဌာနချုပ်ရှိရာ ထို့ကော်ကိုး၊ နော်တယာဒေသ၊ မဲလဒေသများသို့ သွားရောက်ကွင်းဆင်း၍ စိုက်ပျိုးရေးကဏ္ဍတိုးမြှင့်ရေးအတွက် တွေ့ဆုံဆွေးနွေး ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ထို့ကော်ကိုးဒေသ၌ (KNU/ KNLA-PC)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အဆိုပါဒေသတွင် ဥယျာဉ်ခြံသီးနှံ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)များ စိုက်ပျိုး၍ ဒေသခံမိသားစုများ ဝင်ငွေရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ သင်ကြားပေးရေးတို့ကို ဆွေးနွေးကြပြီး စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်သော ရိတ်သိမ်းချိန်လွန်နည်းပညာပေးသင်တန်း၊ ကော်ဖီသင်တန်း တက်ရောက်ရန်နှင့် ဌာနပိုင် ဥယျာဉ်ခြံများ လေ့လာရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ထို့ကော်ကိုးဒေသနှင့် နော်တယာဒေသအတွင်း ရေအရင်းအမြစ်ရရှိနိုင်သည့် နေရာများအား ရှာဖွေစစ်ဆေးခြင်း၊ ဥယျာဉ်ခြံ၊ ပျိုးဥယျာဉ်တည်ဆောက်မည့် နေရာများ ရွေးချယ်ခြင်း၊ မြေမျက်နှာသွင်ပြင်အရ စိုက်ပျိုးမည့်သီးနှံပင်များ သတ်မှတ်ရေးတို့ကို ကွင်းဆင်းကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ထိုင်း-မြန်မာနယ်စပ် မဲလဒေသသို့ ရောက်ရှိပြီး KNU/KNLA PC မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ယင်းဒေသ၌ ပြောင်းခြွေလှေ့ရာ၌ လိုအပ်နေသော ပြောင်းခြွေလှေ့စက်များကို ကူညီပံ့ပိုးပေးရန်နှင့် ရေရှည်ဝင်ငွေရရှိသော သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး လယ်ယာစီးပွား သတင်းဂျာနယ်များ၊ နည်းပညာပေးစာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက စမ်းသပ်စိုက်ပျိုးထားသော ကော်ဖီပင်များ၊ တောင်ယာနှမ်းစိုက်ခင်းများနှင့် ဒေသတွင်း စိုက်ပျိုးသီးနှံများအပေါ် ဈေးကွက်တွက်ခြေကိုက်ပြီး ဝင်ငွေရလွယ်သော သီးနှံများ စိုက်ပျိုးနိုင်ရန် မြေပြင် ကွင်းဆင်းကြည့်ရှုကြသည်။

မဲလ၊ ထို့ကော်ကိုးဒေသများသည် ယခုအခါ ငြိမ်းချမ်းတည်ငြိမ်လာသဖြင့် ဒေသတွင်း ပြန်လည်အခြေချနေထိုင်ရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး အခြေခံလိုအပ်ချက်များကို ပြည်နယ် အစိုးရ၏ လမ်းညွှန်မှုများနှင့်အညီ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# အမျိုးသားလွတ်မြောက်ရေး မီးရှူးတန်ဆောင်

■ မောင်မောင်ကျော်

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် နိုင်ငံအတွင်း ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်ဆိုသကဲ့သို့ ဆယ်နှစ်ခန့်ကြာအောင် ဝရုန်းသုန်းကားနှင့် စခန်းသွားခဲ့ရသည်။ မြန်မာနိုင်ငံ အောက်ပိုင်းကို သိမ်းပိုက်၊ မြန်မာနိုင်ငံတစ်ဝက် သိမ်းပိုက်စဉ် ကာလများကလည်း လေ့ခွက်ချည်းကျန် အလံမလှဲ အပြင်းအထန် ခုခံတွန်းလှန်ကြသည့် မြန်မာဘုရင်တပ်များနှင့် မျိုးချစ်သူရဲကောင်းများ၏ လက်စွမ်းများကို မရှုမလှခံစားကြရသည်။ မြန်မာမျိုးချစ်သူရဲကောင်းတို့ များစွာ သေကျေခဲ့ရသလို နယ်ချဲ့အင်္ဂလိပ်စစ်တပ်မှ တပ်သား၊ ဗိုလ်ချေ၊ တပ်မှူးကြီးများအထိ အမြောက်အမြား သေဆုံးခဲ့ကြသည်။

သူတစ်ပါးအား အနိုင်ကျင့်ဗိုလ်ကျသော အလုပ်မှာ ကာယကံရှင်အဖို့ အတော်ဟန်သော အလုပ်ဟု ထင်ပေလိမ့်မည်။ သို့သော် တစ်ဖက်လူတွင် ခွန်အားရှိသလောက်၊ ရဲစွမ်းသတ္တိရှိသလောက် အထိနာတတ်သည်ကို ဗိုလ်ကျသူတို့သာ သိပေလိမ့်မည်။ နယ်ချဲ့အလုပ်လုပ်ရသည်မှာ အမုန်းခံရုံသက်သက်သာ မဟုတ်၊ လောဘဇောတိုက်၍ သူ့နိုင်ငံကိုယူ၊ သူ့ရတနာကိုနှိုက်၍ ချမ်းသာအပြည့်တော့ မဟုတ်၊ အမြတ်နှင့်အရှုံး၊ စည်းစိမ်နှင့် ဆင်းရဲဒုက္ခ ပြွမ်းတီးနေသော အလုပ်ဖြစ်သည်။

မြန်မာပြည်နယ်ချဲ့လက်အောက် ကျရောက်စက ကိုယ့်နိုင်ငံ ပြန်လည်လွတ်မြောက်ရေး အတွက် ကျွန်ဖြစ်မခံ သွေးရဲရဲ သွေးဆူဆဲမို့ ဒူးမထောက်လက်မမြှောက် တွန်းလှန်ခဲ့ကြသည်။ ဆယ်နှစ်ခန့်ကြာသောအခါ အားမတန်၍ မာန်လျှော့လာကြသည်။ သို့သော် ကျွန်အဖြစ်နှစ်များစွာခံ၍ မြန်မာ့အားကို ပွားရဦးမည်။ တိုင်းရင်းသားတို့ စည်းလုံးကြရဦးမည်။ တိုက်ပွဲအလီလီ နွှဲကြရဦးမည်။ အကြိမ်ကြိမ် မီးဖုတ်၍ ထုရိုက်ထားသော သံမဏိဓားကဲ့သို့ အမျိုးသားစိတ်ကို သွေးကြရဦးမည်။

## သူ့ကျွန်ဘဝ

မြန်မာပြည်အုပ်ချုပ်ရေး အတော်အတန်ငြိမ်သက်စပြုသောအခါ မြန်မာ့သဘာဝ သယံဇာတများအား အစွမ်းကုန်ထုတ်ယူနိုင်ရန် အင်္ဂလိပ်တို့က လမ်းဖောက်၊ တံတားဆောက်၊ လယ်ထွင်၊ သစ်ခုတ်၊ သတ္တုတူး အစွမ်းကုန်လုပ်ကြသည်။ မြန်မာများ အလုပ်နှင့် အကိုင်နှင့် ဝင်ငွေနှင့် ရာထူးရာခံလေးများ ရလာသောအခါ အနေအစားချောင်သလို ထင်လာသည်။ အမျိုးသားရေးကို မေ့လာကြသည်။ အမှန်တကယ်တွင် အဆီအနှစ်များကို ခံစားရသည်မဟုတ်၊ အရိုးအရင်းများကိုသာ စားနေရခြင်းဖြစ်သည်။ အလုပ်အကိုင်မှာ မတန်ရေစာ ရသည့် စာရေးစာချီနှင့် အလုပ်သမားဘဝသာ များသည်။

## လူငယ်များနိုးကြား

ကိုလိုနီခေတ်က ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်စာဖြစ်သည်။ အင်္ဂလိပ်စာတတ်မှ လူရာဝင်သည့်ခေတ်တွင် မြန်မာလူငယ်များ အင်္ဂလိပ်စာနှင့်ခေတ်ပညာကို သင်ယူကြသည်။ အင်္ဂလိပ်စာသင်ယူရင်း မြန်မာလူငယ်များ မျက်စိပွင့်လာကြသည်။ အမြင်ကျယ်လာကြသည်။ စိတ်ကူးကြွယ်လာကြသည်။ နိုင်ငံရေးအသိ ရှိလာကြသည်။ အင်္ဂလိပ်စာပေကို ဖတ်ရှုရင်း ကိုယ့်တိုင်းပြည်အရေးအတွက် မျှော်လင့်ချက် လင်းလက်လာသည်။ မျိုးချစ်စိတ်သွေးအေးလာပြီးနောက် အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာခြင်းသည် ပညာကြောင့်ဟု ဆိုနိုင်သည်။

## လူငယ်များအသင်းဖွဲ့

ဘာသာရေး၊ သာသနာရေးသည် အမျိုးသားရေးစိတ်ဓာတ်ကို တစ်နည်းတစ်ဖုံ သွယ်ဝိုက်၍ နှိုးဆော်ပေးနိုင်သည်။ သာမန်အားဖြင့်ကြည့်လျှင် ဘာသာရေးသည် ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး သည်းခံခြင်းတရားနှင့်အညီ ကျင့်သုံးရသည်ဖြစ်၍ ခက်ထန်သော မျိုးချစ်စိတ်နှင့် လားလားမှ အံမဝင်ဟု ထင်ကောင်းထင်နိုင်သည်။ သို့ရာတွင် ပင်ကိုအားဖြင့် ဘာသာရေးအခံရှိသော မြန်မာများသည် အားမတန်၍ မာန်လျှော့သောအခါ ဘာသာရေးအရိပ်တွင် ခိုလှုံကြသည်။ ကျောင်းကန်ဘုရားတွင် စုဖွဲ့ကြသည်။ ဘာသာတရားကို အကြောင်းခံရာမှ နိုင်ငံရေးသို့ရောက်သည်။ ပြီးနောက် အမျိုးသားရေးသို့ရောက်သည်။

## အမျိုးသားရေးအစ

မြန်မာနိုင်ငံ သူ့ကျွန်ဘဝသို့ရောက်ပြီး ပထမဆုံးတည်ထောင်သော ဘာသာရေးအသင်းအဖွဲ့မှာ ၁၈၉၇ ခုနှစ်တွင် မန္တလေးမြို့၌ တည်ထောင်ခဲ့သော ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဖြစ်ပြီး ယင်းအသင်းမှ အထက်တန်းကျောင်းတည်ထောင်ကာ အမျိုးသားခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည်။ ပိုမိုကျယ်ပြန့်သောအသင်းမှာ ၁၉၀၆ ခုနှစ်တွင် တည်ထောင်သော ဝိုင်၊ အမ်၊ ဘီ၊ အေ (လူငယ်များ ဗုဒ္ဓကလျာဏယုဝအသင်း) ဖြစ်သည်။ ဦးဘဘေ၊ ဦးမောင်ကြီး၊ ဒေါက်တာဘရင်တို့ကဲ့သို့ ကောလိပ်ကျောင်းသားလူကြီးဘော်ဝင်စလူငယ်များက ခေါင်းဆောင်တည်ထောင်ကြပြီး ကူညီကြသည်။ ကောလိပ်ကျောင်းသားကြီးများသည် စာဖတ်ကြသည်။ စာရေးကြသည်။ ဆွေးနွေးကြသည်။ အချေအတင် ပြောကြသည်။ ငြင်းခုံကြသည်။ အမျိုးသားလွတ်မြောက်ရေးအထိ ခရီးမရောက်သေးချေ။

## အမျိုးသားရေးပေါ်ထွန်း

၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ဝိုင်၊ အမ်၊ ဘီ၊ အေ တည်ထောင်သူ ဦးဘဘေ၊ ဦးလှဘေတို့က "သူရိယ"သတင်းစာကို စတင်





နေရှင်နယ် ပညာရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ အမ်အေ ဦးမောင်ကြီး

ဦးဘဘေ (ဝဲ-ပေါ်ပုံ)



ဦးဘရင် (ဝဲ-ပုံ)

မြန်မာများ အောက်ကျနောက်ကျ ဖြစ်နေခြင်းကို မရှုဆိတ်နိုင်သော မြန်မာလူငယ်တစုသည် ဘာသာရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို အခြေခံ၍ ၁၉၀၆ ခုတွင် ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကို စတင် တည်ထောင် ကြသည်။ ထိုလူငယ် တစုတွင် ဦးဘဘေ၊ ဦးမောင်ကြီး၊ ဦးဘရင်၊ ဦးပု စသည်တို့ ပါဝင်ကြသည်။

ထုတ်ဝေသည်။ သူရိယသတင်းစာသည် အမျိုးသားရေးအတွက် အထူးလိုအပ်နေချိန်တွင် နေတစ်စင်းသဖွယ် ပေါ်ထွန်းလာသည်။ ၁၉၁၅ ခုနှစ်တွင် အထူးအောင်မြင်သော နေ့စဉ်သတင်းစာကြီးတစ်စောင် ဖြစ်လာသည်။ အမျိုးသားရေးအတွက် ပြောင်မြောက်စွာ ရေးသားနိုင်သည်။ နယ်ချဲ့အင်္ဂလိပ်ကို ရုပ်ပြောင်များဖြင့် ထိရောက်စွာ ကလိနိုင်သည်။ ဘုရားပရိဝုဏ်အတွင်း ဖိနပ်စီးခြင်းကို ရုပ်ပြောင်ဖြင့် သရော်ပုံမှာ ပရိသတ်အကြိုက်ထိရောက်ခဲ့သည်။ ဘုရားလည်းဖူးရ၊ စည်းကမ်းလည်း မလွန်ဆန်ရ၊ ဥရောပတိုက်သား ဇနီးမောင်နှံအဆင်ပြေပုံကို ဘုရားလူကြီးများက ဇနီးမောင်နှံ ဖိနပ်စီးလျက် ကုန်းပိုးကြသည့် သရုပ်ဖော်ပုံမှာ ပြောင်မြောက်လှသည်။ ဖိနပ်ပြဿနာမှတစ်ဆင့် အမျိုးသားရေးဆီသို့ ဦးတည်နိုင်ခဲ့သည်။

ဝိုင်၊ အမ်၊ ဘီ၊ အေ လူငယ်များက လူထုအစည်းအဝေးများ ကျင်းပကြသည်။ ရဲရဲတောက်တာဝန်ယူသည်။ လူကြီးသူမများကို ဂါရဝပြုသည်။ မြို့ရေး၊ နိုင်ငံရေးတွင် ပါဝင်ကြသည်။ ပထမကမ္ဘာစစ်ပြီးသောအခါ အင်ပါယာအတွင်း Home Rule ကိုယ်ပိုင်အုပ်ချုပ်ရေး ခြေတစ်လှမ်းတိုးနိုင်ရန် ဖေးမကူညီမည်ဟု စကားဆို၍ မျက်နှာချိုသွေးသည်။ အမျိုးသားရေးစိတ်ဓာတ် နိုးကြားစပြုသည့်

> ဝံသာနုခေတ်တွင် အမျိုးသားစိတ် နိုးကြားလာမှု၊ ညီညွတ်မှု၊ ထို့နောက် ညီညွတ်ရေးပြိုကွဲပြီးနောက် ဂိုဏ်းဂဏဖြစ်လာမှုတို့သည် သင်ခန်းစာယူဖွယ်၊ သံဝေဂ ပွားဖွယ်၊ သတိချပ်ဖွယ်ဖြစ်သည်။ တက္ကသိုလ် ဘွိုင်းကောက် အမျိုးသားရေးလှုပ်ရှားမှု အောင်ပွဲက မြန်မာ့လွတ်လပ်ရေးအတွက် အသက်ဆက်ပေးခဲ့

မြန်မာပြည်အဖို့ ဤစကားမှာ ပျားသကာကဲ့သို့ ထင်နိုင်သည်။ အုပ်ချုပ်ရေးသစ်တွင် မြန်မာပြည် ကျန်ခဲ့မည်ဆိုး၍ ဝိုင်၊ အမ်၊ ဘီ၊ အေနှင့် အခြားအဖွဲ့များ အိန္ဒိယသို့သွားရောက်ပြီး အရေးဆိုသည်။ အရေးဆို၍မရသောအခါ ဝိုင်၊ အမ်၊ ဘီ၊ အေ ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်သို့သွားရောက်၍ အရေးဆိုသည်။ ပြည်သူတို့က သောင်းသောင်းဖြဖြ ပို့ဆောင်ကြသည်။ ဆုမွန်ကောင်းတောင်းကြသည်။ မြန်မာပြည် လွတ်လပ်လိုကြသည်။ ပန်းတိုင်မရောက်သော်လည်း လမ်းစပေါ်သည်။

## အမျိုးသားရေး တပ်လှန့်သံ

၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ ဝိုင်၊ အမ်၊ ဘီ၊ အေ ညီလာခံပြုလုပ်ပြီး ဘာသာသာသနာ၊ ယဉ်ကျေးမှုသာမက အမျိုးသားရေးပါ လုပ်သင့်ပြီဟု ဆုံးဖြတ်ကြပြီး ဂျီ၊ စီ၊ ဘီ၊ အေ ခေါ် မြန်မာအသင်းချုပ်ကြီးကို တည်ထောင်လိုက်သည်။ ဂျီ၊ စီ၊ ဘီ၊ အေ၏ အမျိုးသားရေး တပ်လှန့်သံသည် နိုင်ငံကို လှုပ်ရှားစေသည်။ ပြည်သူတို့ ဝံသာနုအမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာသည်။ ဝံသာနုစကား ခေတ်စားလာသည်။ တွင်တွင်သုံးသည်။ မြို့ကြီးများတွင် ညီလာခံတစ်လှည့်စီကျင်းပရာ ထောက်ခံသူ ပြည်သူတစ်သိန်းကျော်စီမျှ တက်ရောက်ကြသည်။ အမျိုးကိုချစ်လျှင် တိုင်းရင်းဖြစ်ကို ဝတ်ပါ၊ တိုင်းရင်းဖြစ် ဆေးလိပ်ကို သောက်ပါ စသည်ဖြင့် ဝံသာနုခေတ်စားလာသည်။ ဝံသာနု အရှိန်ကောင်းလာချိန်တွင် မြန်မာတို့၏အစဉ်အလာ အကွဲရောဂါ ဝင်လာသည်။ ပုဂ္ဂိုလ်ရေး၊ ငွေရေးကြေးရေး၊ သံသယ၊ ဗိုလ်လု စသည့်ရောဂါများ စွဲကပ်လာသောအခါ အမျိုးသားရေးအင်အား ပြိုကွဲလာသည်။ ရည်မှန်းချက် မျက်ခြည်ပြတ်လာသည်။ အဓိကရန်သူကိုမေ့၍ အချင်းချင်း တိုက်ခိုက်လာကြသည်။

## အမျိုးသားပညာရေးလှုပ်ရှားမှု

ဒုတိယဘုရင်ခံ ကရက်ဒေါက်က မြန်မာအများ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် မလွယ်ကူသော အင်္ဂလန်မှ အောက်စဖို့ဒ်၊ ကင်းဘရစ်တက္ကသိုလ်များကို နမူနာယူ၍ ရန်ကုန်တက္ကသိုလ် တည်ထောင်လိုက်ခြင်းသည် လွတ်လပ်သောနိုင်ငံဖြစ်ပေါ်ရေးအတွက် မျိုးစေ့ဖြစ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ကုန်ပိုင်းတွင် ရန်ကုန်ကောလိပ်စနစ်ကို ကန့်ကွက်သော ဘွိုင်းကောက်သပိတ်က စုပေါင်းအင်အားဖြင့်အရေးဆိုလျှင် အောင်မြင်နိုင်ကြောင်း သာဓကဖြစ်ခဲ့သည်။ တက္ကသိုလ်ဘွိုင်းကောက်သည် အမျိုးသားရေးလှုပ်ရှားမှု အောင်ပွဲဖြစ်ခဲ့သည်။ တက္ကသိုလ်ဘွိုင်းကောက်ဖြစ်ပေါ်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ခဲ့သည်။

ဝံသာနုခေတ်တွင် အမျိုးသားစိတ် နိုးကြားလာမှု၊ ညီညွတ်မှု၊ ထို့နောက် ညီညွတ်ရေးပြိုကွဲပြီးနောက် ဂိုဏ်းဂဏဖြစ်လာမှုတို့သည် သင်ခန်းစာယူဖွယ်၊ သံဝေဂပွားဖွယ်၊ သတိချပ်ဖွယ်ဖြစ်သည်။ တက္ကသိုလ်ဘွိုင်းကောက် အမျိုးသားရေးလှုပ်ရှားမှု အောင်ပွဲက မြန်မာ့လွတ်လပ်ရေးအတွက် အသက်ဆက်ပေးခဲ့၍ တော်ပေသေးသည်။

■■■

# နှစ်ဟောင်းကိုပြန်လည်သုံးသပ်ကြည့်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လတို့ပြောင်းလဲမှုမှသည် မကြာမီ ၂၀၁၇ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်သည်။ တစ်နှစ်ဆိုသောအချိန်ကာလသည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးသွားသည်။ ထိုကုန်ဆုံးမှုနှင့်အတူ ကျွန်ုပ်တို့အားလုံးလက်ခံလိုက်ရသောအချက်သည် အသက်တစ် နှစ်စီကြီးသွားခြင်းပင်ဖြစ်သည်။ လူတစ်ဦးချင်းစီသည် ထိုနှစ်ဟောင်းတွင် အတက်အကျ၊ အလှည့်အပြောင်းများ စွာကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ အောင်မြင်မှုရရှိခဲ့ကြသူများရှိသလို၊ ကျရှုံးမှုကိုရင်ဆိုင်ခဲ့ရသူများလည်းရှိနေကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မိမိတို့ ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် အပင်ကိုသာ ရိတ်သိမ်းခဲ့ကြရသည် မဟုတ်ပါလား။

**အောင်မြင်မှုများ မတူညီနိုင်**

စီးပွားရေးလုပ်ငန်းရှင်သူဌေးတစ်ဦးသည် ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းများတိုးချဲ့ကောင်း တိုးချဲ့နိုင်မည်ဖြစ်သည်။ သို့သော် လက်လုပ်လက်စားအောက်ခြေလူတန်းစားတစ်ဦးသည် စားဝတ်နေရေးအတွက် အကြွေးမတင်အောင် မနည်းရုန်းကန်ခဲ့ရမည်ဖြစ်သည်။ အဆင့်မြင့်အရာထမ်းတစ်ဦးသည်လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ ရရှိသည့်လာဘ်လာဘများကြောင့် အိမ်ခြံမြေ၊ တိုက်တာ၊ ဇိမ်ခံပစ္စည်းများဝယ်ထားကောင်း ဝယ်ထားနိုင်မည်ဖြစ်သည်။ သို့သော် အောက်ခြေဝန်ထမ်းတစ်ဦးသည်မိသားစုအသုံးစရိတ်နှင့်ကလေးများ၏ ကျောင်းစရိတ်ကြောင့် ခေါင်းခဲခဲ့ရမည်ဖြစ်သည်။ စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သူများရှိသလို ကျရှုံးခဲ့သူများလည်း ရှိနေမည်ဖြစ်သည်။

နိုင်ငံခြားကို အဆင့်မြင့်ပညာသွားရောက်သင်ယူနေသူများရှိနေသလို ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ရသူများလည်းရှိနိုင်ပါသည်။ အထူးသဖြင့် သူတို့ချစ်သော မိသားစုများနှင့်လောကလူ့ရွာကို နှုတ်ဆက်ခွဲခွာသူများလည်းရှိနေကြမည်ဖြစ်သည်။

**အောင်မြင်သူလား၊ ကျရှုံးသူလား**

အဆွေစာရှုသူသည် ၂၀၁၇ ခုနှစ်တွင် အောင်မြင်ခဲ့သူလား၊ ကျရှုံးခဲ့သူလား၊ မည်သည့်အရာများကို စွမ်းဆောင်နိုင်ခဲ့ပါသလဲ။ ဘာသာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးမည်သည့်နယ်ပယ်တွင် အောင်မြင်မှု ရရှိခဲ့ပါသလဲ။ အောင်မြင်မှုကိုအဓိပ္ပာယ်ဖွင့်ဆိုရာ၌ ငွေကြေး၊ ရာထူးတို့ဖြင့်တိုင်းတာ၍မရနိုင်ချေ။ အောင်မြင်မှုကို မည်သည့်အရာနှင့်တိုင်းတာမလဲ။ အောင်မြင်မှုကို တိုင်းတာသည့် စံပေတံသည် လူတစ်ဦးချင်းစီ၏ ခံယူချက်အပေါ်မူတည်၍ ကွဲပြားနေမည်ဖြစ်သည်။

သာဓကအနေဖြင့် အမြတ်ကြီးစား စီးပွားရေးလုပ်ငန်းရှင်များနှင့် ရာထူးတိုးမြှင့်ခံရရေးနောက်ကိုသာလိုက်နေသူတို့၏ခံယူချက်နှင့် အများအကျိုးသယ်ပိုးနေသူ၊ ပရဟိတလုပ်ငန်း လုပ်ကိုင်နေသူတို့၏စိတ်ထားတို့သည် တူညီနိုင်မည်မဟုတ်ချေ။ မည်သို့ပင်ဆိုစေကာမူ အများအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှပါဝင်ဆောင်ရွက်နိုင်ခဲ့သူကို အောင်မြင်မှုရရှိသည်ဟု ဆိုချင်ပါသည်။

**ကျန်းမာရေးသည်သာပဓာနကျ**

၂၀၁၇ ခုနှစ်အတွင်း ငွေကြေးနှင့်ရာထူးများမည်မျှပင်တိုးတက်ပိုင်ဆိုင်ခဲ့စေကာမူ ဆေးရုံနှင့်ဆေးခန်းကို အကြိမ်ကြိမ်သွားခဲ့ရသူတစ်ဦးသည် အောင်မြင်မှုအပြည့်အဝရရှိခဲ့သည်ဟုမဆိုနိုင်ချေ။ လူတစ်ဦးသည် ကျန်းမာရေး ဒေါင်ဒေါင်မြည်အောင်ကောင်းမွန်နေမှသာလျှင် ပျော်ရွှင်စိတ်ချမ်းမြေ့မှုရရှိနိုင်ပါသည်။ မိသားစုများနှင့် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်မည်ဖြစ်သည်။ နေ့စဉ်ဘဝကို အဓိပ္ပာယ်ရှိစွာဖြတ်သန်းနိုင်မည်ဖြစ်သည်။တစ်နည်းအားဖြင့် မိမိစိတ်ကူးအိပ်မက်များကိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

> “မကြာမီ ၂၀၁၇ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်သည်။ နှစ်ဟောင်းကုန် ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် လူတစ်ဦးချင်းစီသည် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ . . . တိုင်းပြည်နှင့် လူမျိုးအကျိုးကိုစွမ်းစွမ်းတမံသယ်ပိုးခဲ့သူများရှိသလို လုပ်ပိုင်ခွင့်အာဏာကို တလွဲအသုံးချခဲ့သူများ၊ ပြည်သူ့အခွန်အခကိုလိမ်စားခဲ့သူများ၊ အဂတိလိုက်စားခဲ့သူများလည်းရှိ . . .”

**အများအကျိုးသယ်ပိုးနိုင်မှသာ**

လူတစ်ဦးသည် ၂၀၁၇ ခုနှစ်အတွင်း ဘာသာရေး၊လူမှုရေးနှင့်ပရဟိတလုပ်ငန်းများတွင် အနည်းငယ်မျှပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိလျှင် အောင်မြင်မှုရရှိသူဟု အပြည့်အဝဆိုနိုင်မည်မဟုတ်ချေ။ မိမိအကျိုးအပြင် အများအကျိုးကိုပါ တတ်စွမ်းသရွေ့ ဆောင်ရွက်နိုင်ခဲ့သူများသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

တချို့သောသူများသည် ရာထူးနှင့်ငွေကြေးပစ္စည်းဥစ္စာများ မြောက်မြားစွာ ရရှိပိုင်ဆိုင်ထားကြသော်လည်း ထိုရာထူး၊ ငွေကြေးနှင့်ပိုင်ဆိုင်မှု ပစ္စည်းများအပေါ် လောဘတက်ပြီးသာယာမိန်းမောနေကြသဖြင့် အများအကျိုးကိုသယ်ပိုးဆောင်ရွက်ဖို့ရန် သတိမေ့လျော့နေတတ်ကြသည်။ ထိုသူများသည် လူ့အသိုက်အဝန်းနှင့် အဆက်ပြတ်နေသဖြင့် ကျရှုံးမှုနှင့်ရင်ဆိုင်ရချိန်တွင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်တတ်ကြသည်။ ကျရှုံးမှုဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်းမရှိကြချေ။

**ကိုယ်စီတာဝန်ကျေပွန်သူသာအောင်မြင်မှုရရှိနိုင်**

လူတစ်ဦးချင်းစီသည် မတူညီသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ရပ်တည်နေကြသည်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ အနုပညာရှင်ဟူ၍အမျိုးမျိုးရှိနေကြမည်ဖြစ်သည်။ မည်သို့ပင်အသက်မွေးနေစေကာမူ ၂၀၁၇ ခုနှစ်အတွင်း မိမိတာဝန်ကို မခိုမကပ် ကျေပွန်စွာထမ်းဆောင်ခဲ့သူတစ်ဦးသာလျှင် အောင်မြင်မှုရရှိသူဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ရေသာခိုအချောင်လိုက်သူများ၊ အဂတိလိုက်စားသူများ၊ ပြည်သူများကို အဆိပ်အတောက်များချပြသည့်အနုပညာရှင်များသည် ငွေကြေး၊ ရာထူးမည်မျှပင်တိုးတက်ပိုင်ဆိုင်ခဲ့စေကာမူ စာရိတ္တပိုင်းဆိုင်ရာတွင်အောက်ခြေအထိ ကျရှုံးနေသူများသာဖြစ်သည်။ အဆွေစာရှုသူသည် စာရိတ္တပိုင်းဆိုင်ရာ ကျရှုံးနေသူများထဲတွင်ပါနေမည်မဟုတ်ဟု ရိုးသားခိုင်မာစွာ ယုံကြည်မိပါသည်။

**လူပိုလား**

လူတစ်ဦးသည် နေ့စဉ်စား၊ ဝတ်၊ နေရေးအပြင်လူမှုရေး၊ နိုင်ငံရေးစသည့်နယ်ပယ်ပေါင်းစုံတွင်လည်း ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေပါသည်။ ထိုတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာမူတည်နေပါသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိသားစုနှင့်လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့် လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ အဆွေစာရှုသူသည် နှစ်ဟောင်းကာလတွင် မိသားစုနှင့်လူ့အသိုက်အဝန်းအတွက် တစ်ခုခုဆောင်ရွက်ပေးနိုင်ခဲ့မည်ဟု ရိုးသားစွာယုံကြည်မိပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိမိသားစုအပါအဝင် တိုင်းပြည်နှင့်လူမျိုးအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် လူပိုတစ်ဦးလို ဖြစ်မနေစေရန်အတွက် အတ္တ၊ ပရမ္မတအောင်လည်း ကြိုးပမ်းသွားဖို့လိုပါသည်။ လက်တွေ့ကျကျ ကြိုးပမ်းသွားရန်လိုအပ်ပါသည်။

**အတိုင်းအတာတစ်ခုအထိအကျိုးပြုနိုင်ခဲ့**

စာရေးသူကိုယ်တိုင်လည်း ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်မိပါသည်။မြို့ပြများနှင့်အလှမ်းဝေးသော အညာကျေးလက်တောရွာလေးတွင် မွေးဖွားခဲ့သော်လည်း ငယ်စဉ်အရွယ်ကတည်းက စာအုပ်စာပေကိုချစ်မြတ်နိုးခဲ့သည်။ စာပေကျေးဇူးတရားကြောင့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိပိုင်သတင်းစာများတွင် သုတ၊ ရသအကျိုးပြုဆောင်းပါးများ ဖော်ပြခံရသည့်အတွက်များစွာပီတိဖြစ်ရပါသည်။

အစိုးရယန္တရားများ အပါအဝင်၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ဆောင်မှုများအပေါ် အကြံပြုဆောင်းပါးများရေးသားတင်ပြခွင့်ရရှိခဲ့သည်။ အထူးသဖြင့် နေ့ထူးနေ့မြတ်များဖြစ်သော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အမျိုးသားနေ့တို့အတွက် အထိမ်းအမှတ်ဆောင်းပါးများကိုလည်း ရေးသားတင်ပြခွင့်ရရှိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အကျိုးပြု စာပေများရေးသားခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးကိုအတိုင်း အတာတစ်ခုအထိ အကျိုးပြုနိုင်ခဲ့သဖြင့် ပီတိအကြိမ်ကြိမ် ဖြစ်ရပါသည်။

ထို့ကြောင့် ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသည့် ဦးကျော်သူ၊ ကိုဝေဠုကျော်၊ ဒေါ်သန်းမြင့်အောင်တို့ဆိုလျှင် မည်မျှစိတ်ချမ်းသာလိုက်ကြမည်နည်း။ စာရေးသူ မသိသော အခြားပုဂ္ဂိုလ်များလည်းရှိနေဦးမည်ထင်ပါသည်။

ခြုံ၍တင်ပြရလျှင် မကြာမီ ၂၀၁၇ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်သည်။ နှစ်ဟောင်းကုန်ပြန်လည် သုံးသပ်ကြည့်မည်ဆိုလျှင် လူတစ်ဦးချင်းစီသည်အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးခဲ့သူများရှိသလို လုပ်ပိုင်ခွင့်အာဏာကိုတလွဲအသုံးချခဲ့သူများ၊ ပြည်သူ့အခွန်အခကိုလိမ်စားခဲ့သူများ၊ အဂတိလိုက်စားခဲ့သူများလည်းရှိနေမည်ဖြစ်သည်။ အောက်ခြေသန့်ရှင်းရေးဝန်ထမ်းတစ်ဦးသည်ပင်လျှင် နေ့စဉ်လုပ်ကိုင်ရသည့် သန့်ရှင်းရေးလုပ်ငန်းများကိုမခိုမကပ်လုပ်ကိုင်ခဲ့မည်ဆိုလျှင်တာဝန်ကျေပွန်သည့်ဝန်ထမ်းပင်ဖြစ်သည်။ မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် သစ္စာရှိသူများသည် အောင်မြင်မှုရရှိခဲ့သူများဖြစ်ကြသည်။ အခြေခံအကျဆုံးသည် မိသားစုတာဝန်ကျေပွန်ရန်အထူးလိုအပ်ပါသည်။

အထူးသဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကိုတတ်နိုင်သမျှ သယ်ပိုးခဲ့သူများ၊ ကိုယ်ကျိုးစွန့်ကာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူများသည် နှစ်ဟောင်းတွင်အောင်မြင်မှုများရ ရှိခဲ့ကြမည်ဖြစ်သည်။ အများအကျိုးသယ်ပိုး ဆောင်ရွက် သူများသည်စိတ်ချမ်းမြေ့မှုရရှိမည်မှာ ဧကန်မုချပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားအားလုံးသည် ၂၀၁၇ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့မှုများကို အပြန်ပြန်အလှန်လှန်သုံးသပ်ကာ ၂၀၁၈ ခုနှစ်တွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်သွားနိုင်ကြပါစေ။ ။

## ကော့သောင်းမြို့တွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို စုပေါင်းအမှိုက်ကောက်



**ကော့သောင်း ဒီဇင်ဘာ ၂၅**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို စုပေါင်း အမှိုက်ကောက်ခြင်းအစီအစဉ်တစ်ရပ်အား ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရွှေဟသ်ာရပ်ကွက်ရှိ လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ခြင်းအစီအစဉ်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကော့သောင်းခရိုင်အလုပ်အမှုဆောင်အဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ အမေ့အိမ်ပညာရေးကွန်ရက်မှ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရွှေဟသ်ာရပ်ကွက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်နေပြည်သူများ၊ ပိတောက်ရွှေဝါပရဟိတအဖွဲ့သူအဖွဲ့သားများစုပေါင်း၍ ရပ်ကွက်အတွင်း အမှိုက်ကောက်ကြခြင်းဖြစ်သည်။ **ကျော်စိုး(ကော့သောင်း)**



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဆွေးနွေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။ **၁၁၈**

# ခရစ္စမတ်နေ့ အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်း အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**
နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ခရစ်ယာန်အသင်းတော်များ စုပေါင်းကျင်းပသည့် ခရစ္စမတ်အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် အရှိုချင်းနှစ်ခြင်းအသင်းတော်တို့၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ဓမ္မတေးသီချင်းများ စုပေါင်းသီဆိုခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကျမ်းစာဖတ်ကြားခြင်း၊ သိက္ခာတော်ရဆရာတော်များက ကောင်းချီးမင်္ဂလာ မေတ္တာပို့ဆုတောင်းခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး ခရစ္စမတ်နေ့ အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ **သတင်းစဉ်**



# လောကဝမ်းမြောက်ဘုရားကြွလာ ခရစ္စမတ်ဝတ်ပြုခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်တွင် လောကဝမ်းမြောက်ဘုရားကြွလာ ခရစ္စမတ်ဝတ်ပြုခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ ခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဝတ်ပြုပွဲကို အမှတ်(၃) ရပ်ကွက်ရှိ မင်းရဲကောင်းပုံလမ်းတွင် ကျင်းပခဲ့ကာ ရှေးဦးစွာအဖွင့် ကျမ်းစာဖတ်ကြားပြီး ဓမ္မသီချင်းများ သီဆိုဆုတောင်းခဲ့ကြသည်။ ထို့နောက် ဆရာစောအယ်ဝါးက တရားဒေသနာတော်များ ဝေငှပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝတ်ပြုခြင်းပွဲသို့ တက်ရောက်လာသော ခရစ်ယာန်ဘာသာဝင်များနှင့် ဒေသခံများအား အစားအသောက်များနှင့်ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာဝေးအပြေးပြိုင်ပွဲများနှင့် အခြားသော အားကစားနည်းများကို ကျင်းပကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မြန်မာ-တရုတ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂၅**
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူဘေးပြည်နယ် ခရီးသွားလုပ်ငန်းကော်မတီအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် ဟူဘေးပြည်နယ် ခရီးသွားလုပ်ငန်း ကော်မတီမှ ဒါရိုက်တာ Ms.Yan Puliu ဦးဆောင်သည့် ဟူဘေးခရီးသွားလုပ်ငန်း ကုမ္ပဏီများ ပါဝင်သောအဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ လေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးနှင့် ဟူဘေးပြည်နယ် ခရီးသွားလုပ်ငန်းကော်မတီမှ ဒါရိုက်တာ Ms. Yan Puliu တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏သာယာလှပမှုကို တရုတ်ပြည်နယ်အများစုတွင် သွားရောက်ပြသပြီးဖြစ်သည်။ ယခုအခမ်းအနားတွင် ဟူဘေးပြည်နယ်၏သာယာလှပမှုကို ဗီဒီယိုဖြင့်ပြသရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များက စိတ်ဝင်စားကြသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးကပြောကြားရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ နှစ်စဉ်ရှစ်ရာခိုင်နှုန်းရှိကြောင်း၊ သန်းထောင်ကျော်ရှိသည့်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ လူလတ်တန်းစားဖြစ်ပြီး ငွေကြေးသုံးစွဲနိုင်မှုရှိကြောင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်လာခြင်းကြောင့် ခရီးသွားအပန်းဖြေခြင်းလည်း ပိုမိုမြင့်တက်လာလေ့ရှိကြောင်း၊ တရုတ်ပြည်မကြီး၏ ကုန်းတွင်းပိတ်ဒေသပြည်နယ်အများစုသည် ပင်လယ်ကမ်းခြေဒေသတွင် အပန်းဖြေခရီးသွားလာလေ့ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဟူဘေးပြည်နယ်ရှိ အထူးစိတ်ဝင်စားဖွယ်ကောင်းသည့် ခရီးစဉ်ဒေသများသို့ မြန်မာနိုင်ငံမှပြည်ပခရီးသွားများ သိရှိစေရန်အတွက် လေ့လာရေးခရီးများ စေလွှတ်ရန်ရှိပြီး မြန်မာနိုင်ငံ၏ယဉ်ကျေးမှု၊ သဘာဝရှုခင်း ခရီးစဉ်ဒေသများနှင့် ကမ်းခြေဒေသများကို လည်ပတ်နိုင်ရေးအတွက် လေ့လာရေးခရီးများကို ဖိတ်ကြားမည်ဖြစ်ကြောင်း ပြောကြားသည်။ နှစ်နိုင်ငံအတွင်းခရီးသွားမြှင့်တင်ရေးပွဲများ၊ Road Show များကို မကြာမီကာလအတွင်း အပြန်အလှန်ကျင်းပရန်ရှိပြီး စင်းလုံးငှားလေယာဉ်ခရီးစဉ်များကိုလည်း စီစဉ်သွားရန်ရှိသည်။ E Visa သာမက ဆိုက်ရောက်ဗီဇာရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူရ**

ရွှေဖုံးမှ

သော့ချိတ်များနှင့် စားစရာများကို စတုဒိသာဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။

"ဒီနေ့ မိသားစုနဲ့အတူ လျှောက်သွားတယ်၊ စတိတ်ရှိုးတွေ လိုက်ကြည့်တယ်၊ ဈေးဝယ်စင်တာတွေ သွားတယ်၊ ဘယ်နေရာကြည့်ကြည့် တခြားမိသားစုတွေလည်း ညီမတို့လိုပဲ သွားနေကြတာ တွေ့ရတယ်၊ မီးရောင်စုံတွေနဲ့ ဓာတ်ပုံရိုက်ရတာ၊ အတူမုန့်စားကြတာ ဘာပဲပြောပြော ခရစ္စမတ်အရသာကို ခံစားမိစေတာပဲ၊ ပျော်ဖို့ကောင်းတယ်" ဟု သဃ်န်းကျွန်းမြို့နယ်နေ မမေသော်က ပြောသည်။

ဒီဇင်ဘာ ၂၅ ရက်သည် ခရစ်ယာန်ဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်။ ထို့နေ့တွင် လူသားအားလုံးကို အပြစ်အပေါင်းမှ ကယ်ချွတ်ရန် မွေးဖွားလာခဲ့သည့် သခင်ယေရှု၏ မွေးနေ့ပွဲတော်ကို ကျင်းပခြင်း ဖြစ်သည်။ မွေးနေ့ပွဲမှသည် လူသားအားလုံးငြိမ်သက်အေးချမ်းခြင်းနှင့်အတူ ချစ်ခြင်းမေတ္တာကို ရရှိစေရန်အလို့ငှာ ခရစ်ယာန်ဘာသာဝင်များသည် ယခုကဲ့သို့ နှစ်စဉ်မပျက် ခရစ္စမတ်ပွဲတော်ကို အမြတ်တနိုးတန်ဖိုးထား ကျင်းပကြခြင်း ဖြစ်သည်။ **သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-အေးမင်းသူ**



ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့) ညပိုင်းတွင် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီဘုရားကျောင်း၌ လူအများစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ကလေးစာဖတ်ဝိုင်း ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အမှတ်(၆)ရပ်ကွက်ရှိ ကလေးများအတွက် စာဖတ်စေခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ပန်းချီဆွဲခြင်းတို့ကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ Community Centre ခန်းမနှင့် ကလေးစာဖတ်ခန်းမတို့၌ ပြုလုပ်သည်။

အဆိုပါပွဲများကို ကလေးများ စာပေနှင့်ထိတွေ့ရခြင်း၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ ရင်းနှီးမှုရရှိစေခြင်းစသော အကျိုးကျေးဇူးများရရှိစေရေးရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ကလေးများအား စနေနေ့တိုင်း စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ပန်းချီရေးဆွဲခြင်းတို့ ပြုလုပ်ပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ် အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ရပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ပန်ခါယံ အမကကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဂျပန်နိုင်ငံမှ Japan Myanmar Association က လှူဒါန်း

**မိုးကောင်း ဒီဇင်ဘာ ၂၅**

မိုးကောင်းမြို့နယ် မရမ်းကျေးရွာ ပန်ခါယံ အမက ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ အလှူငွေပေးအပ်ပွဲနှင့် ပန္နက်တင်အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

Japan Myanmar Association ၏ လမ်းညွှန်မှုဖြင့် Nagata Myanmar Co., Ltd. မှ လှူဒါန်းသည့် ဂျပန်ယန်း သိန်း ၁၀၀ အကုန်ကျခံ တည်ဆောက်မည့် ပေ (၁၈၀×၃၀)တစ်ထပ် Steel Structure ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိကျောင်းဆောင်သည် ပေ (၈၀×၃၀) အုပ်ညှပ်သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဝန်ထမ်းအင်အားလေးဦး၊ ကျောင်းသားမိဘခန့်တာဝန်ပေးတစ်ဦးဖြင့် KG တန်းမှ Grade 4 ထိ ကျောင်းသား ၁၄၀ ကျော်ကို သင်ကြားနေရသဖြင့် ယင်းကျောင်းဆောင်နှင့် လုံလောက်မှုမရှိသည့်အပြင် မြေနေရာလုံလောက်မှုမရှိ၍ ဂျပန်အလှူရှင် ပေါ်ပေါက်ချိန်၌ ဦးစားပေးရွေးချယ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါကျောင်းတည်ရှိသော မရမ်းကျေးရွာအုပ်စုသည် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုလမ်းမကြီးဘေးတွင်ရှိပြီး အိမ်ခြေ ၆၀၀ ဖြင့် လူဦးရေ ၄၁၀၀ ကျော်နေထိုင်ကြပြီး မိုးကောင်းမြို့နယ်၏ ဝင်ထွက်ရာဒေသတစ်ခုဖြစ်ကာ ကချင်တိုင်းရင်းသား အများဆုံးနေထိုင်သော ဒေသတစ်ခုဖြစ်သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းတို့က အမှာစကားပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးဆုံးမှာ ပညာရေးဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ်ပညာရှိသော လူ့ဘောင်အသိုက်အဝန်းတစ်ခုရှိရန် လိုအပ်ကြောင်းနှင့် နိုင်ငံ၏ ပညာရေးတိုးတက်မှသာလျှင် အခြားသော စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ယင်းနောက် Japan Myanmar Association မှ Chairman Mr. Watanabe Hideo နှင့် Nagata Myanmar Co., Ltd. မှ Mr. Junicni တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဂျပန်ယန်း သိန်း ၁၀၀ ကို Nagata Myanmar Co., Ltd. မှ ပေးအပ်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးက လက်ခံရယူပေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ခရစ္စမတ်လက်ဆောင် ပေးအပ်ကြပြီး ကျောင်းဆောင်သစ်အတွက် ပန္နက်တင်မင်္ဂလာ ပြုလုပ်ကြကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



# မတ္တရာမြို့နယ်တွင် ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ တိုးချဲ့မီးလင်းရေး၊ နေ့ကလေးထိန်းကျောင်းနှင့် ရေသန့်စက်စီမံကိန်းများ အောင်မြင်စွာပြီးစီး

**မတ္တရာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကန်ဖြူ ဆယ်မာအူးလ်အွန်ဒုန် စံပြကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ တိုးချဲ့မီးလင်းရေး၊ နေ့ကလေးထိန်းကျောင်းနှင့် ရေသန့်စက်များဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုကျေးရွာရှိ သာသနဟိတဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာတာဝန်ခံ ဦးအောင်ကိုလတ်က စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းအတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက စီမံကိန်း ပထမနှစ်၊ ဒုတိယနှစ် လုပ်ဆောင်ချက်များနှင့် တတိယနှစ်အတွက် လုပ်ဆောင်မည့် စီမံကိန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း ဒု-ဥက္ကဋ္ဌ ဦးထွန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ တိုးချဲ့မီးလင်းရေး၊ နေ့ကလေးထိန်းကျောင်းနှင့် ရေသန့်စက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းအောင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းမြင့်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးစီးနေမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ ဆယ်မာအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေး စသည့် ကဏ္ဍကြီးသုံးရပ်ဖြင့် ဆောင်ရွက်ခဲ့ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများဆောင်ရွက်ခြင်း၊ လေ့လာရေးလုပ်ငန်းများ၊ သတင်းထုတ်ပြန်မှုများနှင့် အစည်းအဝေးများဆောင်ရွက်ခဲ့ကြပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျောက်ချောလမ်း ၁၁၄၄ မီတာအား စီမံကိန်းရန်ပုံငွေကျပ် ၄၄၅၅၀၀၀ နှင့် ကျေးရွာလူထုလုပ်အားတို့ဖြင့် ၁၀၀ ရာခိုင်နှုန်း၊ ကွန်ကရစ်လမ်း ၂၅၉ မီတာအား စီမံကိန်းရန်ပုံငွေကျပ် ၇၁၅၀၀၀၀ နှင့် ကျေးရွာလူထုလုပ်အားတို့ဖြင့် ၁၀၀ ရာခိုင်နှုန်း၊ နေ့ကလေးထိန်းကျောင်း (၈×၆×၃) မီတာ သွပ်မိုး၊ အုတ်ကာအား ရန်ပုံငွေကျပ် ၅၈ သိန်းနှင့် ကျေးရွာလူထုလုပ်အားတို့ဖြင့် ၁၀၀ ရာခိုင်နှုန်း၊ တိုးချဲ့မီးလင်းရေးလုပ်ငန်းအား ရန်ပုံငွေကျပ် သိန်း ၄၀ တို့ဖြင့် ၁၀၀ ရာခိုင်နှုန်း၊ ရေသန့်စက်စီမံကိန်းအား ရန်ပုံငွေကျပ် ၃၁၂၈၆၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေပြည်သူများအား သတ်မှတ်ချိန်အတွင်း အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဝင်ငွေတိုးတက်ရရှိရေးမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်သမားများအတွက် ချေးငွေများထုတ်ချေးပေးခဲ့ရာ လုပ်ငန်းများ အောင်မြင်ခဲ့သဖြင့် ရန်ပုံငွေတိုးတက်မှု ၁၉ ဒသမ ၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ကန်ဖြူကျေးရွာတွင် အိမ်ထောင်စု ၁၈၀ နှင့် လူဦးရေ ၅၈၂ ဦးရှိပြီး စီမံကိန်းလုပ်ငန်း၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သည့် ကဏ္ဍကြီးသုံးရပ်မှာ အောင်မြင်ခဲ့သည့်အတွက် ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများဖြင့် လုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# လူထုဗဟိုပြုစီမံကိန်းအတွက် စည်းရုံးလှုံ့ဆော်မှုပြုလုပ်

**မိုးကောင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင့်သာကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒီဇင်ဘာ ၂၄ တွင် လူထုဗဟိုပြုစီမံကိန်းကို "ကျေးလက်လူထုအခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု"ခေါင်းစဉ်ဖြင့် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၁၈ မြို့နယ်ရှိပြီး မိုးကောင်းမြို့နယ်တွင် ပထမအကြိမ်အဖြစ် ပင့်သာကျေးရွာမှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။ လူထုဗဟိုပြုစီမံကိန်းကို နိုင်ငံတော်အစိုးရဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်



အီတလီအစိုးရနှင့် ဂျပန်အစိုးရတို့၏ ရန်ပုံငွေများ စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၄၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

ကျေးလက်နေပြည်သူများအတွက် အဓိကကျသော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းအသုံးပြုပြီး ကျေးလက်နေပြည်သူအားလုံး အလွယ်တကူ ရယူအသုံးပြုနိုင်အောင် ထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါစည်းရုံးလှုံ့ဆော်မှုတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ခြောက်ဦး၊ လူထုဗဟိုပြု နည်းပညာအကြံပေးငါးဦး၊ လူထုစည်းရုံးရေးမှူး ၂၀၊ လူထုနည်းပညာအင်ဂျင်နီယာ ၁၃ ဦး အကူနှစ်ဦး စုစုပေါင်း ၄၆ ဦးတို့က ပထမအကြိမ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြသည်။

ယင်းလှုပ်ရှားတွင် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရခြင်း၊ လိုအပ်ချက်များကို တင်ပြခွင့်ရခြင်းနှင့် ဦးဆောင်အကောင်အထည်ဖော်ခွင့်ရခြင်းတို့ကို သိရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်ဖြစ်သည်။ လူထုဗဟိုပြုနည်းလမ်းကို အသုံးပြု၍ အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် လူထု၏ လုပ်ဆောင်နိုင်စွမ်းများ တိုးတက်လာစေရန်လည်း လေ့ကျင့်ပေးမည်ဖြစ်သည်။ အကောင်အထည်ဖော်ပြီးနောက် ရှိလာသည့်ရလဒ်များကို ပြန်လည်ဆန်းစစ်ခြင်းအားဖြင့် စီမံကိန်းအကျိုးခံစားခွင့်ရသူအားလုံးအတွက် အမှန်တကယ်ထိရောက်မှု ရှိ၊ မရှိ တိုင်းတာမည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်း နည်းလမ်းများအနက် ကျေးရွာလူထုအတွက် အသင့်တော်ဆုံးဖြစ်မည့် နည်းလမ်းများကို ရွေးချယ်၍ ပိုမိုကောင်းမွန်အောင် ဖန်တီးပေးခြင်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကို လေ့လာသုံးသပ်လာပြီး ထိုလိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းနိုင်ရေးအတွက် အရေးကြီးကိစ္စရပ်များကို ဦးစားပေးစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ ငွေကြေးသုံးစွဲမှုအပေါ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ရန်အတွက် ယခုလို စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နေကြောင်း သိရသည်။

နောက်နှစ်များတွင် ပူတာအိုမြို့နယ်နှင့် ရွှေကူမြို့နယ်များပါ ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရန် စီစဉ်ထားကြောင်း ကျေးလက်ဦးစီးမှူး ဦးနေသူရိန်စိန်လှက ပြောသည်။

**မင်းမင်းဦး**

# ပြည်သူ့စကားဝိုင်း ပြုလုပ်ရေးဆွေးနွေး

**လှိုင်သာယာ ဒီဇင်ဘာ ၂၅**

လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်နေလူငယ်များ ပါဝင်သော ပြည်သူ့စကားဝိုင်းပြုလုပ်ရေးဆွေးနွေးမှုကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ပြန်/ဆက်ဦးစီးဌာန Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲမှ ပြည်သူ့စကားဝိုင်း အခမ်းအနားကို လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း၊ "လူငယ်နှင့် နိုင်ငံရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ပြည်သူ့စကားဝိုင်း အခမ်းအနားကို လူငယ်များက ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြို့နယ်နေ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်လေ့လာဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ရမ်းဗြဲမြို့နယ်မှဒေသခံများနှင့် တွေ့ဆုံ



**ရမ်းဗြဲ ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက် ၈ နာရီတွင် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ ရမ်းဗြဲမြို့နယ်မှ ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ရမ်းဗြဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာနက သင်ကြားရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကျောက်ဖြူခရိုင်အတွင်းမှ သင်ကြားရေးဝန်ထမ်း ၅၂၃၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆၁၉၅၀၀၀ ကို ကျောက်ဖြူခရိုင်ပညာရေးမှူးရုံးသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့ အထက(၂) ပုလုပ်တောင်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ရမ်းဗြဲမြို့ အမှတ်(၄) ရပ်ကွက်ရှိ ဦးမြဝါလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့အထက (၁)တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ရမ်းဗြဲမြို့ မြို့သစ်တည်ဆောက်မည့် စီမံကိန်းမြေနေရာနှင့် ခုတင် ၁၅၀ ဆံ့ ဆေးရုံတည်ဆောက်မည့်နေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေသော လူနာများအား နံနက်စာ အာဟာရဒါနလှူဒါန်း



**စစ်တွေ ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါး ကုသနေကြသော လူနာများအတွက် နံနက်စာ အာဟာရဒါနကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၅ နာရီခွဲတွင် ယင်းဆေးရုံကြီးခြံဝင်းအတွင်း၌ စေတနာပရဟိတဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းပြီး လှူဒါန်းလျက်ရှိသည်။

အဆိုပါ ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေကြသော ရဟန်းရှင်လူပြည်သူများအတွက် နံနက်စာ အာဟာရဒါနများအဖြစ် ဆန်ပြုတ်၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ သောက်သုံးရေသန့်၊ ပေါင်မုန့်နှင့် ထမင်းဟင်းများ ကျွေးမွေးဒါနပြုလျက်ရှိကြောင်း သိရသည်။

ဆေးရုံကြီးအတွင်း အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ သုံးရက်ကို နံနက်စာ အာဟာရဒါနလှူဒါန်းမည်ဟု စေတနာပရဟိတဖောင်ဒေးရှင်းက သတ်မှတ်ထားသော်လည်း စေတနာရှင်၊ အလှူရှင်များက လှူဒါန်းလိုသောနေ့သည် ယင်းနေ့များနှင့် မတိုက်ဆိုင်ပါကလည်း စေတနာရှင်ဖောင်ဒေးရှင်းက လှူဒါန်းနိုင်ရန်စီစဉ်ပေးလျက်ရှိကြောင်း၊ စိတ်ဝင်စား၍ လုပ်အားပေးလိုသူမည်သူမဆို လာရောက်ကုသိုလ်ပြုနိုင်ကြောင်း၊ လုပ်အားပေးများ လိုအပ်ကြောင်း၊ လုပ်အားဒါနပြုကုသိုလ်ယူနိုင်ကြောင်း စေတနာပရဟိတဖောင်ဒေးရှင်းမှ ဦးထွန်းဦးကျော် ကပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘူးသီးတောင် ဒီဇင်ဘာ ၂၅**

ဘူးသီးတောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်စံသာက မိတ်ဆက်စကားပြောကြားကာ အစည်းအဝေးခေါ်ယူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးသန်းအေးက ဘူးသီးတောင်မြို့နယ်အတွင်း ရပ်/ကျေး ကော်မတီအသစ်ဖွဲ့စည်းမည့် ကိစ္စရပ်များကို ပြောကြားရာ တက်ရောက်လာသော အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ **မောင်တောဒေသမှ**

ကြိမ်ချောင်း-ဂုပ္ပိ လမ်းဖြစ်ပါတယ်၊ ဒီလမ်းတွေကို ဖောက်လုပ်ပေးခြင်းအားဖြင့် မောင်တောဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်" ဟု လမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ပြောသည်။

စေတီပြင်-အင်းဒင်-ကျောက်ပန္တုလမ်းသည် ရသေ့တောင်မြို့နယ် စေတီပြင်နှင့်မောင်တောမြို့နယ် ကျောက်ပန္တုတို့ကို ဆက်သွယ်ဖောက်လုပ်နေသော လမ်းဖြစ်သည်။ ယင်းလမ်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၇)က တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်ပြီး အရှည်အားဖြင့် ၁၀ မိုင် ၇ ဖာလုံရှိသည်။ ယာဉ်ယန္တရား ၂၆ စီးဖြင့် ကနဦး ၃၄ ပေအကျယ် မြေသားလမ်းရရှိအောင် ဆောင်ရွက်လျက်ရှိကာ ယင်းလမ်းပေါ်တွင် ရှစ်လက်မထု ကျောက်ခင်းလမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ၁၈ ပေအကျယ်ရှိ ကွန်ကရစ်လမ်းခင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဤလမ်းပေါ်တွင် တံတားကြီးငယ် ၇၅ စင်းတည်ဆောက်သွားရန်လည်း လျာထားဆောင်ရွက်လျက်ရှိသည်။

ဒုတိယမြောက် မေယု တောင်ကျော်ဖြတ်လမ်းမှာ ကြိမ်ချောင်း-ဂုပ္ပိလမ်း ဖြစ်သည်။ ဤလမ်းသည် မောင်တောဒေသမြောက်ပိုင်းတွင်ရှိပြီး အဆိုပါလမ်းကိုလည်း လမ်းအထူးအဖွဲ့ (၁၇)က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ အရှည်အားဖြင့် ၁၅ မိုင်ရှိကာ ယာဉ်ယန္တရား ၁၅ စီးဖြင့်ဆောင်ရွက်နေကြောင်းသိရသည်။ အဆိုပါလမ်းပေါ်တွင် တံတားကြီးငယ် ၅၂ စင်းတည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ယင်းလမ်းကိုလည်း ကနဦး မြေသားလမ်း ၃၄ ပေအကျယ်ရရှိအောင်ဆောင်ရွက်ပြီး ရှစ်လက်မထုကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ကာ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မေယုတောင်တန်းကြီးသည် ဘင်္ဂလားပင်လယ်အော်နှင့် နတ်မြစ်ဝကို မျက်နှာမူလျက် တောင်မြောက်အနေအထား သွယ်တန်းနေခြင်းကြောင့် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များသည် နယ်နိမိတ်ချင်းထိစပ်နေသော်လည်း မေယုတောင်တန်းက အတားအဆီးသဖွယ်ဖြစ်နေသည်။ သို့သော်လည်း ယခုလမ်းမကြီးများကို နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်မှုကြောင့် မေယုတောင်တန်း အရှေ့ဘက်ခြမ်းဒေသများနှင့် အနောက်ဘက်ခြမ်းဒေသများ ပိုမိုဆက်သွယ် ကူးလူးယှက်နွယ်သွားလာနိုင်ကြတော့မည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေး၊ လုံခြုံတည်ငြိမ်အေးချမ်းရေးတို့အတွက်ပါ အထောက်အကူပြုလာနိုင်တော့မည် ဖြစ်ပါသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

## မာန်အောင်မြို့နယ်တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်

**မာန်အောင် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဖူဆယ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ မာန်အောင်မြို့နယ်အားကစားသမားဟောင်းများ(နာရေးကူညီမှုအဖွဲ့)က ကြီးမှူး ကျင်းပသော ဖူဆယ်ဘောလုံးပြိုင်ပွဲကို မြို့နယ်အား/ကာ ဘောလုံးကွင်း၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဦးစောတင်က ဖူဆယ်ဘောလုံးပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

# ထမံသီဘေးမဲ့တောတွင် ၁၀၀ စတုရန်းကီလိုမီတာလျှင် အင်းကျား တစ်ကောင်မှ သုံးကောင် တွေ့ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၁၀၀ စတုရန်းကီလိုမီတာလျှင် အင်းကျား တစ်ကောင်မှ သုံးကောင်အထိ နေထိုင်ကျက်စားကြောင်း တွေ့ရှိရသည်။ ဘေးမဲ့တောသည် အကျယ်အဝန်းအားဖြင့် ၂၁၅၁ စတုရန်းကီလိုမီတာ ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၁၄-၂၀၁၅ ခုနှစ်၌ ဘေးမဲ့တော၏ အနောက်ဘက်ခြမ်းဧရိယာနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဘေးမဲ့တော၏ အရှေ့ဘက်ခြမ်းဧရိယာတို့ကို ကင်မရာထောင်ချောက်အလုံး ၁၆၀ ဖြင့် ရက်ပေါင်း ၉၀ ကြာ သုတေသနပြုခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"စာရင်းကောက်နေရာ နှစ်ခုကို နှိုင်းယှဉ်လေ့လာကြည့်တဲ့အခါ ထိန်းသိမ်းစောင့်ရှောက်မှုအားကောင်းတဲ့ အပိုင်းမှာ အင်းကျားနဲ့အတူယှဉ်တွဲနေထိုင်တဲ့ တောရိုင်းတိရစ္ဆာန်တွေ ပေါများကြွယ်ဝတာ၊ မျှမျှတတရှိတာ တွေ့ရပါတယ်။ ဒါပေမယ့် ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းတဲ့ ဧရိယာပိုင်းမှာ ကျန်တဲ့ အရေးကြီးမျိုးစိတ်တွေလျော့နည်းပြီးတော့ အင်းကျားအရေအတွက် ပိုများတာတွေ့ရတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ အင်းကျားသုတေသနပြုလုပ်လျက်ရှိသူ ဦးလှုနိုင်က ပြောသည်။

အင်းကျားမျိုးစိတ်နေထိုင်ကျက်စားသော ဟိမဝန္တာတောင်တန်းပေါ်ရှိ နီပေါနိုင်ငံမှစ၍ အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ နိုင်ငံများအလယ်၊ အင်ဒိုနီးရှားနိုင်ငံအဆုံး အင်းကျားသုတေသနကို ပြုလုပ်ခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း ယင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

အင်းကျားလေ့လာရေးလုပ်ငန်းကို သစ်တောဦးစီးဌာန အောက်စဖို့တက္ကသိုလ်၏ ဇီဝဗေဒဌာန လက်အောက်ရှိ Wildlife Conservation Research Unit (WildCRU)နှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) က ပူးပေါင်းသုတေသနပြုလုပ်နေခြင်းဖြစ်သည်။

အင်းကျားခေါ် သစ်တက်ကျား (Clouded Leopard) ကို မြန်မာနိုင်ငံ၏ အနည်းဆုံး ၁၅ နေရာတွင်တွေ့ရှိရကြောင်း သုတေသနမှတ်တမ်းများအရ သိရသည်။ ယခုနှစ်တွင်လည်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တို့၌ သုတေသနပြုလုပ်ခဲ့သော ဧရိယာနှစ်ခုတွင်ပင် ကင်မရာထောင်ချောက် အလုံး ၁၆၀ ဖြင့် သုတေသနထပ်မံပြုလုပ်နေကြောင်း၊ ယခုနှစ် သုတေသနများနှင့် ယခင်နှစ်များက ပြုလုပ်ပြီးသော သုတေသနများကို နှိုင်းယှဉ်ကာ အင်းကျားအကောင်ရေ တိုးပွားလာသလား၊ လျော့နည်းလာသလား၊ တည်တံ့နေသလား ဆိုသည်ကိုစောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း ဦးလှုနိုင်က ပြောသည်။

အင်းကျားကိုလေ့လာရန် စာရင်းကောက်ဧရိယာတစ်ခုကို အနည်းဆုံး ၁၆၀ စတုရန်းကီလိုမီတာခန့် လွှမ်းခြုံနိုင်အောင် လေ့လာပြီး အင်းကျားသည် ကြောင်ကြီးမျိုးစိတ်ထဲတွင် အငယ်ဆုံး (ကျား၊ ကျားသစ်၊ အင်းကျား)၊ ကြောင်ငယ်မျိုးစိတ်ထဲတွင် အကြီးဆုံး (အင်းကျား၊ ကြောင်မင်း၊ ကြောင်တံငါ၊ ကြောင်သလင်း၊ တောကြောင်၊ သစ်ကြောင်) ဖြစ်သည်။ ထမံသီဘေးမဲ့တောတွင် ပင်မြင့်သစ်ပင်ကြီးများ ရှိနေသည့်အနေအထားက အင်းကျားများနေထိုင်ကျက်စားမှုကို ပြန်လည်ကောက်ချက်ချနိုင်သည်။

အင်းကျားများကို သဘာဝတောတောင် ရေမြေကောင်းမွန်ခြင်း၏ အမှတ်လက္ခဏာ သို့မဟုတ် ပြယုဂ်မျိုးစိတ် (Ambassador Species/ Flagship Species)ဟူ၍ သစ်တောနှင့် သားငှက်ထိန်းသိမ်းရေးသမားများက သတ်မှတ်ထားကြသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က ထုတ်ပြန်ထားသောသုတေသနစာတမ်းတွင် အင်းကျားမျိုးစိတ်များကို ယင်းတို့ရှင်သန်နေထိုင်သည့် နီပေါနိုင်ငံမှ ဟိမဝန္တာတောင်စွယ်အတိုင်း အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ သဘာဝတောတောင်ရေမြေကောင်းမွန်ခြင်း၏ ကိုယ်စားပြုမျိုးစိတ်၊ အညွှန်းလက္ခဏာပြမျိုးစိတ်ဟူ၍ သတ်မှတ်ထားသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သုတေသနပြုလုပ်ချက်များအရ အင်းကျားများပျံ့နှံ့နေထိုင်မှုမှာ အနည်းဆုံး ၃၉ ရာခိုင်နှုန်းမှ ၄၄ ရာခိုင်နှုန်းအထိရှိသည်။ ဘေးမဲ့တော၏ စာရင်းကောက် ဧရိယာ နှစ်ခုလုံးမှ အချက်အလက်များကို အခြေခံတွက်ချက်ကြည့်ရာ ၁၀၀ စတုရန်းကီလိုမီတာတွင် အင်းကျားနှစ်ကောင်ခန့် နေထိုင်ကျက်စားလျက်ရှိသည်ဟု ယင်းဘေးမဲ့တောတွင် အင်းကျားသုတေသနပြုလုပ်နေသူက ပြောသည်။ (အနောက်ဘက် ဧရိယာတွင် အင်းကျားကောင်ရေ 0.60 ± SD 0.24 နှင့် အရှေ့ဘက် ဧရိယာတွင် အင်းကျားကောင်ရေ 3.05 ± SD 1.03) မြန်မာနိုင်ငံတွင် ကျား၊ ကျားသစ်ပြီးလျှင် အင်းကျားမှာ ထူးခြားသည့် ကြောင်မျိုးစိတ်တစ်မျိုးဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ကျား၊



ကျားသစ် အကောင်ရေ သိသိသာသာ လျော့နည်းကျဆင်းလာချိန်တွင် အင်းကျားသည်လည်း တတိယနေရာသို့ ရောက်ရှိလာသည်။ အရောင်အသွေးလှပဆန်းကြယ်ခြင်း၊ ဆွဲဆောင်မှုရှိခြင်းကြောင့် တရားမဝင်ဈေးကွက်တွင် ကျားနှင့် ကျားသစ်မရှိတော့ချိန်တွင် အင်းကျားဆီသို့ ဦးတည်လာကြသည်။

ထို့ကြောင့် အင်းကျားမျိုးစိတ်ကို ခြိမ်းခြောက်လာနေမှုများလည်း ရှိသည်။ မြန်မာနိုင်ငံတွင် ကျားနှင့် ကျားသစ်တို့ ရှားပါးလာချိန်တွင် အင်းကျားဘက်လှည့်လာပြီး တိုက်ရိုက်သတ်ဖြတ်ခံလာရခြင်းက တရားမဝင် ရောင်းဝယ်ဖောက်ကားမှုဆီကို ဦးတည်လာနေသည်။

"သဘာဝသစ်တောတွေရဲ့ ဆည်းလည်းတွေလည်းဖြစ်၊ သဘာဝတောတွေကို လူတွေအကူအညီမပါဘဲတည်ထောင်ပေးနေတဲ့၊ သဘာဝဂေဟစနစ်ကို ဖန်တီးတည်ဆောက်တဲ့ အင်ဂျင်နီယာတွေလို့ တင်စားနိုင်လောက်တဲ့ မျောက်လွှဲကျော်တွေ၊ အင်းကျားတွေ နေထိုင်ကျက်စားရာ သဘာဝတောတွေ ပျောက်ဆုံးလာနေပါပြီ"ဟု ဦးလှုနိုင်က ပြောသည်။

ထို့အပြင် ကျား၊ ကျားသစ်နှင့် အင်းကျားတို့၏ အစားခံသတ္တဝါများလည်း အမဲလိုက် သတ်ဖြတ်စားသောက်သောသူများကြောင့် ရှားပါးလာသည့်အတွက် အင်းကျားများအသက်ရှင်သန်ရပ်တည်ရန်၊ မျိုးပွားရန် ခြိမ်းခြောက်ခံလာရသော အနေအထားကိုရောက်ရှိလာသည်။

မြန်မာနိုင်ငံ၏ သဘာဝတောတောင်ရေမြေကို ရေရှည်စောင့်ကြည့်လေ့လာနိုင်ရန် အင်းကျား သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု အင်းကျားထိန်းသိမ်းရေးဆောင်ရွက်နေသူ ဦးလှုနိုင်က ဆိုသည်။ **ညီတူး**

❂ **ကျောဖုံးမှ**

"ဂျပန်နိုင်ငံဆိုရင် မြန်မာနိုင်ငံက နှမ်းနက်ကို အဓိက တင်သွင်းမှုရှိပါတယ်၊ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေဟာလည်း ပြည်ပတင်ပို့နိုင်တဲ့အဆင့်ကို ရောက်ရှိမှာပါ။ ဒါပေမယ့် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်နေတဲ့ ပြဿနာပေါ့လေ၊ အဲဒါနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ပိုင်းကို မြန်မာဘက်က သိထားဖို့လိုပါတယ်"ဟု မစ္စတာ ဟီရိုယာမာအိုက ကစိုက်ပျိုးရေးကဏ္ဍ အခြေပြု ဂျပန်-မြန်မာ စီးပွားရေးဆွေးနွေးပွဲတစ်ခုတွင် အကြံပြုသုံးသပ်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပမှ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲကြောင့် မြန်မာနိုင်ငံမှ ပဲတင်ပို့ရန် အကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီး ယင်းအပေါ် ဖြေရှင်းဆောင်ရွက်ရန်မှာ လတ်တလော ရေတိုဆောင်ရွက်ရန် ကိစ္စများသာမက ရေရှည်တွင် ဈေးကောင်းရရှိသည့် ဥရောပ၊ ဂျပန်ဈေးကွက်တို့သို့ တင်ပို့နိုင်ရန် ကြိုးစားပြင်ဆင်သင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုကြသည်။

"ပဲတီစိမ်းက တခြားဈေးကွက်တွေလည်း ရှိတယ်၊ ပဲတီစိမ်းသီးနှံမှာဖြစ်နေတဲ့ အခက်အခဲကတော့ ပိုးသတ်ဆေးဓာတ်ကြွင်းပါတဲ့ကိစ္စပဲ ဖြစ်ပါတယ်၊ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုမရှိအောင် တောင်သူလယ်သမားတွေအပါအဝင် အဲဒီလုပ်ငန်းစဉ်တွေမှာ ပါဝင်နေတဲ့ ပွဲစားတွေ၊ ပွဲရုံတွေကအစ ပိုးသတ်ဆေးသုံးစွဲမှုကို ပညာပေးရမှာ ဖြစ်ပါတယ်၊ တောင်သူလယ်သမားတွေအနေနဲ့လည်း ပိုးသတ်ဆေးကို လိုအပ်မှ သုံးတဲ့အလေ့အကျင့်ကို ပြန်လုပ်ဖို့လိုလာပြီဆိုတဲ့ အနေအထားဖြစ်ပါတယ်၊ စိုးရိမ်ကြောင့်ကြမှုနဲ့ ပိုးသတ်ဆေးကို ကြိုတင်ပြီး သုံးတဲ့အတွက်ကြောင့် မူလက သုံးစွဲရတဲ့ ပမာဏထက် ပိုမိုပြီးလည်း သုံးစွဲရတယ်၊ စရိတ်ကလည်း ပိုကုန်တယ်၊ ထိရောက်မှုရှိလားဆိုတော့လည်း မရှိဘူး၊ ကုန်သည်၊ ပွဲစားတွေကလည်း ပဲလှောင်မယ်ဆိုရင် ပိုးကျမယ်ဆိုပြီး သိုလှောင်တဲ့အခါမှာ ပိုးသတ်ဆေးသုံးတော့ ပိုးသတ်ဆေးဓာတ်ကြွင်းတွေပါဝင်နေတဲ့အနေအထားတွေ ရှိပါတယ်၊ ပိုးတွေ မဝင်နိုင်အောင် လေလုံအိတ်တွေ သုံးစွဲတာ၊ သဘာဝနည်းလမ်းတွေ သုံးစွဲတာလုပ်မယ်ဆိုရင် ပဲတီစိမ်းမှာ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်နည်းပြီးတော့ ဂျပန်ဈေးကွက်နဲ့ ဥရောပဈေးကွက်တို့ကို ရရှိလာမှာ ဖြစ်ပါတယ်"ဟု ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ နိုင်ငံပေါင်း ၇၈ နိုင်ငံသို့ ပဲတန်ချိန် ၁ ဒသမ ၄ သန်းကျော် တင်ပို့ရောင်းချခဲ့ရာ အိန္ဒိယနိုင်ငံသို့ အများဆုံးဖြစ်ပြီး တန်ချိန် ၆၈၀၀၀၀ တင်ပို့ခဲ့ရခြင်းဖြစ်သည်။ ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံဖြစ်ပြီး တန်ချိန် သုံးသိန်းနှင့် လေးသိန်းကြားတွင် တင်ပို့မှုရှိသည်။ တတိယအများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံနှင့် အိုမန်နိုင်ငံတို့ဖြစ်ပြီး တန်ချိန် ငါးသောင်းမှ တစ်သိန်းကြားတွင် တင်ပို့ခဲ့သည်၊ ထို့အပြင် အခြားဈေးကွက်များသို့ တင်ပို့မှုရှိသော်လည်း ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်မှုကို လျှော့ချပြီး အရည်အသွေးကို ဦးတည်ထုတ်လုပ်သွားမည်ဆိုပါက ဈေးကောင်းရရှိမည့် ဈေးကွက်များသို့ တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။ **ဝဝ၁**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့ ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**




# KBZ Bank Women's League မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဒုတိယဆုရ သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီခွဲမှစ၍ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်တွင် နာမည်ကြီးတေးသံရှင်များဖြစ်သည့် ဖြိုးကြီး၊ အားတီ၊ ပိုပို၊ ဂျင်းနီနှင့် ကာကာတို့က သီဆိုဖျော်ဖြေမည်ဖြစ်ပြီး Famous Dancer အဖွဲ့၏ ဖျော်ဖြေမှုလည်း ပါဝင်မည်ဖြစ်သည်။

ပထမပွဲအဖြစ် ညနေ ၃ နာရီခွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဒုတိယဆုရ သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲမစမီ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၁) ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် တက္ကသိုလ်အသင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံ၊ ဇွဲကပင်၊ ဂန္ဓမာ၊ YREO နှင့် တက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာရန်နှင့် အားကစားသမားကောင်းများ ထွက်ပေါ်လာရန်၊ မြန်မာ့ဘောလုံးလောက တိုးတက်လာရန် နှစ်ပေါင်းများစွာ ပံ့ပိုးကူညီခဲ့သည့် KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် KBZ Bank Women's League ပြိုင်ပွဲကို ဒုတိယရာသီအဖြစ် ကျင်းပခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# လှည်းကူးတွင် ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကျွန်းဝင်တိုက် နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရ

**လှည်းကူး ဒီဇင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၄ နာရီခွဲက ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကျွန်းဝင်တိုက်ကာ တိမ်းမှောက်သွားသဖြင့် လေးဦးဒဏ်ရာရပြီး နှစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပဲခူးလမ်းအတိုင်း ပဲခူးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းဇော်ထွန်း (၃၃)နှစ် မောင်းနှင်လာသည့် ကင်တာယာဉ်သည် လှည်းကူးမြို့ အားကစားကွင်းရှေ့အရောက်တွင် အိပ်ငိုက်ကာ လမ်းလယ်ကျွန်းအား ဝင်တိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဝင်းဇော်ထွန်း (၃၃)နှစ်နှင့် ဇော်မင်းအောင် (၃၀) နှစ်တို့သည် ဒဏ်ရာများ ရရှိကာ လှည်းကူးဆေးရုံသို့ တင်ပို့ကုသပြီး စိုင်းကိုကို(၁၇)နှစ်နှင့် ကျော်သူဝင်း



(၂၅)နှစ်ခန့် (နေရပ်စုံစမ်းဆဲ)တွင် ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသပြီး ကိုဖိုးနီ(၂၄)နှစ် (နေရပ်စုံစမ်းဆဲ)နှင့် ရဲဝင်းနိုင်(၂၀)နှစ် (နေရပ်စုံစမ်းဆဲ)တို့သည် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းဇော်ထွန်းအား အမှုတ်(၆၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ လှည်းကူးက အရေးယူဆောင်ရွက်လျက်ရှိသည်။

**သန်းဝင်း(လှည်းကူး)**

# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၅**
ခရစ္စမတ်ပွဲတော်နေ့ နံနက်ပိုင်းအတွင်း အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဘောနက်ကြီး အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် (၂၉/၄)နှင့် (၂၉/၅) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ကျော်မျိုးလွင် မောင်းနှင်လာသော Honda fit ယာဉ်မှာ ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ကို ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူများ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ ပျက်စီးသွားသည်။

အလားတူ ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၃) အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် (၇/၆)နှင့် (၇/၇) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း စိုးသူ မောင်းနှင်လာသော Super Custom ယာဉ်မှာ ယာဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယဉ်မောင်း စိုးသူမှာ ဒဏ်ရာရရှိခဲ့၍ တပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

သို့ပါ၍ ယာဉ်မောင်းများအား သက်ဆိုင်ရာ အပိုင်ရဲစခန်းများက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**





# တရားမဝင် ပိတောက်ခွဲသားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**ဆားလင်းကြီး ဒီဇင်ဘာ ၂၅**
ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် တောင်ပလူကျေးရွာအနီး ကားလမ်းဘေးချိုအတွင်း ရပ်ထားသည့် ဖောကားမော်တော်ယာဉ်တစ်စီးပေါ်တွင် ပိတောက်ခွဲသား ၁၇ ချောင်း(၂ ဒသမ ၁၁၇ တန်)ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းကြိုင်နှင့်အဖွဲ့၊ ယင်းမာပင်ခရိုင် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမြင့်ထူးနှင့်အဖွဲ့၊ ညောင်ပင်ကြီးရဲကင်းစခန်းမှူး ရဲအုပ် ဝင်းနိုင်ထွန်းနှင့်အဖွဲ့၊ တောင်ပလူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေနှင့်အဖွဲ့တို့သည် သတင်းအရ ဆားလင်းကြီးမြို့နယ် တောင်ပလူကျေးရွာအနီး ကားလမ်းမဘေးချိုအတွင်း ယာဉ်အမှတ် 4M/-- မော်တော်ယာဉ်တစ်စီးကို တွေ့ရကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် ကာလတန်ဖိုးကျပ် ၆၃၅၁၀၀ တန်ဖိုးရှိ တရားမဝင်ပိတောက်ခွဲသား ၁၇ ချောင်း(၂ ဒသမ ၁၁၇) တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့သိမ်းဆည်းရမိသော တရားမဝင် ပိတောက်သစ်နှင့် မော်တော်ယာဉ်ကို ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ ပို့ဆောင်ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် မူးယစ်ဆေးသယ်ဆောင်သူ အမျိုးသား ရှစ်ဦးအား ဖမ်းဆီး

**မိုးညှင်း ဒီဇင်ဘာ ၂၅**
မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏အနောက်ဘက် မော်ဟန်-နမ္မချီမှော်သို့သွားရာ ကားလမ်းမတွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၇ နာရီခန့်က ဆိုင်ကယ်ဖြင့် မူးယစ်ဆေးများ သယ်ဆောင်လာသူ အမျိုးသား ရှစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ဖြင့် မူးယစ်ဆေးသယ်ဆောင်လာသူများမှာ မော်ဟန်ကျေးရွာ မော်ပင့်ရပ်ကွက်နေ ဖိုးသား (၄၅)နှစ်၊ မော်ဟန်ကျေးရွာ နတ်ကြီးကုန်းရပ်ကွက်နေ မောင်မောင်ဌေး (၃၂)နှစ်၊ မော်ဟဲကျေးရွာနေ လင်းဇော်မျိုး(၂၃)နှစ်၊ ဟိန်းထက်အောင် (၂၄)နှစ်၊ မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်နေ သက်နိုင်ဦး (၄၈)နှစ်၊ အင်းတော်မြို့နယ် မော်လူးကျေးရွာနေ အောင်စိုး (၃၈)နှစ်နှင့် မိုးညှင်းမြို့ အောင်သပြေ (၃)ရပ်ကွက်နေ အောင်ကျော်တိုး (၁၈)နှစ်နှင့် သက်နိုင်ဦး (၁၈)နှစ်တို့အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

"ဧရာဦးစစ်ဆင်ရေးအရ ရှာဖွေဖမ်းဆီးနေသလို ပြည်သူတွေ သတင်းပေးလို့ သတင်းအရသိရှိကြရင်လည်း ချက်ချင်းသွားရောက်ဖမ်းဆီးနေပါတယ်"ဟု မိုးညှင်းမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ် ညွန့်လှိုင်က ပြောသည်။

အဆိုပါ ဖမ်းဆီးမှုအတွက် မိုးညှင်းခရိုင် ပြည်နယ်မှုခင်း အကူဌာနစိတ်မှ ရဲအုပ်ကျော်မျိုးနိုင်နှင့် ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့၊ မိုးညှင်းမြို့မရဲစခန်း မူးယစ်တပ်ဖွဲ့စု(၃)မှ မော်ဟန်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နမ္မချီ-မော်ဟန်ကားလမ်းတွင် စောင့်ဆိုင်းရှာဖွေစဉ် ယခုကဲ့သို့ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

၎င်းတို့ထံတွင် ဘိန်းဖြူဟုယူဆသော အမှုန့် အလေးချိန် သုည ဒသမ ၃ ဂရမ် ခန့်စီပါသောဘူး သုံးဘူး၊ ဖြူဝါရောင်အမှုန့် ၂ ဒသမ ၅ ဂရမ်ခန့်စီပါသောဘူး နှစ်ဘူး (စုစုပေါင်း အလေးချိန် ၅ ဒသမ ၉ ဂရမ်)၊ ပန်းရောင်စိတ်ကြွဆေးပြား ၉၅ ပြား (အလေးချိန် ၉ ဒသမ ၅ ဂရမ်ခန့်)၊ ဖြူဝါကြားအမှုန့် အလေးချိန် သုည ဒသမ ၃ ဂရမ်ခန့်စီပါဘူး ရှစ်ဘူး (အလေးချိန် ၂ ဒသမ ၈ ဂရမ်)၊ ဖြူဝါကြားအမှုန့် သုည ဒသမ ၁ ဂရမ်ပါ တစ်ဘူးတို့ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးများနှင့်အတူ ဖမ်းဆီးမိခဲ့သူများအား အရေးယူထားကြောင်း မိုးညှင်းမြို့နယ်ရဲစခန်းမှ သိရသည်။

**မင်းမင်းဦး**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၅၀၊ သွင်းကုန် အစီး ၁၁၀၀၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၁၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၈ ဒသမ ၇၇၅ သန်းခန့်)၊ စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၄ ဒသမ ၉၉၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဒီဇင်ဘာ ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော မုပွလင်သုသာန်လမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ Nissan Caravan ယာဉ်တစ်စီး၊ Toyota Hiace ယာဉ်နှစ်စီးကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Philip TV (83 U) ပါ ပစ္စည်းသုံးမျိုး၊ iphone X 64 GB (280 U) ပါ ပစ္စည်း ၇၉ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၇ ဒသမ ၁၀၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မှန်လုံယာဉ်နှင့် ဆိုင်ကယ် ချိတ်မိသဖြင့် ဆိုင်ကယ်နောက်လိုက်ပါသူ သေဆုံး

**မိုးညှင်း ဒီဇင်ဘာ ၂၅**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့နှင့် မိုးညှင်းမြို့ ဆက်သွယ်သည့်လမ်းမပေါ်တွင် အဝေးပြေး ခရီးသည်တင်မှန်လုံယာဉ်က ဆိုင်ကယ်ကို ကျော်တက်စဉ် ပွတ်တိုက်မိပြီး ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ အသက်(၇၀)အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်မြို့နှင့် မိုးညှင်းမြို့ ဆက်သွယ်သည့်လမ်း အင်ကြင်းကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၅/၂)နှင့် (၅/၃)အကြားတွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ယာဉ်မောင်း ခင်ထွန်းနိုင် မောင်းနှင်လာသော မျိုးဆက်သစ်ခရီးသည်တင်ယာဉ်က ဟိုပင်မြို့ဘက်မှ မယဉ်ယဉ်အေး(ခ)မိဂျူး (၁၇)နှစ် မောင်းနှင်၍ ဒေါ်အုန်းမြင့်(၇၀)နှစ် လိုက်ပါလာသော KENBO 125 ဆိုင်ကယ်ကို ကျော်တက်စဉ် ပွတ်ချိတ်တိုက်မိခဲ့ရာ ဆိုင်ကယ်လဲကျစဉ် ဒေါ်ခင်အုန်းမြင့်၏ ဦးခေါင်းအား မော်တော်ယာဉ်၏ ယာဘက်နောက်ဘီးဖြင့် ကြိတ်မိကာ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်ထွန်းနိုင် (၃၂)နှစ်အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဝ၅၈**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**
မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီခွဲက သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ မီးရထားသံလမ်းအနီးတွင် ရဲမင်းဌေး(ခ)အာကာ မောင်းနှင်ပြီး ဖုန်းမြတ်သူ(ခ)အရှည်ကြီး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၈၀၊ အိုက်စ် ၁၅၀ ဂရမ်ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီက မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ကြီးနယ်မြေ ကမ်းနားလမ်းဆုံ၌ သန်းအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ၎င်း၏ ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား သိမ်းဆည်းရမိခဲ့ပြီး နေအိမ်ကိုဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၆၉၀၊ ရွှေဆွဲကြိုးလေးကုံး၊ ရွှေလက်စွပ်လေးကွင်း၊ ငွေကျပ် ၂၆ သိန်း၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဖွားပြီးလေးလနီးပါးအကြာတွင် တင်းနစ်လောကမှာ ပြန်လည်မြင်တွေ့ရမယ့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံ

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် မီးဖွားပြီးနောက် လေးလနီးပါးကြာဖြစ်သည့် လာမည့်တစ်ပတ်ထဲတွင် အဘူဒါဘီတွင် ကျင်းပမည့် တင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာမည်ဖြစ်သောကြောင့် တင်းနစ်လောကထဲမှာ အခုနှစ်မကုန်မီပြန်လည်မြင်တွေ့ရတော့မည် ဖြစ်သည်။

အသက်(၃၆)နှစ်ရှိပြီဖြစ်သည့် ဆရီနာဝီလျံသည် ဒီဇင်ဘာ ၃၀ ရက်တွင် ကမ္ဘာ့အဆင့်(၇)တွင် ရပ်တည်လျက်ရှိသည့် ဂျေလီနာအိုစတာပန်ကိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆရီနာဝီလျံသည် တင်းနစ်အိုးပင်းခေတ်၏ ဂရင်းဆလင်းချန်ပီယံဆုကို ၂၃ ကြိမ်မြောက်ချန်ပီယံအဖြစ် စံချိန်တင်ထားသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာရခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်မိကြောင်းလည်း ပြောကြားခဲ့သည်။

ဆရီနာဝီလျံသည် စက်တင်ဘာလအတွင်းက သမီးငယ်ဖြစ်သူ အလက်ဇစ်အိုလံပီယာအိုဟာနီယန်ကို အောင်မြင်စွာမွေးဖွားပေးခဲ့ပြီး ဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ ဆရီနာဝီလျံသည် ကိုယ်ဝန်လွယ်ထားရခြင်းကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ဩစတြေးလျအိုးပင်း ချန်ပီယံဆုဆွတ်ခူးပြီးနောက်ပိုင်း တင်းနစ်ကစားခြင်းကို ရပ်နားထားခဲ့ရသည်။

ဆရီနာဝီလျံသည် ဒီဇင်ဘာ ၃၀ ရက်မှစတင်ကာ တင်းနစ်ပြန်ကစားမည်ဖြစ်သော်လည်း ယခုနှစ်တင်းနစ်ရာသီ၏ ပထမဆုံးဂရင်းဆလင်းပြိုင်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်နိုင်မည်လားဆိုသည်နှင့် စပ်လျဉ်း၍ နည်းပြဖြစ်သူ မော်ရာတိုလူးက ဆုံးဖြတ်ချက်တစ်စုံတစ်ရာမချမှတ်ရသေးကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအိုးပင်းစီစဉ်သူ ကရေ့တီလေးကမူ ဆရီနာဝီလျံမှာ ဩစတြေးလျအိုးပင်းလက်ရှိချန်ပီယံဖြစ်ခြင်းကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စတင်ကျင်းပမည့် ယင်းပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် မူဘာဒါလာကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆရီနာဝီလျံပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



# မော်ရင်ဟိုအား စာချုပ်သစ်ချုပ်ဆိုရေးကမ်းလှမ်းမှု မန်ယူ ဆိုင်းငံ့ထား

မန်ယူအသင်းသည် နည်းပြမော်ရင်ဟိုအား စာချုပ်သစ်ချုပ်ဆိုရေးနှင့် ပတ်သက်၍ ကမ်းလှမ်းမှုကို ဆိုင်းငံ့ထားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းနှင့် ၁၃ မှတ်အကွာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ချန်ပီယံဆုရယူနိုင်မှုတွင်မူ ဝေးကွာလျက်ရှိသည့်အနေအထား၌ ရှိနေခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းအား ပရီမီယာလိဂ်ပြိုင်ပွဲ၏ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိရေး မော်ရင်ဟိုစွမ်းဆောင်နိုင်မည်လားဆိုသည်နှင့် စပ်လျဉ်း၍ မန်ယူအသင်းတာဝန်ရှိသူများက သံသယရှိနေသည်။

ပေါ်တိုအသင်း၊ ချယ်လ်ဆီးအသင်း၊ အင်တာမီလန်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့တွင် တာဝန်ယူခဲ့စဉ်ကအတိုင်း စွမ်းဆောင်ပေးနိုင်မည်လားဆိုတာကိုလည်း မေးခွန်းထုတ်မှုများရှိနေခဲ့ပြီး စာချုပ်သစ်ချုပ်ရေးအတွက်ပင် မန်ယူအသင်းက စဉ်းစားလာခဲ့သည်။ မော်ရင်ဟိုသည် ၂၀၁၆ ခုနှစ် နွေရာသီတွင် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီး မည်သည့်အသင်းတွင်မဆို ဘောလုံးရာသီသုံးရာသီထက်ပို၍ တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့ပေ။



မန်ယူအသင်းနှင့် စာချုပ်သည်လည်း တစ်နှစ်ကျန်ရှိနေသေးပြီး အောင်မြင်မှုရရှိမည်ဆိုပါက လုပ်ခလစာကို တိုးမြှင့်ပေးမည်ဖြစ်သည့်အပြင် စာချုပ်သစ်တစ်ရပ်ကိုလည်း ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေခဲ့သည်။

ပြီးခဲ့သည့်နှစ်ကမူ ယူရိုပါလိဂ်ဖလား၊ လိဂ်ဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို မော်ရင်ဟိုရယူပေးထားခဲ့သည်။

သို့ရာတွင် လက်ရှိအနေအထားအရဆိုပါက စာချုပ်သစ်ချုပ်ဆိုရေးကို ဆိုင်းငံ့ထားပြီး မော်ရင်ဟို၏ စာချုပ်သစ်ကိစ္စနှင့် စပ်လျဉ်း၍ ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်ယူအသင်း၏ အောင်မြင်ရရှိခြင်း၊ မရှိခြင်းတို့နှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။



# ဆောက်သမ်တန်တိုက်စစ်မှူး အော်စတင် အက်ဖ်အေ၏ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရ

ဆောက်သမ်တန်တိုက်စစ်မှူး ချာလီအော်စတင်သည် ကြမ်းတမ်းစွာကစားခဲ့သည့် ဖြစ်ရပ်တစ်ခုဖြစ်ပေါ်ခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရသည်။

တိုက်စစ်မှူး ချာလီအော်စတင်သည် ဆောက်သမ်တန်အသင်းနှင့် ဟက်ဒါဖီးလ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဟက်ဒါဖီးလ်ဂိုးသမား ဂျိုးနက်လော့၏ မျက်နှာအား ခြေထောက်ဖြင့်ကန်ခဲ့သလိုဖြစ်ခဲ့တာကြောင့် ယခုကဲ့သို့ အက်ဖ်အေ၏ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ချာလီအော်စတင်သည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးခြောက်ဂိုးသွင်းယူထားပြီး ဆောက်သမ်တန်အသင်း၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်လျက်ရှိသူဖြစ်သည်။ တိုက်စစ်မှူး ချာလီအော်စတင်သည် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရခြင်းကြောင့် စပါးအသင်း၊ မန်ယူအသင်း၊ ခရစ္စတယ်ပဲလေ့အသင်းတို့နှင့် ကစားမည့်ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းတွင် ပါဝင်ခွင့်ရရှိတော့မည်မဟုတ်ကြောင်းသိရသည်။

တိုက်စစ်မှူး ချာလီအော်စတင်သည် ယင်းပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပွဲကစားချိန် ၇၉ မိနစ်တွင် လူစားလဲကစားခဲ့ရသည့်အပြင် ဒဏ်ရာပြဿနာကြောင့် ဇန်နဝါရီ ၆ ရက်တွင် ဖူဟမ်အသင်းနှင့် ကစားမည့် အက်ဖ်အေဖလားပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်းသိရသည်။



# ရှက်ဖီးလ်ဝက်နက်စ်ဒေးနှင့် ကားလို့စ်ကာဗာဟယ် နှစ်နှစ်ခွဲကြာလက်တွဲပြီး လမ်းခွဲလိုက်ပြီ

ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းနည်းပြ ကာလို့စ်ကာဗာဟယ်သည် အသင်းတွင် နည်းပြအဖြစ် နှစ်နှစ်ခွဲကြာ လက်တွဲခဲ့ပြီးနောက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက်(၅၂)နှစ်အရွယ်ရှိ ပေါ်တူဂီနိုင်ငံသား နည်းပြ ကာဗာဟယ်သည် မစ်ဒယ်ဘရော့အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်မှာ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ရှက်ဖီးလ် ဝက်နက်စ်ဒေးအသင်းသည် play-off ကစားရမည့်နေရာနှင့် ၁၁ မှတ်အကွာ မြို့ခံပြိုင်ဘက်ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ရှစ်မှတ်အကွာတွင် ရပ်တည်လျက်ရှိသည်။

နည်းပြကာဗာဟယ်သည် ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းအား ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆင့်(၁၅)နေရာတွင် ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး အသင်းနှင့် လမ်းခွဲလိုက်ခြင်းဖြစ်သည်။

ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းသည် ပြိုင်ပွဲအရပ်ရပ်တွင် ခုနစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ချန်ပီယံရှစ်တွင်လည်း နောက်ဆုံးသုံးပွဲစလုံးရှုံးပွဲကြုံခဲ့ရသည်။

ငွေကြယ် - ရေးသားသည်

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၃) ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာ တင်ပြရန်နှင့် ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) တွင် သတ်မှတ်ဖော်ပြထားသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ၏မိတ္တူ တစ်စောင်စီကို ပေးပို့တင်ပြရန်။

**အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့်စာဖြင့်ရေးသား ချမှတ်သည့် ဆုံးဖြတ်ချက်များဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ**

၁၅၇။ (က) ကုမ္ပဏီအားလုံးသည် အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့်ဆောင်ရွက်မှုများ အားလုံး၏ မှတ်တမ်းများကို ယင်းတို့အတွက် ပြုလုပ်ထားရှိသော မှတ်တမ်းစာအုပ်အသီးသီးတွင် ရေးသားဖော်ပြရန်အတွက် ပြုလုပ်ဆောင်ရွက်ရမည်။ သက်ဆိုင်ရာမှတ်တမ်းများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ယင်းတို့နှင့်သက်ဆိုင်သည့် မှတ်တမ်းစာအုပ်များတွင် အစည်းအဝေး ကျင်းပသည့်နေ့ရက် သို့မဟုတ် စာဖြင့်ရေးသား ပြုလုပ်သည့် ဆုံးဖြတ်ချက်ချမှတ်သော နေ့ရက်မှစ၍ ၂၁ ရက် အတွင်း ရေးသားဖော်ပြရမည်ဖြစ်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် အခြားဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ခ) အဆိုပါမှတ်တမ်း သို့မဟုတ် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ၎င်းတို့အား ပြုလုပ်ဆောင်ရွက်ခဲ့သည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ၊ နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ လက်မှတ်ရေးထိုးသကဲ့သို့ ဆောင်ရွက်ခဲ့လျှင် ၎င်းဆောင်ရွက်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုများအတွက် သက်သေထင်ရှားပြီးဖြစ်စေရမည်။

(ဂ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် အတည်ပြုလက်မှတ်ရေးထိုးထားသော မှတ်တမ်းများတွင်ပါရှိသော ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး သို့မဟုတ် ဒါရိုက်တာအစည်းအဝေးများအားလုံးကို နည်းလမ်းတကျခေါ်ယူကျင်းပဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်မှုအားလုံးသည် နည်းလမ်းတကျရှိခဲ့သည်ဟု သတ်မှတ်ရမည့်အပြင် ဒါရိုက်တာများ သို့မဟုတ် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်မှုအားလုံးသည်လည်း တရားဝင်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ စာဖြင့်ရေးသားချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါရှိသော စာရင်းစာအုပ်များကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်း၌ဖြစ်စေ၊ ဤဥပဒေနှင့်အညီ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာတွင်ဖြစ်စေ ထိန်းသိမ်းထားရှိရမည်။ ယင်းတို့အား ရုံးလုပ်ငန်းအချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်နှစ်နာရီ အောက်မနည်းသောကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်ဟူသော ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(င) အစည်းအဝေးကျင်းပသည့်နေ့မှ ခုနစ်ရက်ကာလနောက်ပိုင်းမည်သည့်အချိန်တွင်မဆို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ပုဒ်မခွဲ (ဃ) တွင် ဖော်ပြပါရှိသော မှတ်တမ်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများကသတ်မှတ်ထားသော သင့်လျော်သည့်အဖိုးအခကိုပေးသွင်း၍ ၎င်းတောင်းဆိုသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ရရှိခွင့်ရှိစေရမည်။

၁၅၈။ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်သည့် စစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (င) အရ တောင်းဆိုသည့်မိတ္တူ တစ်စုံတစ်ရာကို ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ (င) တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပေးအပ်ခြင်းမပြုခဲ့လျှင် ထိုသို့ပျက်ကွက်မှု၌ သိလျက်ဖြင့် တမင်ပြုလုပ်ဆောင်ရွက်ခဲ့သော အဆိုပါကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၁၅၉။ ပုဒ်မ ၁၅၈ တွင်ဖော်ပြထားသည့် ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းအတွက် တရားရုံးသည် အမိန့်တစ်ရပ်ချမှတ်၍ အထွေထွေအစည်းအဝေး၏ ဆောင်ရွက်မှုများအားလုံး သို့မဟုတ် စာဖြင့် ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်သက်ဆိုင်သော စာရင်းစာအုပ်များကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေနိုင်သည် သို့မဟုတ် မိတ္တူတောင်းခံသော ပုဂ္ဂိုလ်များထံသို့ လိုအပ်သော မိတ္တူများကိုပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**အခန်း (၁၈)**

**ဒါရိုက်တာများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ**

**ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ**

၁၆၀။ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည် သို့မဟုတ် ဒါရိုက်တာ တစ်ဦးတည်းရှိသည့်ကုမ္ပဏီတွင် အဆိုပါဒါရိုက်တာတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့်ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် ဒါရိုက်တာများ သို့မဟုတ် တစ်ဦးတည်းရှိသော ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်များအားလုံးကို ဤဥပဒေတွင် လည်းကောင်း၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်းကောင်း အတိအလင်း ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီတွင် ပါဝင်သူများက ကျင့်သုံးဆောင်ရွက်ရန် လိုအပ်သော လုပ်ပိုင်ခွင့်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာများက ကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အုပ်ချုပ်မှုဒါရိုက်တာ (managing director) တစ်ဦးထံသို့ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ယင်း၏လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များထံသို့ အပ်နှင်းနိုင်သည်-

(၁) ဒါရိုက်တာများမှ ပါဝင်သော ကော်မတီတစ်ရပ်ရပ်၊

(၂) ဒါရိုက်တာတစ်ဦးဦး၊

(၃) ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦး၊

(၄) အခြားပုဂ္ဂိုလ်တစ်ဦးဦး။

(င) ပုဒ်မခွဲ (ဃ) အရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းခံရသူသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်ရမည့်အပြင် ထိုသို့အပ်နှင်းခြင်းခံရသူက လုပ်ပိုင်ခွင့်များအား ကျင့်သုံးဆောင်ရွက်မှုသည် ဒါရိုက်တာများက အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံး ဆောင်ရွက်သည့်အတိုင်း အကျိုးသက်ရောက်သည်။

(စ) ပုဒ်မခွဲ (ဃ) အရ ဒါရိုက်တာများသည် လုပ်ပိုင်ခွင့်တစ်ရပ်ကိုအပ်နှင်းခဲ့သည့်အခါ အောက်ပါအချက်များကို ဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် ဒါရိုက်တာများ ကိုယ်တိုင် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်သကဲ့သို့ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ဆောင်ရွက်မှုအတွက် တာဝန်ရှိစေရမည်-

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် ဤဥပဒေနှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတို့အရ ကုမ္ပဏီ၏ဒါရိုက်တာများအပေါ် သတ်မှတ်ထားသည့် တာဝန် ဝတ္တရားများနှင့်အညီ လုပ်ပိုင်ခွင့်အား အမြဲကျင့်သုံးဆောင်ရွက်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များရှိခြင်းနှင့်

(၂) သဘောရိုးဖြင့် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးရန် လိုအပ်သည့် အခြေအနေရှိခဲ့လျှင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အားထားရသောအရည်အချင်းပြည့်ဝသူဖြစ်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များ ရှိခြင်း။

**ဒါရိုက်တာများက အချက်အလက်များကို ရယူနိုင်ခြင်း**

၁၆၁။(က) ဒါရိုက်တာတစ်ဦးသည် သင့်လျော်သည့်အချိန်တိုင်းတွင် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) ဒါရိုက်တာအဖြစ်မှ ရပ်နားခဲ့သူတစ်ဦးဦးသည် ဒါရိုက်တာအဖြစ်မှ ရပ်နားပြီးနောက် ခုနစ်နှစ်ကာလအတွင်း သင့်လျော်သည့်အချိန်တိုင်းတွင် အောက်ပါတရားစွဲဆို ဆောင်ရွက်မှုများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်ပြီး ယင်းတို့၏ မိတ္တူများကို ရယူနိုင်သည်-

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် အမှုသည်အဖြစ်ပါဝင်နေသောကိစ္စ၊

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် သဘောရိုးဖြင့် တရားစွဲဆိုရန် ရည်ရွယ်ခြင်း၊

(၃) ဖော်ပြပါပုဂ္ဂိုလ်သည် ယင်းအပေါ် တရားစွဲဆိုရန်အကြောင်းရှိခြင်း။

**ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၆၂။အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ကန့်သတ်ထားလျှင် အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာများသည် အထွေထွေအစည်းအဝေးတွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ -

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

**မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၆၃။(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ရှိခဲ့လျှင် ယင်းဒါရိုက်တာသည် အစည်းအဝေးတွင် အဆိုပါကိစ္စရပ်အား ဆုံးဖြတ် ဆောင်ရွက်နေချိန်၌ တက်ရောက်ခြင်း မပြုရသည့်အပြင် ယင်း ကိစ္စရပ်အတွက် မဲပေးခြင်း မပြုရ။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် ဆုံးဖြတ်မည့်ကိစ္စ တစ်ရပ်ရပ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ပါရှိသော ဒါရိုက်တာ တစ်ဦးသည် အောက်ပါအချက်များရှိခဲ့လျှင် ဒါရိုက်တာအစည်းအဝေးသို့ တက်ရောက်နိုင်ပြီး ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးခွင့်ရှိသည် -

(၁) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ငန်းများတွင် ၎င်း၏ အကျိုးခံစားခွင့်နှင့် ပါဝင်ပတ်သက်မှုများ၏ အခြေအနေနှင့် အတိုင်းအတာများကို ထုတ်ဖော်ပြောဆိုခြင်း၊ အခြားဒါရိုက်တာများက အဆိုပါဒါရိုက်တာနှင့် အကျိုးခံစားခွင့်၏ အခြေအနေကို ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ အဆိုပါအကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု တွေ့ရှိရကြောင်း ဖော်ပြခဲ့ခြင်းများရှိခဲ့လျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁) ၌ ဖော်ပြထားသော ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကဲ့သို့ အလားတူအကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တစ်ရပ်အား ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး၌ ချမှတ်ခဲ့လျှင် သို့မဟုတ်

(၃) အကျိုးခံစားခွင့်သည် ပုဒ်မ ၁၇၂ အရ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အကျိုး ခံစားခွင့်တစ်ရပ်ဖြစ်ခဲ့လျှင်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ပုဒ်မခွဲ (ခ) တွင် ပါရှိသည့် သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် -

(၁) အဆိုပါဒါရိုက်တာသည် အကျိုးခံစားခွင့် ပါရှိသော ကိစ္စရပ်နှင့် စပ်လျဉ်း၍ မဲပေးနိုင်သည်။

(၂) အကျိုးခံစားခွင့်ပါရှိသော လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆက်လက်ပြုလုပ်နိုင်သည်။

(၃) ဒါရိုက်တာတွင် အကျိုးခံစားခွင့်ရှိစေကာမူ အဆိုပါဒါရိုက်တာသည် လုပ်ငန်းဆောင်ရွက်မှုမှ ရရှိသည့် အကျိုးအမြတ်များကို ရယူနိုင်သည်။ ၎င်းအပြင်

(၄) အကျိုးခံစားခွင့်ပါရှိသည်ဆိုကာမျှဖြင့် ကုမ္ပဏီသည်လုပ်ငန်းဆောင်ရွက်မှုကို ရှောင်ရှားခြင်း မပြုနိုင်။

**ဒါရိုက်တာများနှင့် အရာရှိများ၏ တာဝန်များ**

**တာဝန်များ**

၁၆၄။ပုဒ်မ ၁၆၅ မှ ပုဒ်မ ၁၇၂ အထိတွင် ဒါရိုက်တာများနှင့် အရာရှိများအား ပေးအပ်ထားသည့် အဓိကတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ သို့သော် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်ထားသော တာဝန်များကို ကန့်သတ်ထားခြင်း မရှိစေရ။

**ထိုက်သင့်သောဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်**

၁၆၅။(က) ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် အောက်ပါအခြေအနေများတွင် သာမန် ပုဂ္ဂိုလ်တစ်ဦးက ထားရှိသော ဂရုပြုမှုနှင့် လုံ့လဝီရိယတို့ဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ခြင်းတို့ကို ပြုလုပ်ရမည် -

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အခြေအနေအရပ်ရပ်တို့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ်ရှိခဲ့ကြလျှင် သို့မဟုတ်

(၂) ဖော်ပြပါ ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ရာထူးရယူခဲ့ပြီး ယင်းတို့ကဲ့သို့ အလားတူတာဝန်များရှိခဲ့ကြလျှင်။

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးသည် ယင်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်းနှင့် တာဝန်များကို ထမ်းဆောင်သောအခါ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော လုပ်ဆောင်မှုတစ်ရပ်ရပ်ကို ပြုလုပ်မည်၊ မပြုလုပ်မည် ဟူသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင် အောက်ပါကိစ္စရပ်များကို ပြုလုပ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ သတ်မှတ်ချက်များ၊ အလားတူဥပဒေနှင့်အညီဖြစ်သော တာဝန်များနှင့် ပုဒ်မ ၁၇၀ ပါတာဝန်များကို လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည် -

(၁) ဆုံးဖြတ်ချက်အား လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ချမှတ်ခဲ့လျှင်၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်မပါရှိလျှင်၊

(၃) ဆုံးဖြတ်ချက် ချမှတ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ဒါရိုက်တာများကိုယ်တိုင် သင့်လျော်မျှတသည်ဟု ယုံကြည်လျှင်၊ ၎င်းအပြင်

(၄) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်လျှင်။

**ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်**

၁၆၆။(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို အောက်ပါအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့်သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ နှင့်

(၂) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် ဆောင်ရွက်ခြင်း။

**ဆက်လက်ဖော်ပြပါမည်။**




## ဆေးတက္ကသိုလ်(မန္တလေး)နှင့် ကျောင်းသားများသမဂ္ဂတို့ပူးပေါင်း၍ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် Micro Marathonပြိုင်ပွဲကျင်းပ

**ချမ်းအေးသာစံ ဒီဇင်ဘာ ၂၅**

ဆေးတက္ကသိုလ်(မန္တလေး)နှင့် ကျောင်းသားများသမဂ္ဂတို့မှဦးဆောင်၍ ဆေးတက္ကသိုလ်(မန္တလေး)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မှ ဆရာဝန်များ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် Micro Marathonပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ ဆေးတက္ကသိုလ်(မန္တလေး)စုရပ်၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ဆေးတက္ကသိုလ်(မန္တလေး) မှပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်နှင့် ဆရာဝန်များ၊ ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားကျောင်းသူများသည်သတ်မှတ်စုရပ်မှလမ်း ၃၀ အတိုင်း လမ်း ၇၀ အထိ၊ ၎င်းမှ ၂၆ လမ်းအတိုင်း ၆၆ လမ်းအထိ၊ ၎င်းမှလမ်း ၃၀ အတိုင်း စုရပ်ဆေးတက္ကသိုလ်(မန္တလေး)အထိ တပျော်တပါး စုပေါင်း လမ်းလျှောက်ကြသည်။

ထို့နောက် ဆုပေးပွဲဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်ကအမျိုးသားအမြန်လမ်းလျှောက်ပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအားလည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဒေါက်တာ ခင်မောင်လွင်က အမျိုးသမီးအမြန်လမ်းလျှောက်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင်များ စိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူများ နေ့စဉ်ဝင်ငွေပိုမိုရရှိ

**ဝမ်းတွင်း ဒီဇင်ဘာ ၂၅**

ကျေးလက်နေ ပြည်သူများသည် လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင် စိုက်ပျိုးခြင်းဖြင့် နေ့စဉ်ဝင်ငွေ ပိုမိုရရှိကြောင်း သိရသည်။

လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင်ကို ရေစီးရေလာကောင်းမွန်ပြီး သဲနုန်းမြေဆန်သောဆင်ခြေလျှောနေရာများတွင် စိုက်ပျိုးနိုင်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒေသခံအစုအဖွဲ့ပိုင် သီးနှံသစ်တောရောနှောစိုက်ခင်းအဖြစ် ခွင့်ပြုချက်ရရှိပြီး မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အရှေ့ခြမ်း၊ ရွာငံမြို့နယ်(ရှမ်းရိုးမ)အစပ်တောင်ခြေ၌ တောင်ကြီးကုန်းကြိုးဝိုင်း မြေဧက ၅၅၀ ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှစတင်စိုက်ပျိုးခဲ့ကြောင်း လျှော်ဖြူပင် (ခေါ်) ဆေးကုလားမပင်သည် ထွက်ရှိသည့် အရည်အသွေးများပေါ်မူတည်၍ ဈေးနှုန်းများကွာခြားလျက်ရှိသည်။ တစ်ဧကတွင် အပင်၂၀၀ စိုက်ပျိုးမည် ဆိုပါက ပျမ်းမျှအားဖြင့် သုံးပိဿာ နှုန်းထွက်ရှိရာ တစ်ပိဿာကို ကျပ် ၄၀၀၀၀ ဈေးဖြင့်ရောင်းချပါက တစ်ရက်ကို ကျပ် ၁၂၀၀၀၀ရောင်းချနိုင်ကြောင်း၊ ယခုအချိန်တွင် မန္တလေးမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ရောင်းချနေရကြောင်း၊ နောင်တစ်ချိန်တွင် တရုတ်နိုင်ငံသို့ ပွဲစားမလိုဘဲ စိုက်ပျိုးသူကိုယ်တိုင် ရောင်းချလာနိုင်မည်ဟု ယုံကြည်ကြောင်း၊ မျိုးစေ့နှင့် ပျိုးပင်များဝယ်ယူလိုပါက ဝမ်းတွင်းမြို့နယ် ရိုးစုံအုပ်စု တောင်ကြီးကုန်းစိုက်ကွင်း ဒေသအစုအဖွဲ့ပိုင်း လျှော်ဖြူစိုက်ခင်း၌ ဝယ်ယူနိုင်ကြောင်း အထက်မြန်မာပြည် လျှော်ဖြူဥက္ကဋ္ဌ ဦးအုန်းညွန့်က ပြောပြသည်။

ဆက်လက်၍ "၂၀၀၄-၂၀၀၅ ခုနှစ်ဝန်းကျင်က စတင်ပြီး လျှော်ဖြူပင်ကို စိုက်ပျိုးခဲ့ပါတယ်။ စိုက်တုန်းကတော့ ဘေးပတ်ဝန်းကျင်က တောင်သူတွေ စိတ်မဝင်စားကြပါဘူး၊ ကျွန်တော့်မှာအခု လျှော်ဖြူပင် ၁၀ ဧကအထိ စိုက်ပျိုးထားပါတယ်၊

တစ်နှစ်ပတ်လုံးမှာမှ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်နှင့်ပြာသိုစတဲ့ ငါးလမှာ တစ်နေ့ကို အဆီ ၁၀ မှ ၁၅ ပိဿာထိထွက်ပါတယ်၊ ဒါကြောင့် တစ်နေ့လေးသိန်းကျော်၊ ငါးသိန်းအထိ ဝင်ငွေရပါတယ်" ဟု လျှော်ဖြူပင်စိုက်ပျိုးလုပ်ကိုင်သူ ဦးဂျော်နီက ပြောပြသည်။

လျှော်ဖြူအစေးကို ဆေးကုလားမအဖြစ် လည်းကောင်း၊ သစ်သားများကို အိမ်ဆောက်ရာတွင်လည်းကောင်း၊ အစေးမှုန့်ကို ချည်ထည်လုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ စက်မှုကုန်ကြမ်းလုပ်ငန်း စသည်များတွင်လည်းကောင်း အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့အပြင် မြန်မာပြည်အလယ်ပိုင်းတွင် အဓိကထွက်ရှိသည့် လျှော်ဖြူ(ခေါ်)ဆေးကုလားမကို အခြေခံကုန်ကြမ်းအဖြစ်အသုံးပြု၍ ဂျာမနီနိုင်ငံမှ မာစီဒီးနှင့် ဂျပန်နိုင်ငံမှ ဆူမိမိုကုမ္ပဏီတို့သည် လျှော်ဖြူမှထုတ်လုပ်သည့် ကားမှန်ပြုလုပ်သော Glassfiber စက်ရုံကိုမြန်မာနိုင်ငံတွင် လာရောက်တည်ဆောက်ရန် သစ်တော၊ သယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး FREDA အသင်းနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားကုမ္ပဏီများမှ စက်ရုံလာရောက်တည်ဆောက်ပါက ကုန်ကြမ်းထုတ်လုပ်မှုအတွက် လိုအပ်သည့် ပမာဏရရှိရန် အာမခံနိုင်တဲ့အပြင် ကုန်ကြမ်း လိုအပ်ချက်များအတွက် လျှော်ဖြူကို မဖြစ်မနေစိုက်ကြရတော့မည်ဖြစ်သည့်အတွက် တောင်သူတောင်သားတွေလည်း အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူအပြင် အခြားအပင်တွေပါ စိုက်ပျိုးလာလျှင် ပတ်ဝန်းကျင်အတွက် အကျိုးသက်ရောက် မှုရှိပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရာလည်း ရောက်မည်ဟု FREDA မှ ဥက္ကဋ္ဌ ဦးအုန်းက ဆိုသည်။ **ဆလိုင်းကိုကီး**



## လုံခြုံစွာ စာပေးပို့နိုင်ရေး ဆွေးနွေးပို့ချ

**မြင်းခြံ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် Electronics Document Management System ဖြင့် လုံခြုံစွာ စာပေးပို့နိုင်ရေးဆွေးနွေးပို့ချခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်က ယခုအခါ နိုင်ငံအနေဖြင့် e-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပို့ချသည့် EDMS ကိုကြိုးကြိုးစားစား သင်ယူသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ စာကြည့်တိုက်မှူးများ၊ ဓာတ်ပုံကျွမ်းကျင်-၂ များ၊ ရုံးစာရေးများ စုစုပေါင်း သင်တန်းသားသင်တန်းသူ ရုံးဝန်ထမ်း ၂၆ ဦး တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



## မိတ္ထီလာလက်ပံ-ခါးကော့ကျေးရွာချောင်းကူးတံတား ပြုပြင်ရန်လိုအပ်

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မိတ္ထီလာမြို့နယ် လက်ပံ-ခါးကော့ကျေးရွာအနီး ကျေးရွာချောင်းကူးတံတားမှာ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကျေးရွာများမှဒေသခံများအတွက်ဘေးအန္တရာယ်ဖြစ်နိုင်သည်အထိ ပျက်စီးယိုယွင်းနေသောကြောင့် ပြုပြင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိကြောင်းသိရသည်။

"လက်ပံ-ခါးကော့ကျေးရွာချောင်းကူးတံတားပေါ်ကနေ လက်ပံ-ခါးကော့၊ အင်းပက်လက်၊ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ အုတ်မြေကန်၊ အင်ကြင်းစု၊ ဂဠုန်ကုန်းစတဲ့ ကျေးရွာပေါင်း ၁၀ ရွာ ခန့် ကျေးရွာဒေသခံတွေ နေ့စဉ်ဖြတ်သန်းသွားလာနေရပါတယ်၊ မိတ္ထီလာမြို့ပေါ်ကို ကျေးရွာဒေသထွက်သီးနှံတွေ တင်ပို့ရောင်းချတာအပြင် ကျန်းမာရေးလူမှုရေးပညာရေးနဲ့ အခြားနိစ္စဓူဝကိစ္စရပ်တွေအတွက် ဒီချောင်းကူးတံတားပေါ်က ဖြတ်သန်းသွားလာနေရတာမို့ တံတားယိုယွင်းပျက်စီးနေမှုကို သက်ဆိုင်ရာဌာနတာဝန်ရှိသူတွေအနေနဲ့ ပြုပြင်ပေးစေချင်ပါတယ်၊ စက်ဘီးနဲ့ မြို့ပေါ်ကိုသွားလာတဲ့ ကလေး၊ လူကြီးတွေအတွက်လည်း နေ့စဉ်မကြာခဏဆိုသလို တံတားပေါ်က သတိထားဖြတ်သန်းသွားလာရတာ ဘေးအန္တရာယ်များပါတယ်၊ တံတားလက်ရန်းတွေ ပျက်စီးနေသလို တံတားကြမ်းခင်းတွေကလည်း ဆိုးဆိုးရွားရွား ပျက်စီးပေါက်ပြဲနေပါတယ်" ဟု လက်ပံ-ခါးကော့ကျေးရွာဒေသခံ အမျိုးသမီးငယ်တစ်ဦးက ပြောသည်။

လက်ပံ-ခါးကော့ကျေးရွာ ချောင်းကူး သစ်သားတံတားကို ၂၀၁၃ ခုနှစ်အတွင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလကြာမြင့်ခြင်း၊ တံတားခံနိုင်ဝန်ထက်ကျော်လွန်သည့် သဲကား၊ကျောက်ကားများ ဖြတ်သန်းသွားလာမှုများခြင်း၊ ရာသီဥတုဒဏ်ကို ခံရခြင်းတို့ကြောင့် ယခုအခါ ဖြတ်သန်းသွားလာသည့် ဒေသခံများဘေးအန္တရာယ်ဖြစ်နိုင်သည်အထိ ပျက်စီးယိုယွင်းလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ရွှေဘိုမြို့နယ်၌ ရွှေဘိုပေါ်ဆန်း(SRI) နည်းစနစ် စံပြစိုက်ပျိုးထုတ်လုပ်မှု ကွင်းသရုပ်ပြပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် United Nilar Agribusiness Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သော ရွှေဘိုပေါ်ဆန်း (SRI) နည်းစနစ် စံပြစိုက်ပျိုးထုတ်လုပ်မှု ကွင်းသရုပ်ပြပွဲကို မြင်းချင်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ တောင်သူ ဦးရွှေမောင်၏ ကွင်းအမှတ် ၃၀၃၁၊ ဦးပိုင်အမှတ် ၂၈ တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

UNA ကုမ္ပဏီက Agri Consultant ဦးမောင်မောင်သန်းက ရွှေဘိုပေါ်ဆန်း (SRI) နည်းစနစ် စံပြစိုက်ကွင်းများ ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးတောင်သူ လယ်သမားရေးရာ လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက တိုင်းဒေသကြီးအတွင်း သီးနှံများ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် UNAကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက ကျေးဇူးတင် စကားပြောပြီး အခမ်းအနားသို့တက်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တောင်သူများက ရွှေဘိုပေါ်ဆန်း(SRI) နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်သည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်ပြီး စံပြစိုက်ကွင်း (၁၀) ဧကအတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ရွှေဘိုပေါ်ဆန်း (SRI) နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးမိုးကျော်သူ၊ ဒေါက်တာအေဇင်လတ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများ၊ ဆန်စက်ပိုင်ရှင်များ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တောင်သူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ကြည့်ရှုခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက သီးနှံများတွင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုအပေါ်တွင် ဓာတ်ကြွင်းအာနိသင်များပြီး သီးနှံအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်နေ၍ အကျိုးပြုအဏုဇီဝ မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးအသုံးပြုပြီး (SRI)နည်းဖြင့် စိုက်ပျိုးလျှင် သီးနှံအထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်သော သီးနှံများရရှိစေရန် ရည်ရွယ်ပြီး ယခုလိုကွင်းသရုပ်ပြရကြောင်း ပြောသည်။

**ခင်ဦးစိုးဝေ**

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဆက်သွယ်နိုင်မည့် လမ်းသစ် တစ်လမ်းနှင့် မြစ်ကူးတံတားတစ်စင်း ထပ်မံဖောက်လုပ်တည်ဆောက်နိုင်ရန် တွေ့ဆုံညှိနှိုင်း



**ပဲခူး ဒီဇင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဆက်သွယ်နိုင်မည့် လမ်းသစ် တစ်လမ်းနှင့် မြစ်ကူးတံတားတစ်စင်း ထပ်မံဖောက်လုပ်တည်ဆောက်နိုင်ရန် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။


ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဆက်သွယ်နိုင်မည့် လမ်းသစ် တစ်လမ်း ထပ်မံဖောက်လုပ်ရန်နှင့် ပဲခူးမြစ်ကူးတံတား တစ်စင်း တည်ဆောက်ရန်တို့အတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ယခုဖောက်လုပ်မည့် စီမံကိန်းသည် အနာဂတ်တွင် တိုင်းပြည်အတွက် အလွန်အရေးပါလာမည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ ရန်ကုန် သီလဝါဆိပ်ကမ်းနှင့် ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အပံ့ဖြစ်နိုင်စေရန် ယခုစီမံကိန်းအား တည်ဆောက်ရန်ရည်ရွယ်ရခြင်းဖြစ်ကြောင်း၊ သီလဝါဆိပ်ကမ်းမှ ကုန်သေတ္တာများအား ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် သပြု-ရှမ်းကံ-ကဝလမ်းအား ချိတ်ဆက်၍ တိုင်းဒေသကြီးနှစ်ခု၏ ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်သွားစေရန်အတွက်ဖြစ်ကြောင်း၊ ယခုဖောက်လုပ်မည့်လမ်းသည် နောင်အနာဂတ်အတွက် အလွန်အရေးပါပြီး ပဲခူးမြို့ရှိ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးသည် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်-ဟံသာဝတီ-ပဲခူး အဓိက စီးပွားရေးစင်္ကြံဇရိယာအတွင်း ကျရောက်လျက်ရှိခြင်း၊ အရှေ့ဘက် ထိုင်းနိုင်ငံနှင့် အထက် မြန်မာပြည်တို့မှ ကုန်စည်စီးဆင်းမှုများ၏ လမ်းဆုံတွင်ရှိနေသဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိနေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့ ၁၀ မှ အင်ဂျင်နီယာချုပ် ဦးကျော်ကောင်းချို က ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် သပြု-ရှမ်းကံ-ကဝလမ်းနှင့် ပဲခူးမြစ်ကူးတံတား တည်ဆောက်နိုင်မည့် လျာထား စီမံကိန်းသုံးခုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး-(မြို့ပြ) ဦးဇော်ထွန်းက လမ်းဖောက်လုပ်ခြင်းနှင့် တံတားသစ်တည်ဆောက်နိုင်ရန်တို့အတွက် လျာထားစီမံကိန်းသုံးခုအပြင် မြေပြင်ကွင်းဆင်းတိုင်းတာဆောင်ရွက်ချက်အရ ထပ်မံ၍ အနာဂတ်အတွက် ထပ်မံတိုးချဲ့ခြင်းများ ဆောင်ရွက်နိုင်မည့် လမ်းနေရာနှင့် တံတား တည်ဆောက်မည့်နေရာတို့ကို တင်ပြခဲ့သည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဥပဒေ၊ အင်ဂျင်နီယာချုပ်နှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းနှင့် သပြု-ရှမ်းကံ-ကဝလမ်းနှင့် ပဲခူးမြစ်ကူးတံတား တည်ဆောက်ခြင်းအပြင် ပဲခူးမြစ်အား ပြန်လည်အဆင့်မြှင့်တင်ပြီး သီလဝါဆိပ်ကမ်းမှ ကုန်သေတ္တာများအား ကုန်တင်သင်္ဘောများဖြင့် ပဲခူးမြစ်အတိုင်း သယ်ဆောင်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အတွင်း ကုန်းတွင်းဆိပ်ကမ်း (Dry Port) တစ်ခု တည်ဆောက်ရန် လျာထားချက်ရှိကြောင်း၊ ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ဝေးကွာလွန်းသော နယ်မြို့လေးများ၏ စီးပွားရေးဖွံ့ဖြိုးမှုများအား အထောက်အကူပြုစေရန်၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် စီမံကိန်း စတင်ပါက ရန်ကုန် တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၍ ယခုစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပထမဆုံးပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်း တစ်ခုဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သည်။ **တင်စိုး(ပဲခူး)**



ရန်ကုန်မြို့လယ် ဆူးလေစေတီ၊ မြို့တော်ခန်းမနှင့် ဓမ္မာနွေလ ဘုရားကျောင်းပတ်ဝန်းကျင်တွင် ဒီဇင်ဘာ ၂၄ ရက်က ပြည်သူအများ လွတ်လပ်ပျော်ရွှင်စွာဖြင့် ခရစ်စမတ်ပွဲဆင်နွှဲနေသည်ကို မြင်တွေ့ရစဉ်။ ကိုကြီးစိုး(ဆိပ်ကမ်း)

## ဝေါမြို့နယ်တွင် မူးခင်းလျော့နည်းကျဆင်းရေး အသိပညာပေးယာဉ်ဖြင့် ပညာပေးဟောပြော

**ဝေါ ဒီဇင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ဝေါမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအေးမြင့်၊ဒုရဲမှူးတင့်ဆွေ၊ ရဲအုပ်ဝင်းမင်းထွေး ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မူးခင်းလျော့နည်းကျဆင်းရေး အသိပညာပေး ပြခန်းယာဉ်ဖြင့် ဝေါမြို့ သစ်စက်ရပ်ကွက် ဘူတာလမ်းဆုံနှင့် တနော်ကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကျင်းပခဲ့သည်။

ဝေါမြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအေးမြင့်က မူးခင်းလျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းများအားလည်းကောင်း၊ ဝေါမြို့မ ရဲစခန်းမှူး ဒုရဲမှူးတင့်ဆွေက လူကုန်ကူးမှု လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးဖြစ်ပေါ်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ခရီးသွားပြည်သူ ၃၅၀ ခန့်အား မူးခင်းကျဆင်းရေးရဲတပ်ဖွဲ့ဝင်များက မူးခင်းလျော့နည်းကျဆင်းရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

**အောင်မြတ်လင်း (ဝေါ)**

## ပထမအကြိမ် ကျောင်းသားအားကစားပွဲတော် တွံတေးမြို့၌ ကျင်းပ

**တွံတေး ဒီဇင်ဘာ ၂၅**
ထူးချွန်ထက်မြက်သော ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော တွံတေးမြို့နယ် ကျောင်းသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက မြို့မဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ပထမအကြိမ် ကျောင်းသားအားကစားပွဲတော်ကို ကျောင်းပေါင်း ၁၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၉၀၀ ကျော်တို့က အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအားဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လွင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

ပန်းဖွားအက၊ မြန်မာနိုင်ငံဝုရှုးအဖွဲ့ချုပ်မှ ဝုရှုးစွမ်းရည်၊ မြန်မာ့သိုင်းစွမ်းရည်၊ ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ ကျောင်းသားအားကစားပွဲတော်တွင် အားကစားနည်း ရှစ်မျိုးတွင် ကျောင်းသား၊ ကျောင်းသူ ၉၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၃၁ ရက်ထိကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးလှိုင် (တွံတေး)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ တတိယဆုရ သန်လျင်မြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် (၂၂) အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ သန်လျင်မြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က ဂုဏ်ပြုပွဲကျင်းပရခြင်းအား ရှင်းလင်းအမှာစကားပြောကြားပြီး သန်လျင်မြို့နယ် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်သူနည်းပြဆရာ ဦးအေးကြူက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တတိယဆုရ သန်လျင်မြို့နယ် အသက် (၂၂) အောက် ဘောလုံးအသင်းအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က ဂုဏ်ပြုဆုငွေကျပ် ၃၀၉၀၀၀၀ အား ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**



## သုံးခွမြို့နယ်၌တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်း သင်တန်းဖွင့်

**သုံးခွ ဒီဇင်ဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒီဇင်ဘာ၂၄ ရက် မွန်းတည့် ၁၂ နာရီက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် သင်တန်းဖွင့်လှစ်သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်က စာရင်းကောက်ယူရာတွင် စာရင်းကောက်သူများအား စာရင်းဇယားများနှင့် စနစ်တကျမှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် ကောက်ယူပုံ ကောက်ယူနည်းစနစ်များကို သင်တန်းပို့ချပေးခဲ့ကြောင်းသိရပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ မြို့ပေါ် ရပ်ကွက်နှစ်ခုနှင့် ရွာပေါင်း ၃၂ ရွာတွင် တိရစ္ဆာန်စာရင်းကောက်ယူနိုင်ရန်အတွက် နန်းခလဲကျေးရွာ၊ ကျောင်းစုပတုပ်ကျေးရွာ၊ ဘုရားကြီးကျေးရွာ၊ မင်းရွာ၊ အသင်းကျေးရွာ၊ လက်ပန်ချောင်ကျေးရွာ၊ ကျေးရွာငါးရွာတွင် သင်တန်းသား ၁၂၀ အား သင်တန်းငါးကြိမ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ **ကိုကျော်(သုံးခွ)**

# စွယ်စုံရ သဘာဝ မင်းသား မောင်သင်

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

မြန်မာ့ရုပ်ရှင်လောကသို့ အလွှာအသီးသီးမှ ဝင်ရောက်လာကြသူများထဲတွင် ပညာတတ်များနှင့် တပ်မတော်အရာရှိကြီးများလည်း ပါဝင်သည်။ သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီ ဗိုလ်ဗကိုဆိုလျှင် ယေးလ်တက္ကသိုလ်မှ M.A ဘွဲ့ရပညာတတ် ဗိုလ်မှူးတစ်ဦး၊ သရုပ်ဆောင် မောင်မောင်တာနှင့် အကယ်ဒမီများရှင် ဝင်းဦးတို့သည်လည်း မြန်မာ့တပ်မတော်မှ ဗိုလ်ကြီးများ၊ မင်းသားစိုးသူကဲ့သို့ ဆရာဝန်ဘွဲ့ရ၊ မင်းဦးနှင့် ဒွေးကဲ့သို့ အင်ဂျင်နီယာဘွဲ့ရများလည်း ပါဝင်လာသည်ကို တွေ့ရှိရသည်။ ထိုသို့သော ပညာတတ်များထဲမှာမှ မြန်မာ့ရုပ်ရှင်သမိုင်းတွင် တစ်မူထူးခြားသည့် မင်းသားတစ်လက်ကို သတိပြုမိသည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလက ယနေ့ခေတ်ကဲ့သို့ ပညာတတ်များ မပေါများသေး။ ဘွဲ့ရဆိုသည်မှာလည်း ရှားရှားပါးပါး၊ စစ်ဆရာဝန် ဗိုလ်ကြီးဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ ထိုသို့သော ပညာအရာ၊ ရာထူးအရာတို့ဖြင့် ဂုဏ်တင့်နေပါလျက်၊ ဆေးပညာဖြင့် လက်ဖျား ငွေသီးနိုင်ပါလျက် အနုပညာကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဖြင့် ဆေးလောကကို စွန့်ပြီး မြန်မာ့ရုပ်ရှင်လောကသို့ ခြေစုံပစ် ဝင်ရောက်ခဲ့သော ထိုသူကား-

"စာရေးဆရာ၊ ဒါရိုက်တာ၊ မင်းသား အကယ်ဒမီမောင်သင်" အဘရွှာသူကြီး ဦးငွေဇင်၊ အမိဒေါ်သီလတို့ က မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ထန်းခွရွာ၌ ၂၂-၅-၁၉၂၀ ရက် (တနင်္ဂနွေနေ့)တွင် မွေးဖွားခဲ့သည်။ အမည်ရင်း မောင်သင်၊ မွေးချင်းရှစ်ယောက်အနက် ဆဋ္ဌမမြောက်၊ ထိုစဉ်က ရထားလမ်းမပေါက်သည့် မြို့ပြနှင့် အလှမ်းဝေးရာ ကျေးလက်ဒေသတောရွာမှာ နေသော်လည်း ဖခင်ဖြစ်သူ သူကြီးသည် ပညာ၏ တန်ဖိုးကို နားလည်သည်၊ ဗဟုသုတအကြားအမြင်ရှိသည်။ ခရိုင်မြို့ကြီးများသို့ တာဝန်အရ ကူးလူးဆက်ဆံသွားလာနေရသည့်အတွက် လူရည်လည်ပြီး အရာရှိအရာခံများနှင့် ဆက်ဆံရဖန်များသဖြင့် မျက်စိပွင့် နားပွင့်၊ ထိုခေတ် ထိုအခါက ကျေးလက်နေပြည်သူအများစုသည် ပညာတတ်ရေး ဦးစားမပေး၊ ရေးတတ်ဖတ်တတ်ဖြင့် ကျေနပ်နေကြသူက များသည်။

မောင်သင်၏ဖခင် ဦးငွေဇင်သည် ရှေ့ရေးမြော်တွေးပြီး သားသမီးများ ပညာတတ်များဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချထားသူ၊ ရည်ရွယ်ထားသည့် အတိုင်းလည်း ဖြစ်အောင် သားသမီးများကိုပြုစုပျိုးထောင်ပေးသည်။ သို့ဖြစ်၍ သားအကြီးဆုံး ဦးတင်အောင်နှင့် မောင်သင်၏အထက် ပဉ္စမမြောက်အစ်ကိုတို့သည် ပညာတတ်ရှားပါးသည့် ထိုကာလမှာပင် B.A, B.L ဘွဲ့များ ရရှိခဲ့သည်။ မောင်သင်သည် ငယ်စဉ်က သူ၏ဇာတိ ထန်းခွရွာ မူလတန်းကျောင်းမှာ စတင်ပညာသင်ကြားခဲ့ပြီး ဆက်၍ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းနှင့် မြင်းခြံအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ မြင်းခြံအထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ဆေးကျောင်းဆက်တက်ခဲ့ရာ ဆရာဝန်




အတတ်ကို စစ်ပြီးခေတ်ကျမှ အောင်မြင်ခဲ့သည်။ ထို့နောက် ဗမာ့တပ်မတော်ဆေးဘက်ဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရာ ရှေ့တန်းစစ်မျက်နှာသို့ အများဆုံးလိုက်ပါခဲ့ရသည်။ ၁၀ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၅၈ ခုနှစ်တွင် စစ်ဆရာဝန် ဗိုလ်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။

တပ်မတော်မှ အငြိမ်းစားယူပြီးနောက် ရုပ်ရှင်နယ်သို့ဝင်ရောက်ခဲ့ရာ သရုပ်ဆောင်အဖြစ်နှင့်သာမက ဒါရိုက်တာအဖြစ်နှင့်လည်း ဇာတ်ကားများ ရိုက်ခဲ့သည်။ မောင်သင် ပါဝင်ရိုက်ကူးခဲ့သည့် ဇာတ်ကား ၃၅ ကားခန့် ရှိသည့်အနက် ထင်ရှားသောဇာတ်ကားအချို့ကို ဖော်ပြရလျှင် 'ရေမြေဆုံးတိုင်၊ ချစ်သွေးသစ္စာ၊ စိုးပါနဲ့မေရယ်၊ မင်းခေါင်၊ ဘုရားပေးသောလက်၊ သူသည်တစ်ကွေ့ဝယ်၊ အနန္တမေတ္တာ၊ စိမ်းသင့်မှစိမ်း၊ နမ်းမဝတဲ့အာရုံ၊ စိတ်၊ တင့်လှပေဟန်၊ သီတာနဲ့နီလာ၊ ချစ်မှာတမ်း၊ မရွှေချော၊ မိ၊ အတွေ့၊ မိချစ်တဲ့မောင်၊ ညီမလေးရယ်စိုးရိမ်မိတယ်၊ ချစ်တာသူ့ကို၊ တစ်မိုးတစ်မြေ၊ သဇင်၊ တစ်ပါးကျွန်၊ အောင်မင်းအောင်ချင်း၊ မြိုင်မာလာ၊ သီတင်းကျွတ်တော့မည်၊ မေတ္တာရေလှိုင်း၊ တောပုန်းကြီးစံဖဲ၊ ပန်းညွှန့်ညာကြွေ၊ မုန်တိုင်းစဲလေသော်၊ တွေ့အောင်ရှာမယ်၊ အရိပ်ပမာ၊ ပင်လယ်ပြာရဲ့တံငါရွာ' တို့ ဖြစ်သည်။ ဇာတ်ကားအများစုမှာ အချစ်အလွမ်းနှင့် အိမ်ထောင်ရေး ပညာပေးဇာတ်ကားများဖြစ်ပြီး "အတွေ့" ဇာတ်ကားကိုဖြင့် ပရိသတ်များ ယနေ့တိုင် မမေ့နိုင်။

ထင်ပေါ်ကျော်ကြားသည့် ဒါရိုက်တာကြီးများဖြစ်သော ဦးသုခ၊ ရွှေဒုံးဘီအောင်၊ ရွှေဘော်၊ သက်လယ်၊ တက္ကသိုလ်ဝင်းဖေ၊ တင့်တယ်၊ မောင်မောင်မြင့်၊ တင်ညွှန့်၊ သန်းနွဲ့၊ မြင့်ဖေတို့နှင့် အများဆုံး တွဲဖက်ရိုက်ကူးခဲ့ပြီး အတွဲအများဆုံးသော မင်းသမီးများမှာ ကြည်ကြည်ဌေး၊ တင်တင်မူ၊ မြင့်မြင့်ခင်၊ သီသီ၊ ခင်သန်းနု၊ ဖျာပုံမယ်တင်တင်အေး၊ မေသစ်၊ သင်းသင်းလှဲ့၊ ခင်ယုမေ၊ မေရီမြ၊ မြင့်မြင့်ဌေး၊ စံရှားတင်တို့ ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် မောင်သင်သည် သူကိုယ်တိုင်ရေးသားသည့် "တင့်လှပေဟန်" ဝတ္ထုကို ကိုယ်တိုင်သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ်နှင့် ရိုက်ကူးခဲ့သည်။ ရတနာရုပ်ရှင်မှ ထုတ်လုပ်သည့် "တင့်လှပေဟန်" ရုပ်ရှင်ဇာတ်ကားကြီးသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဂန္ထဝင်ဇာတ်ကားအဖြစ် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့လေသည်။ ထို့ပြင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ်နှင့် အရိပ်ပမာ၊ ချစ်တာသူ့ကို၊ ဒါရိုက်တာအဖြစ်နှင့် ပန်းပုသူဇာ ဇာတ်ကားတို့ကိုလည်း ရိုက်ကူးခဲ့ကြောင်း သိရသည်။

၁၉၆၀ ပြည့်နှစ်အတွင်း မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း ၅၇ ခုတို့က အသံထွက်ဇာတ်ကားပေါင်း ၇၃ ကား ရိုက်ကူးထုတ်လုပ်ရုံတင်ပြသခဲ့ရာ မြင်ကွင်းကျယ်ငါးကားနှင့် ဆေးရောင်စုံတစ်ကားလည်း ပါဝင်သည်။ ကားအများစုကလည်း ရွှေးရခက်လောက်အောင် လက်စွမ်းပြထားကြသည်ဖြစ်ရာ ဇာတ်ကား ၇၃ ကားအနက်မှ မောင်သင် ပါဝင်သရုပ်ဆောင်သည့် "ရေမြေဆုံးတိုင်" "ချစ်သွေးသစ္စာ" နှင့် "စိုးပါနဲ့မေရယ်" ဇာတ်ကားသုံးကားဖြင့် မောင်သင်သည် အကယ်ဒမီထူးချွန်ဆု ရရှိခဲ့သည်။ ထိုနှစ်ထဲမှာပင် မောင်သင်သည် ရုပ်ရှင်ဝါသနာအိုးများအဖွဲ့က ချီးမြှင့်သည့် "သူရဿတီ" မယ်တော်ရုပ်တု ဆုကိုလည်း ထပ်မံရရှိခဲ့ပြန်သည်။

Style ဟုပင် ဆိုရမည်လား၊ မောင်သင်သည် စကားပြောလျှင် သက်ပြင်းချချ ပြောတတ်လေ့ရှိရာ ထိုအမူအရာကလည်း တစ်မျိုးကြည့်ကောင်းနေပြန်သည်။ မောင်သင်သည် သရုပ်ဆောင်ကောင်းရုံသာမက စာအရေးအသားလည်း ကောင်းသည်။ ငယ်စဉ်ကတည်းက စာပေချစ်မြတ်နိုးသူ၊ စာရေးဆရာဖြစ်လိုစိတ် ပြင်းထန်သူဖြစ်ရာ အထက်တန်းကျောင်းသားဘဝကတည်းက စနေ၊ နဂါးနီဂျာနယ်၊ ဂျာနယ်ကျော်တို့တွင် ဝတ္ထု ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ဆက်၍ လွတ်လပ်ရေးရပြီးနောက် ရှုမဝမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းနှင့် သွေးသောက်မဂ္ဂဇင်းတို့တွင် ဆေးပညာအခြေခံ ဝတ္ထုပေါင်းများစွာ ရေးသားခဲ့ပြန်သည်။ ထို့ပြင် လုံးချင်းဝတ္ထုပေါင်းများစွာကိုလည်း ရေးသားထုတ်ဝေခဲ့ရာ ၁၉၄၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်ဝန်းကျင်အထိ မောင်သင်၏ လက်ရာဝတ္ထုရှည် စာအုပ်ပေါင်း ၄၀ ရှိသည်။ ထင်ရှားကျော်ကြားသော ဝတ္ထုအချို့ကို ကောက်နုတ်တင်ပြရလျှင် - 'ချစ်သောအညို၊ မေတ္တာဟူသည်၊ တင့်လှပေဟန်၊ အစ်ကို (ဘာသာပြန်)၊ မိမိငယ်၊ ချစ်တာသူ့ကို၊ ဆရာဇာတ်လမ်းစုံ (၁)မှ (၅)၊ အတွေ့အကြုံ၊ မိုးမည်း၊ အပြစ်ကင်းသူပါ၊ အိမ်ထောင်ဦးသိပ္ပံ၊ မိန်းမများကိုလှစေသူ၊ တစ်သောင်း၌တစ်ယောက်၊ အညို့ကို ဘယ်လိုပြောရပ့်၊ အလွန်တရာချောမောလှပသည့် ဆရာဝန်ကတော်တစ်ဦး၊ ကြွေလုဟန်စော၊ ချစ်ခြင်းမေတ္တာဆိုသည်မှာ၊ တိမ်မှောင်ဝေကင်း၊ ရီရီဆိုင်းဆိုင်း၊ အောင်အောင်မြင်မြင်၊ ပင်မြင့်စံ၊ ဖြေလဲနော် ခုဖြေနိုင်ပြီ၊ မိုးကိုမျှော်သည်၊ မြရည်နန္ဒာ၊ မြင်ချင်လျက်သားမောင့်သက်ထား၊ စံရာဘုံရွှေနန်း၊ စိတ္တဇအလှ၊ မသီလဝတီ သို့မဟုတ် ဒေါက်တာရီရီခင်၊ အပိုင်၊ အရိပ်ပမာ၊ မောင့်ကရုဏာ၊ နှစ်သိမ့်ဆု၊ မိန်းမလှဇာတ်ကြောင်းရယ်' စသည်တို့ဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာ့ဇာတ်လမ်းစုံ အမှတ်(၁)ဖြင့် စာပေဗိမာန်စာမူဆု (ဝတ္ထုတို)ပေါင်းချုပ်ဆုနှင့် ၁၉၇၁ ခုနှစ်တွင် ဆရာ့ဇာတ်လမ်းစုံ အမှတ်(၅)ဖြင့် အမျိုးသားစာပေ(ဝတ္ထုတို)ပေါင်းချုပ်ဆုတို့ ရရှိခဲ့သည်။

မောင်သင်သည် ၁၉၅၂ ခုနှစ်တွင် ဒေါ်ခင်သက်ဇင်နှင့် လက်ထပ်ခဲ့ပြီး သားသမီး ငါးဦးထွန်းကားခဲ့ရာ ၁၇-၇-၁၉၉၃ ရက်တွင် သမီးလတ် ဒေါ်ညိုမိသင်နှင့် ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးကျော်ကျော်မိုးတို့ထံ အလည်အပတ်သွားရောက်ရင်း ရှမ်းပြည်(တောင်ပိုင်း) ဖယ်ခုံမြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန် အသက်(၇၂)နှစ်ရှိပြီဖြစ်သည်။

မောင်သင်ခေတ်ကို သိမီလိုက်သူများ ယနေ့တိုင် သက်ရှိထင်ရှားရှိနေပါသေးသည်။ ရိုးရိုးအေးအေး တည်တည်ငြိမ်ငြိမ်ဖြင့် သဘာဝအတိုင်း သရုပ်ဆောင်လေ့ရှိသည့်အတွက် မင်းသား အမည်ခံသော်လည်း မင်းသားနှင့်မတူ၊ သဏ္ဌာန်လုပ် သရုပ်တူအောင် စွမ်းဆောင်နိုင်သူဖြစ်ရာ ယနေ့တိုင် မမေ့နိုင် ရင်ဝယ်မှန်းဆ တသသ။ ။

***မှီငြမ်း။ ၂၀ ရာစု စာဆိုစစ်သည်များစာအုပ်နှင့် မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့် စာအုပ်။***



# စေ့စပ်လိုက်ပြီဖြစ်တဲ့ မက်ဂန်ထရိန်နာ


နာမည်ကျော်ပေ့ါပ် ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မက်ဂန်ထရိန်နာကတော့ လက်ရှိမှာ လက်တွဲနေတဲ့ ချစ်သူ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဒဲရိုလ်ဆာဘာရာနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သိရပါတယ်။ လတ်တလောမှာ အသက် (၂၄) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့်ဟာ မကြာသေးမီက ကျရောက်ခဲ့တဲ့ သူ့ရဲ့ (၂၄)နှစ်ပြည့် မွေးနေ့မတိုင်မီမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် စေ့စပ်လိုက်ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"All About That Bass" တေးသီချင်းရဲ့ တေးသံရှင် မက်ဂန်ထရိန်နာနဲ့ "Spy Kids"ရုပ်ရှင်ရဲ့ သရုပ်ဆောင်မင်းသား ဒဲရိုလ်ဆာဘာရာတို့ စေ့စပ်လိုက်ပြီဖြစ်ကြောင်းကိုတော့ မက်ဂန်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ကာ သူတို့နှစ်ဦးရဲ့ ဗီဒီယိုဖိုင်တစ်ခုကိုလည်း တွဲဖက်ဖော်ပြခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၁ ရက်မှာ မင်းသားက မက်ဂန်ရဲ့ မိဘတွေ၊ မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေရှေ့မှာ လက်ထပ်ခွင့်တောင်းဆိုခဲ့တာဖြစ်ပြီး မက်ဂန်ကလည်း တောင်းဆိုမှုကို လက်ခံခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ မက်ဂန်ဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၂ ရက်မှာ (၂၄) နှစ်ပြည့်ခဲ့ပြီဖြစ်ကာ ယခုနှစ်မွေးနေ့ပါတီမှာတော့ မွေးနေ့ဂုဏ်ပြုအပြင် စေ့စပ်ပွဲအတွက်ပါ အမှတ်တရအထိမ်းအမှတ်တစ်ခုဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။

မက်ဂန်က သူ့ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Hopeless Romantic"ရဲ့ တေးဗီဒီယိုကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ် သယ်ဆောင်လာခဲ့တာဖြစ်ပြီး အဆိုပါ ဗီဒီယိုမှာတော့ ဒဲရိုလ်က သူ့ကို သူငယ်ချင်းတွေ၊ မိဘတွေ၊ ဆွေမျိုးတွေရှေ့မှာ လက်ထပ်ခွင့်တောင်းခဲ့တဲ့ ပုံရိပ်တွေ ပါဝင်နေတာလည်း ဖြစ်ပါတယ်။ ယင်းဗီဒီယိုရဲ့ အောက်မှာတော့ ပေ့ါပ်ကြယ်ပွင့်က စေ့စပ်ပွဲနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ယင်းစာထဲမှာတော့ မက်ဂန်က သူ့ရဲချစ်သူကို ပျော်ရွှင်စရာနေ့ရက်တွေအတွက် ကျေးဇူးတင်ကြောင်း၊ အံ့အားသင့်ဖွယ် လက်ထပ်ခွင့်တောင်းဆိုမှုအတွက် ကျေးဇူးတင်ရှိကြောင်းနဲ့ သူငယ်ချင်းတွေကိုလည်း သူ့ကိုယ်သူ မင်းသမီးတစ်ပါးသဖွယ် ခံစားရလောက်အောင် ဝိုင်းဝန်းကူညီပေးကြတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားထားတာကိုလည်း တွေ့ရပါတယ်။



အသက် (၃၀)အရွယ်ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါ ချစ်သူဖြစ်တဲ့ ခရစ်စတိန်းကာရီနိုတွန်းလာတဲ့ ဈေးဝယ်လက်တွန်းလှည်းလွတ်တစ်ခုအတွင်း လိုက်ပါစီးနင်းလာသည်ကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က မလီဘူးကဈေးတစ်ခုမှာ တွေ့ရစဉ်။



# အက်စ်အမ်အဆောက်အအုံရှေ့မှာ ဂျွန်ဟွန်းအတွက် အမှတ်တရများ စုပုံနေ

ကွယ်လွန်သွားပြီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့် လက်အောက်မှာ လှုပ်ရှားနေတဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျွန်ဟွန်းအတွက် သူ့ရဲ့ပရိသတ်တွေက ပေးပို့ခဲ့ကြတဲ့ အမှတ်တရလက်ဆောင်တွေ၊ စာတွေနဲ့ ပန်းတွေဟာ အက်စ်အမ်အဆောက်အအုံရဲ့ ရှေ့မှာ စုပုံနေတာဖြစ်ပါတယ်။ ပရိသတ်တွေဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့တဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းအတွက် အမှတ်တရလက်ဆောင်တွေ၊ နှုတ်ဆက်ပန်းတွေနဲ့ သူတို့ပြောချင်တဲ့ အကြောင်းအရာတွေကို ရေးသားဖော်ပြထားတဲ့စာတွေကို အက်စ်အမ်အဆောက်အအုံရှေ့မှာ စုပြုံချထားခဲ့ကြတာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ဂျွန်ဟွန်းရဲ့ အေဂျင်စီတည်ရှိရာအဆောက်အအုံရှေ့မှာ သူ့အတွက်အမှတ်တရပို့ခဲ့ကြတဲ့ ပရိသတ်တွေရဲ့ လက်ဆောင်တွေ၊ စာတွေနဲ့ ပြည့်နေကြောင်းကိုတော့ အွန်လိုင်းအသုံးပြုသူတစ်ဦးက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ပရိသတ်တွေပို့ထားခဲ့ကြတဲ့ အမှတ်တရပစ္စည်းတွေရဲ့ ဓာတ်ပုံတွေနဲ့အတူ စာသားအချို့ကိုလည်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ သူဖော်ပြခဲ့တာကတော့ သူဟာ ဂျွန်ဟွန်းရဲ့ ပရိသတ်တစ်ဦးမဟုတ်ပေမယ့် ဂျွန်ဟွန်းအပေါ် သူ့ရဲ့ပရိသတ်တွေ ချစ်ခင်အားပေးမှုကို တွေ့မြင်ရတဲ့အခါမှာ နာကျင်ခံစားခဲ့ရကြောင်း၊ ဂျွန်ဟွန်းဟာ ကွယ်လွန်ချိန်မှာ အလွန်ကို ငယ်ရွယ်လွန်းသေးတာဖြစ်ကြောင်း၊ ဂျွန်ဟွန်း ကွယ်လွန်ခဲ့တဲ့အဖြစ်ဟာ သူ့အတွက်တော့ အမှန်လို့ လက်ရှိအချိန်အထိ လက်မခံနိုင်လောက်အောင်ဖြစ်ခဲ့ရကြောင်းနဲ့ ဂျွန်ဟွန်းဟာ တကယ့်ကို အလုပ်ကြိုးစားခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း ဓာတ်ပုံတွေနဲ့အတူ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဂျွန်ဟွန်းဟာ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပြီးခဲ့တဲ့၂၀၀၈ ခုနှစ်အတွင်း စတင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားကောင်းမွန်တဲ့အသံကြောင့် အဖွဲ့ရဲ့ အဓိကတေးသံရှင်တစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ အဖွဲ့အတွက် တေးသီချင်းတွေကိုပါ ရေးသားလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် တေးရေးတစ်ဦးအဖြစ်လည်း အောင်မြင်လာပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း တေးသီချင်းတွေကို ရေးသားသီဆိုခဲ့ကာ အခြားသောအဖွဲ့ဝင်တွေအတွက်လည်း တေးသီချင်းတွေ ရေးပေးခဲ့ပါတယ်။ တေးဂီတလောကမှာ အောင်မြင်မှုတွေ ထိပ်ဆုံးရောက်နေတဲ့အချိန်မှာပင် ဂျွန်ဟွန်းက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဘဝမှာ ဆက်လက်ရှင်သန်လိုခြင်းမရှိတော့တဲ့ အကြောင်းအရင်းကတော့ စိတ်ဓာတ်ကျတာကြောင့်နဲ့ အထီးကျန်လွန်းတယ်လို့ ခံစားခဲ့ရတာတွေကြောင့် ဖြစ်တယ်လို့ ဂျွန်ဟွန်းက သူမကွယ်လွန်မီကမှ သူ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ "Dear Cloud"ရဲ့ အဖွဲ့ဝင် နိုင်းဆီကို ရေးသားပေးပို့ခဲ့တဲ့စာမှာ ထည့်သွင်းဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဂျွန်ဟွန်းကို နောက်ဆုံးအကြိမ် နှုတ်ဆက်နိုင်ဖို့အတွက် ဆိုးလ်အာရှဆေးပညာစင်တာမှာ အေဂျင်စီက ပြင်ဆင်ပေးခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ လာရောက်နှုတ်ဆက်ခွင့်ပြုခဲ့ရာမှာ ဒေသတွင်းက ပရိသတ်တွေသာမ ပြည်ပက ပရိသတ်တွေပါ လာရောက်နှုတ်ဆက်ခဲ့ကြပါတယ်။ သူ့ရဲ့ နောက်ဆုံးခရီးကိုတော့ ဒီဇင်ဘာ ၂၁ ရက်မှာ ပို့ဆောင်ပေးခဲ့ကြရာမှာ ပေ့ါပ်ကြယ်ပွင့်တွေ၊ အနုပညာရှင်တွေ၊ မိသားစုဝင်တွေနဲ့ ပရိသတ်များစွာက ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့်လည်း ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။ ဒေသတွင်းမှာသာမက ကမ္ဘာတစ်ဝန်းက သူ့ရဲ့ ပရိသတ်တွေကလည်း အထိမ်းအမှတ်နှုတ်ဆက်ပွဲတွေ ပြုလုပ်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

# လာမယ့်နှစ်အတွင်း စစ်မှုအတူထမ်းဆောင်တော့မယ့် တေးယန်နဲ့ G-Dragon



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ တေးယန်နဲ့ G-Dragon တို့ဟာ သူတို့ရဲ့ စစ်မှုထမ်းရက်တွေကို ထပ်မံရွှေ့ဆိုင်းနေတော့မှာမဟုတ်ဘဲ လာမယ့်နှစ်အတွင်းမှာတော့ စစ်မှုအတူထမ်းဆောင်သွားတော့မှာ ဖြစ်ကြောင်း လတ်တလောမှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုအေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမပြုမီကတည်းက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၃ ရက်က ကိုဆာကာမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ "Last Dance Tour"မှာ တေးယန်က သူနဲ့အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဒေဆန်း၊ G-Dragon တို့ဟာ လာမယ့်နှစ်အတွင်းမှာ စစ်မှုအတူထမ်းဆောင်သွားကြမှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။

အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ လာမယ့်နှစ် ပထမနှစ်ဝက်အတွင်း G-Dragon နဲ့ တေးယန်တို့ စစ်မှုအတူထမ်းဆောင်တော့မှာဖြစ်ကြောင်းနဲ့ စစ်မှုမထမ်းရသေးဘဲ ကျန်ရှိနေကြတဲ့ နောက်ထပ်အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဒေဆန်းနဲ့ ဆန်းရီတို့ကတော့ အနည်းငယ်နောက်ကျမှသာ စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒါပေမယ့် လတ်တလောအချိန်အထိတော့ ဒေဆန်း၊ ဆန်းရီတို့ တေးယန်နဲ့ G-Dragonနဲ့အတူ စစ်မှုထမ်းဆောင်သွားမှာလား၊ သီးခြားထမ်းဆောင်သွားမှာလားဆိုတာ မသေချာသေးဘဲ "BIGBANG"အဖွဲ့အနေနဲ့ အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်နေချိန်မှာ ပရိသတ်တွေနဲ့ ဝေးကွာနေရတဲ့အချိန်တွေကို ပိုမိုတိုတောင်းစေဖို့အတွက် အဖွဲ့ဝင်တွေ စစ်မှုအတူထမ်းဆောင်သွားနိုင်ကြောင်း ဝေဖန်သံတွေ ပေါ်ထွက်နေတာလည်း ဖြစ်ပါတယ်။

စစ်မှုထမ်းဆောင်တော့မယ့် အကြောင်း ဖျော်ဖြေပွဲမှာ ထုတ်ဖော်ပြောကြားခဲ့စဉ်မှာ တေးယန်က စစ်မှုထမ်းဆောင်ဖို့ရာ ကျန်ရှိနေတဲ့ အဖွဲ့ဝင်လေးဦးလုံး စစ်မှုအတူထမ်းဆောင်ဖို့ရာ ဆုံးဖြတ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အစီအစဉ်ပြောင်းခဲ့ကာ အသက်အငယ်ဆုံးဖြစ်တဲ့ ဆန်းရီက စစ်မှုထမ်းဆောင်ဖို့ရာ အကြာကြီး စောင့်ဆိုင်းနေရဦးမှာဖြစ်တာကြောင့် ကျန်သုံးဦးသာ စစ်မှုအတူထမ်းဆောင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် တေးယန်ဟာ သူနဲ့ လေးနှစ်ခန့် အတူလက်တွဲလာခဲ့တဲ့ ချစ်သူ တေးသံရှင်တစ်ဦးဖြစ်တဲ့ မင်ဟိုရင်နဲ့ လာမယ့်နှစ်အတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ တေးယန်က သူနဲ့ မင်ဟိုရင်တို့ဟာ ကောင်းမွန်တဲ့ အချိန်တွေရော၊ ဆိုးရွားတဲ့ အချိန်တွေကိုပါ အတူရင်ဆိုင်ဖြတ်သန်းခဲ့ကြပြီးတဲ့နောက် သူ့ရဲ့ဘေးမှာ အမြဲရပ်တည်ကာ သူ့ဘက်ကနေ ယုံကြည်ပေးခဲ့တာကြောင့် မင်ဟိုရင်နဲ့ ကိုယ်ပိုင်မိသားစုဘဝထူထောင်သွားဖို့ ဆန္ဒတွေ ရှိနေခဲ့တာဖြစ်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ လာမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မင်္ဂလာပွဲ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ဝိုင်ဂျီအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာကတော့ တေးယန်ဟာ သူ့ရဲ့ စစ်မှုထမ်းရက်တွေ မတိုင်မီမှာ မင်ဟိုရင်နဲ့ မင်္ဂလာပွဲဆင်နွှဲသွားလိုတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်**
**ရေးသားသည်**



## တာကူရာတာနီယားဖလား ကရာတေးဒိုပြိုင်ပွဲ (၂၀၁၇) ကျင်းပ

**ချမ်းမြသာစည် ဒီဇင်ဘာ ၂၅**
ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့မှကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် NAGATA MYANMAR Co.,Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် တတိယအကြိမ် တာကူရာတာနီယားဖလား ကရာတေးဒိုပြိုင်ပွဲ (၂၀၁၇) ကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၈ လမ်း၊ မန္တလာသီရိအားကစားကွင်းဘက်စုံအားကစားခန်းမ၌ ကျင်းပသည်။

ကရာတေးဒိုပြိုင်ပွဲတွင် ကရာတေးဒို ကမ္ဘာ့ချန်ပီယံတာကုရုတာနီယာမနှင့်အဖွဲ့မှ ကရာတေးဒိုကစားနည်းများစွမ်းရည်ပြသသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကရာတေးဒိုအသင်းများ၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံအသင်းများမှ အားကစားသမား ၂၀၀ ကျော်တို့က အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်(CW)ပြိုင်ပွဲ၊ (ကုမိတဲ့)ပြိုင်ပွဲများ၊ အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်း၊ အဖွဲ့လိုက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ကယားပြည်နယ်အသင်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တတိယဆုနှင့် တစ်ဦးချင်းပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရ အားကစားသမားများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabeနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**

## ပြည်နယ်ဝန်ကြီးချုပ်ဖလားရပ်ကွက်ပေါင်းစုံ အသက် ၂၂နှစ်အောက်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၂၅**
ကယားပြည်နယ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ် မျိုးဆက်သစ် လူငယ်မောင်မယ်များ ကောင်းမွန်သော ဘဝဦးတည်ချက်၊ ကြိုးပမ်းအားထုတ်လိုသည့် အသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှုနှင့် လူသားချင်း ရင်းနှီးတတ်သော စိတ်ဓာတ်များ ပေါ်ထွန်းလာစေရေး ရည်ရွယ်၍ ပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၂ နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီတွင် လွိုင်ကော်မြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ရှေးဦးစွာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဓမ္မာရုံရပ်ကွက်အသင်းနှင့် နာနတ်တောရပ်ကွက် အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓမ္မာရုံရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ နှစ်သိမ့်ဆုရရှိသော ရပ်ကွက် ၁၅ ရပ်ကွက်မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းနှင့် နေရာအလိုက်အကောင်းဆုံး ကစားသမားဆုများကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ပြီး ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်ပံ့ပိုးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပထမဆုရရှိသော ဓမ္မာရုံရပ်ကွက် အသင်းအား တံခွန်စိုက်ဖလား၊ ငွေသား၁၀ သိန်းနှင့် အားကစားသမားတစ်ဦးချင်း ရွှေတံဆိပ်ဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် နာနတ်တောရပ်ကွက်အသင်းအား ငွေသားခုနစ်သိန်းငါးသောင်းနှင့် အားကစားသမား တစ်ဦးချင်း ငွေတံဆိပ်ဆုများကိုလည်းကောင်း၊ တတိယပူးတွဲရရှိသော ဒေါဥခူရပ်ကွက်အသင်းနှင့် လောဓမ္မရပ်ကွက်အသင်းတို့အား ငွေကျပ် သုံးသိန်းစီကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဟားခါးမြို့၌ သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရ

**ဟားခါး ဒီဇင်ဘာ ၂၅**
မိုးရာသီကာလ ကုန်ဆုံးသွားသည့်အချိန်တွင် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ ပတ်ဝန်းကျင်တောတောင်များရှိ စိမ့်စမ်းရေများခန်းခြောက်ကာ ရေမလုံလောက်သည့်အတွက် ဟားခါးမြို့မှ ဒေသခံများ သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ဟားခါးမြို့တွင် ရပ်ကွက်ခြောက်ခုရှိပြီး လူဦးရေ ၅၀၀၀၀ ခန့် နေထိုင်ကာ မိုးတွင်းကာလ၌ မိုးရေကို သိုလှောင်အသုံးပြုသူများပြားပြီး ရေနည်းပါးချိန်ဆောင်းရာသီနှင့် နွေရာသီများတွင် သောက်သုံးရေမလုံလောက်သဖြင့် ငါးဂါလန်ဆံ့ ရေပုံးတစ်ပုံးလျှင် ငွေကျပ် ၂၅၀၊ ရေတိုင်ကီတစ်တိုင်ကီလျှင် ငွေကျပ် ၅၀၀၀ ပေး၍နှစ်စဉ်ဝယ်ယူသုံးစွဲနေရကြောင်း ဟားခါးမြို့ဒေသခံများက ပြောဆိုကြသည်။

"ဟားခါးမြို့ ရေပေးဝေရေးစီမံကိန်းအရ သတ်မှတ်အချိန်မီ ရေဖြန့်ဝေပေးနိုင်ဖို့အတွက် မြို့တွင်းရေဖြန့်ဝေလိုင်းတွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်၊ သီးမစ်ကနေတင်ပေးလိုက်တဲ့ရေတွေဟာ ရေစုကန်တွေကနေတစ်ဆင့် ထိန်းချုပ်ကန်တွေအထိ ရေအားကောင်းကောင်းနဲ့ရောက်ရှိနေပြီဖြစ်ပေမယ့် ပိုက်လိုင်းတစ်လျှောက် သဲတွေ၊ အနည်တွေရှိနေသေးတဲ့အတွက် ရေအားနဲ့အကြိမ်ကြိမ် ဆေးကြောသန့်စင်ပေးလျက်ရှိပါတယ်၊ လောလောဆယ်မှာတော့ ရေပိုက်တွေကို ထိန်းချုပ်ကန်ကနေ အိမ်အရောက် တိုက်ရိုက်သွယ်တန်းပို့လွှတ်နိုင်အောင် စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်၊ အနည်အနှစ်တွေ ကုန်စင်သွားတာ သေချာမှသာ ရေမီတာတွေကို စနစ်တကျ ဆက်လက်တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်" ဟု ချင်းပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်းက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဟားခါးမြို့သည် ပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဒေသခံအနည်းငယ်နှင့် ဝန်ထမ်းအများစုနေထိုင်သော မြို့ဖြစ်ကာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဖြန့်ဝေပေးသောရေကို အသုံးပြုသူများကြောင်း၊ ဟားခါးမြို့မှခြောက်မိုင်ကျော်ဝေးသည့် သီးမစ်(ခေါ်) ဘွေနူးမြစ်မှ ရေကိုဟားခါးမြို့ပေါ်သို့ အမြင့်တင်စနစ်ဖြင့် တစ်ကန်လျှင် ရေဂါလန် ၈၀၀၀၀ ဆံ့သည့် ရေကန် ၁၇ ကန်သို့ တင်ပို့ထားကြောင်း၊ အဆိုပါ ရေကန်များမှရေကို နေအိမ်များအတွက် အိမ်တိုင်ရာရောက်ပေးဝေရန် ရေဂါလန် ၅၀၀၀ ဆံ့ရေကန် ၄၀ ခန့်တည်ဆောက်နေပြီး ပိုက်လိုင်းသွယ်တန်းခြင်းကိုလည်း ဆောင်ရွက်နေရာလာမည့်နွေရာသီတွင် ရေစတင် ပေးဝေနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်စည်ပင်သာယာရေးကော်မတီရုံးမှ သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၆၁၂၀ တွင်တည်ရှိသည့် ဟားခါးမြို့တွင် ယခင်ကာလများက မြို့တွင်း၌ ရေထွက်စိမ့်စမ်းချောင်းငယ်၊ မြောင်းငယ်များ ရှိခဲ့သော်လည်း လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် သဘာဝဘေးသင့်ပြီး နောက်ပိုင်းမှအစပြု၍ သဘာဝပတ်ဝန်းကျင်ရေထွက်နေရာများ ပျက်ယွင်းလာကာ ဆောင်းနှင့်နွေကာလများတွင် ရေရှားပါးမှု၊ ရေပြတ်လပ်မှုကိုနှစ်စဉ်ကြုံတွေ့နေရသောမြို့ဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

# ဆီးနှင်းကျဆင်းနေမှုကြောင့် ချင်းတောင်ခရီးသွားယာဉ်များ သတိထားမောင်းနှင်ရန်လိုအပ်

**တီးတိန် ဒီဇင်ဘာ ၂၅**
ခရီးသွားလာမှုပိုမိုများပြားသည့် ဆောင်းရာသီခရစ္စမတ်နှင့် နှစ်သစ်ကူးကာလအတွင်း ချင်းပြည်နယ်တွင် ကားလမ်းတစ်လျှောက် ဆီးနှင်းများကျဆင်းနေမှုနှင့် မြူများထူထပ်နေမှုတို့ကြောင့် လမ်းမြင်ကွင်းပျောက်ပြီး အန္တရာယ်များဖြစ်ပေါ်တတ်သဖြင့် ချင်းတောင်သွားလမ်းပေါ်တွင် ပြေးဆွဲနေကြသော ခရီးသည်တင်ကားကြီး၊ ကားငယ်ယာဉ်မောင်းများအနေဖြင့် သတိထားမောင်းနှင်ကြရန်လိုအပ်ကြောင်း တိုင်းရင်းသားဒေသခံများနှင့် ခရီးသွားပြည်သူများက သုံးသပ်ပြောဆိုကြသည်။

"နှစ်စဉ်နှစ်တိုင်း ဆောင်းတွင်းကာလ ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေကျဆင်းသလို ကားတွေမှာလည်း နှင်းခဲ့မီးပါပေမယ့် အဝေးကြီးလှမ်းမမြင်ရဘူး၊ ယာဉ်တစ်စီးနဲ့တစ်စီး အနီးကပ်ရောက်မှ ရုတ်တရက်မြင်ရတယ်၊ အဓိကတော့ကားစက်သံကို နားစွင့်ပြီးသွားရတယ်၊ ဒီနှစ် အခုထိတော့ ဆောင်းဦးရာသီမှာ လမ်းချော်လို့ ကားလဲမှုတွေ၊ ကားမှောက်မှုတွေတော့ မကြားသေးပါဘူး၊ အရင်နှစ်တွေတုန်းက ကားလဲ၊ ကားမှောက်တာတွေရှိခဲ့ပါတယ်၊ နောက်ပြီးတော့ ကားလည်းကောင်းပြီး လမ်းလည်းကောင်းပေမယ့် တချို့ ယာဉ်မောင်းမကျွမ်းကျင်မှုတွေကြောင့် မဖြစ်သင့်တာဖြစ်ပေါ်တတ်ပါတယ်၊ ဒီရာသီမှာ ချင်းတောင်တက်ကားတွေအနေနဲ့ သတိထားသွားလာတာ အကောင်းဆုံးပဲ" ဟု တီးတိန်မြို့ခံခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ချင်းတောင်ခြေရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းတောင်ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန် ထုတ်ဟိုင်မွာလ်ဂျစ်ကားများမှာ မိုးတွင်းကာလများပါ ပြေးဆွဲခဲ့ရာမှ ယခုနောက်ပိုင်းတွင်မူ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ်မော်တော်ကားများဖြစ်သည့် မီနီဘတ်စ်ကားများ၊ ခြောက်ဘီးကားနှင့် ၁၀ ဘီးကားများပါ ပြေးဆွဲလာကြသည့်အပြင် လူစီးသီးသန့်ဇိမ်ခံကားများဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှုများပြားလာခြင်းတို့ကြောင့် လူစီးသီးသန့်ဟိုင်မွာလ်ဂျစ်ကားများမှာမူ စီးနင်းလိုက်ပါသူနည်းပါးသွားပြီးကုန်စည်များကိုသာ အဓိကတင်ဆောင်၍ ပြေးဆွဲလာရကြောင်း ချင်းတောင်တန်းယာဉ်လိုင်းမှ ယာဉ်မောင်း ကိုခိုင်ပူက ပြောသည်။

ချင်းတောင်ပေါ်သွားကားလမ်းများသည် အောက်ခံမြေသားကြံ့ခိုင်မှုအားနည်းပြီးသက်နုမြေသားဖြစ်၍ မိုးရာသီဆိုလျှင် မကြာခဏတောင်ပြိုလမ်းပြိုကျမှုများသည့်အတွက် နှစ်စဉ်တောင်ပေါ်လမ်းအဆင့်မြှင့်တင်ရေးလမ်းမြေသားများချဲ့ထွင်ပြုပြင်ရသည့်နေရာများသည့်အပြင် အချို့နေရာများတွင် ကားလမ်း ကျဉ်းမြောင်းခြင်း၊ ကားလမ်းပေါ်တွင် နွေ၊ မိုး၊ ဆောင်းတစ်နှစ်ပတ်လုံး မြေအစိုဓာတ်ကြောင့် မြေသားနိမ့်ကျမှုရှိခြင်း ၊မိုင်ရှည်ရှိ့ ဗွက်များပြည့်နှက်၍ ဗွက်ရုန်းသွားလာနေရသည့်အတွက်ခရီးသွားပြည်သူများမှာ ခရီးစဉ်ကြန့်ကြာမှု အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေကြရသည့်အပြင် ချင်းတောင်တက်ယာဉ်လိုင်းများမှာ ဂရုတစိုက်မောင်းနှင်ခဲ့ရပြီး ယခုဆောင်းရာ သီကာလတွင်လည်းနှင်းများ ကျဆင်းနေမှုကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတိနှင့်ယှဉ်၍ မောင်းနှင်ရန်မှာ အထူးအရေးကြီးကြောင်း ဒေသခံခရီးသွားပြည်သူများ၏ပြောပြချက်အရ သိရသည်။ **ချင်းတွင်းသား**

## အသက် ၂၀အောက်မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

**လားရှိုးမြို့ ဒီဇင်ဘာ ၂၅**
၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား (TSDP) အစီအစဉ်အရ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်ပေါင်းစုံ အသက် ၂၀ နှစ်အောက် အားကစားပြိုင်ပွဲများအား ယနေ့ညနေ ၂ နာရီက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းတွင်ကျင်းပသည်။

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ကာ ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူ ၅၅၇ ဦး၊ သူနာပြုသင်တန်းမှ ကျောင်းသူ ၁၅၀ တို့မှ အကသရုပ်ပြသခြင်း၊ ပြေးခုန်ပစ်၊ သံလုံးပစ်၊ မီတာ ၅၀၀၀၊ ၈၀၀၊ ၄၀၀ နှင့် လက်ဆင့်ကမ်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲများကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့်အားကစားနှင့် ကာယပညာဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန(တောင်ကြီး)မှ ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ဒုတိယအုပ်ချုပ် ရေးမှူး ဦးကျော်သူဇော်၊ အားကစားနှင့်ကာယပညာဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထန်အိတ်၊ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ခံများ၊ ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူလေးများနှင့် ခရိုင်၊ မြို့နယ်များမှ အုပ်ချုပ်နည်းပြ၊ ကစားသမားများ တက်ရောက်သည်။

အဆိုပါပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းမှ အားကစားသမားအင်အား ၄၉၉ ဦးတို့ဖြင့် အားကစားနည်း ခုနစ်မျိုးဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

# တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် တပ်လှန့်သံ

ခင်မောင်ဌေး(ပညာရေး)

မကြာသေးမီ ရက်ပိုင်းအတွင်းကပင် မြန်မာနိုင်ငံ စာစစ်ဦးစီးမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအချိန်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။ ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်မှစ၍ မတ်လ ၁၆ ရက်အထိ ဖြေဆိုကြရမည်ဖြစ်သည်။ စာမေးပွဲအချိန်စာရင်းမှာ ပုံမှန်အတိုင်း ထုတ်ပြန်ခြင်းဖြစ်ပြီး ထူးခြားချက်မှာ စနေနှင့် တနင်္ဂနွေနှစ်ရက်စလုံး ပိတ်ရက်အဖြစ် သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုရန် ကျောင်းသား ကျောင်းသူ ခုနစ်သိန်းခုနစ်သောင်း စာရင်းပေးသွင်းကာ အမှန်တကယ်လာရောက်ဖြေဆိုသူများ ခုနစ်သိန်း ငါးသောင်း ဝန်းကျင်သာရှိကြောင်း သိရှိသည်။ ယခု ၂၀၁၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူစာရင်းမှာ ရှစ်သိန်းလေးသောင်း ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။ သို့ဖြစ်၍ ယခုအချိန်စာရင်း ထုတ်ပြန်အချိန်မှစတင်ရေတွက်မည်ဆိုလျှင် စာမေးပွဲဖြေဆိုရန် နှစ်လခွဲသာသာမျှပင် လိုတော့မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဒီဇင်ဘာလသည် ဘာသာရပ် အသီးသီးအတွက် သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပြီးစီးရမည့် အချိန်ဖြစ်သည်။ ကျန်ရှိသည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့သည် သင်ကြားပြီး သင်ခန်းစာများအား ပြန်လှန်လေ့ကျင့်ရန် အချိန်ကာလပင်ဖြစ်သည်။ ပြန်လှန်လေ့ကျင့်ရန် ကျန်ရှိအချိန်အား အကျိုးရှိစွာ အသုံးချနိုင်ခြင်းဖြင့် မတ်လတွင် ကျင်းပမည့် စာမေးပွဲကြီးအတွက် အဆင်သင့်ဖြစ်နိုင်သည်။

**အချိန်ဇယားရေးဆွဲခြင်း**

ပြန်လှန်လေ့ကျင့်ရန် အချိန်ကာလအား အချိန်ဇယားဆွဲ၍ လေ့ကျင့်သင့်သည်။ ဘာသာရပ် ခြောက်ခုအတွက် တစ်ဘာသာလျှင် ၁၀ ရက်ခန့် ရနိုင်မည်ဖြစ်သည်။ ထို ၁၀ ရက်အား ၅ ရက်စီ နှစ်ပိုင်းခွဲ၍ လေ့လာခြင်းဖြင့် လေ့လာမှု ကွာဟချက်ကိုဖြည့်ဆည်းနိုင်သည်။ ပထမပိုင်း ၅ ရက်တွင် မလွတ်တမ်းလေ့လာကျက်မှတ်သင့်သည်များကို အထူးဦးစားပေး၍ လေ့လာကာ ကျန်ငါးရက်တွင် မဖြစ်မနေကျက်မှတ်ရမည့် သင်တန်းစာများကို လေ့လာကျက်မှတ်သင့်ပါသည်။ ဤသို့ အချိန်ဇယားရေးဆွဲလေ့လာ ကျက်မှတ်ခြင်းမှာ ဘာသာရပ်အားလုံးကို မျှတစွာ လေ့လာနိုင်စေသည့်အပြင် သင်ခန်းစာများကို ပို၍ ပိုင်းခြားသိမြင်နိုင်စေပါသည်။

**အချိန်စာရင်းကိုမျှတစွာပိုင်းခြားခြင်း**

အချိန်စာရင်း ရေးဆွဲလေ့လာခြင်းသည် အချိန်ကို အလဟဿပြုန်းတီးသွားမှုကို ရှောင်ရှားနိုင်ပါသည်။ ထို့ပြင် ဘာသာရပ်သင်ခန်းစာများကို ပို၍စူးစိုက်လေ့လာနိုင်စေပါသည်။ အချိန်ဇယားရေးဆွဲခြင်းမှာ အချိန်ရှိသမျှ စာပေကျက် မှတ်ရန်မဟုတ်ဘဲ၊ စားသောက်ချိန် နားနေချိန်နှင့် မိမိဝါသနာပါလုပ်ငန်းများ လုပ်ဆောင်ရန် ပိုင်းခြားသတ်မှတ်ထားသင့်ပါသည်။ အကြောင်းမှာ တစ်ချိန်လုံး စာသင်၊ စာကျက်ပြုမူလုပ်ရုံမျှဖြင့် သင်ခန်းစာအားလုံး ကြေညက်နိုင်မည်မဟုတ်ပေ။

**အချိန်အခါကောင်း**

တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရန် အဓိကအခွင့်အရေးတစ်ရပ် ဖြစ်သည်။ သို့ဖြစ်၍ အဆင့်မြင့်ပညာရေးအား တစ်ဆင့်တက်လှမ်းလိုသူများအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မဖြစ်မနေအောင်မြင်ရန် လိုအပ်သည်။ သို့ဖြစ်၍လည်း အကြောင်းအမျိုးမျိုးကြောင့် အလုပ်ခွင်သို့ ရောက်ရှိနေသူများ အနေဖြင့် ပြန်လည်ဖြေ ဆိုရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ သို့ဖြစ်၍လည်း ပြင်ပဖြေဆိုသူ ဦးရေများ နှစ်စဉ်မြင့်တက်လာသည်ကို တွေ့ရ၏။ ယခုအခါတက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရန် နှစ်လကျော်သာကျန်ရှိရာ မိမိတို့ ဖြေဆိုရမည့် ဘာသာရပ်အတွက် အထူးဝါယမစိုက် ထုတ်လေ့လာရမည့် အချိန်ဖြစ်သည်ကို သတိမူသင့်ပါသည်။

**ကျန်းမာမှုကိုရှေးရှု**

ယခုအချိန်သည် အပူအအေးကူးပြောင်းစအချိန်ဖြစ်သည်။ ကျောင်းသားကျောင်းသူတိုင်းအတွက် ကျန်းမာရေးကို အလေးထားရမိအချိန်ဖြစ်သည်။ ဘာသာရပ်လေ့လာမှုကို အချိန်မှန်အိပ်၊ အချိန်မှန်စား၊ အချိန်မှန်လေ့လာ ကျက်မှတ်ရန်သာ အရေးကြီးလှပါသည်။ အချို့မှာ မိမိတို့လုပ်ငန်းခွင်မှ ခွင့်ယူကာ လေ့လာကျက်မှတ်နေသည်များပင်ရှိ၏။ တက္ကသိုလ်ဝင်တန်းအောင်မြင်လျှင် တက္ကသိုလ်စာပေးစာယူသင်တန်းဖြင့် လုပ်ခွင်မပျက်ပညာဆက်လက်သင်ယူနိုင်သည့် ဖြစ်ရာရရှိသည့် အချိန်ကာလအတွင်း အချိန်ကို အကျိုးရှိရှိသုံးနိုင်ခြင်းဖြင့် ဘဝတက်လမ်းအတွက် များစွာ မျှော်လင့်နိုင်ပေသည်။ သို့ဖြစ်ရာ အချိန်တိုအတွင်း ကျက်မှတ်ရသည်ဖြစ်၍ ကျန်းမာရေးကို ထိခိုက်သည်အထိ အချိန်ကိုအလွန်အကျွံမသုံးစွဲမိရန် လိုသည်။ အချို့ဆိုလျှင် အအိပ်အနေ နည်းပါးကာ အလွန်အကျွံအချိန်သုံးစွဲမှုကြောင့် တဖြည်းဖြည်းအားအင်နည်းပါးကာ စာမေးပွဲဖြေဆိုချိန်တွင် ဆေးရုံများမှ ဖြေဆိုရသည့် အနေအထားမျိုးဖြစ်ရာ မိမိတို့ ကြိုးစားထားသမျှ အကျိုးမဲ့မဆုံးရှုံးသင့်ပါ။

**တပ်လှန့်သံပေး**

ယခုအခါ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အချိန်စာရင်းထုတ်ပြန်လိုက်ရာ ကျောင်းသားထုတစ်ရပ်လုံးအား မေ့မေ့လျော့လျော့ ဖြစ်နေရာမှ အသိပေးတပ်လှန့်လိုက်ခြင်းပင်ဖြစ်သည်။ လက်ရှိမိမိတို့ ပြုလုပ်နေကျရုပ်ရှင် ဗီဒီယို ကြည့်ခြင်း၊ ဂိမ်းကစားခြင်း၊ အင်တာနက်ကြည့်ခြင်းများကို အတိုင်းအတာတစ်ရပ်ထိ လျှော့ချရန်လိုလာပြီဖြစ်သည်။ မိမိတို့ ရေးဆွဲထားသည့် အချိန်ဇယားနှင့်အညီ ဘာသာရပ်အသီးသီးအား ကျွမ်းကျင်ပိုင်နိုင်မှုရှိရန် အကြိမ်ကြိမ်အထပ်ထပ်လေ့လာကြရမည့်အချိန်ဖြစ်သည်။

**အကြံပြု**

အဓိကအကြံပြုလိုသည်မှာ ကျောင်းသား ကျောင်းသူတိုင်းအတွက် ပညာသင်ခြင်း ရည်ရွယ်ချက်မှာ ပညာတတ်ဘွဲ့ရများဖြစ်ရန် တိုင်းပြည်အတွက် အလုပ်အကျွေးပြုလုပ်ရင်းဖြင့် ဝန်ထမ်းကောင်း (သို့) လုပ်ငန်းရှင်ကောင်းတစ်ဦး ဖြစ်ရန်ပင်။

ထို့အတွက် မိမိတို့မျှော်မှန်းထားသည့် ဘဝလမ်းကြောင်းသို့ ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ဖို့ဆိုသည်မှာ မိမိတို့လေ့လာဆည်းပူးနေသည့် ပညာရေးအဆင့်များကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် ဖြစ်သည်။ ပညာသင်နှစ် တစ်နှစ်ပြီးမြောက်ရန် မိဘတိုင်းက ငွေကြေးအရင်းအနှီး စိုက်ထုတ်ကာ မြှုပ်နှံထားရခြင်းပင်ဖြစ်သည်။ ကုန်သွားသည့် ငွေကြေးကို အစားထိုးရှာဖွေ၍ ရနိုင်သော်လည်းကုန်ဆုံးသွားသည့် အချိန်ကိုမူ အစားထိုးရယူရန် ခက်ခဲလှပါသည်။ သို့ဖြစ်၍ ရရှိသည့်အချိန်ကလေးအား မမေ့မလျော့ မပေါ့မဆ အောင်မြင်လိုသည့် စိတ်ဓာတ်ခွန်အားကို ဖြည့်တင်းနိုင်ခြင်းဖြင့် လာမည့်တက္ကသိုလ်ဝင်စာမေးပွဲအား ရင်ဆိုင်ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

# အချိုသတ်

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ် စသည့် အရသာအမျိုးမျိုးရှိသည့်အနက် အချိုအရသာကို လူကြိုက်အများဆုံး ဖြစ်၏၊ မြန်မာလူမျိုးတို့သည်လည်း အချိုကြိုက်ကြ၏၊ ထမင်းစားပြီး အချိုတည်းလေ့ရှိကြ၏၊ "အချဉ်ကြိုက်လူမိုက်"ဟု ပြောလေ့ရှိကြ၏။

စားလိုက်သော အစားအစာများတွင် အဓိကအားဖြင့် ကစီဓာတ်၊အဆီဓာတ်နှင့် အသားဓာတ် သုံးမျိုးပါဝင်၏။ ကစီဓာတ်ကို ခန္ဓာကိုယ်၏အစာချေအဖွဲ့မှ ချေဖျက်သောအခါ ဂလူးကိုစ့်နှင့် ဖရုတ်တို့ ဟူသော သကြားဓာတ်များဖြစ်လာသည်။ ဂလူးကိုစ့်ကို အူနံရံမှစုပ်ယူ၍ သွေးထဲသို့ရောက်ပြီး ခန္ဓာကိုယ်အနှံ့အပြား ကလာပ်စည်းများတွင် စွမ်းအင်အဖြစ်အသုံးပြုသည်။

**ထပ်ဆောင်းသကြား(Added Sugar)နှင့် ကျန်းမာရေးပြဿနာ**

အစားအစာ၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များတွင် ပါဝင်သော အချိုဓာတ်(သကြားဓာတ်)သည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ပြဿနာမရှိသော်လည်း အချိုရည်၊ အားဖြည့်အချိုရည်များ၊ အသင့်စားအစားအစာများ၊ ရေခဲမုန့်၊ ကွတ်ကီး၊ ကိတ် စသည်တို့တွင် ထပ်ဆောင်းသကြား(Added Sugar) များများပြားစွာပါဝင်နေခြင်းက ကျန်းမာရေးအတွက် ပြဿနာများစွာကိုဖြစ်စေသည်။

ထပ်ဆောင်းသကြားများတွင် ဖရုတ်တို့စ်(Fructose) ပမာဏ များစွာပါဝင်သည်။ ဂလူးကိုစ့်ကို ဤကမ္ဘာပေါ်ရှိ သက်ရှိတိုင်း၏ ကလာပ်စည်းများတွင်တွေ့ရ၍ စွမ်းအင်အဖြစ်သုံးသည်။ လိုအပ်လျှင် ခန္ဓာကိုယ်က ထုတ်လုပ်၏။ ဖရုတ်တို့မှာမူကား ခန္ဓာကိုယ်အတွက် မည်သည့်နေရာမှ အသုံးမဝင် ခန္ဓာကိုယ်ကထုတ်လည်း မထုတ်လုပ်။

**ထပ်ဆောင်းသကြား၏ ကျန်းမာရေးအန္တရာယ်များ**

**သွားနှင့်ခံတွင်း**။ ။ ပါးစပ်အတွင်း ဘက်တီးရီးယားများ ပေါက်ပွားကြီးထွားရန် သကြားဓာတ်က အားပေးသည်။ သွားပိုးစားခြင်း ခံတွင်းနံ့ဆိုးခြင်းနှင့် ခံတွင်းတွင်အနာများပေါက်ခြင်းကို ဖြစ်စေသည်။

**အသည်း**။ ။ ဖရုတ်တို့စ် သကြားကို အသည်းတွင် ဂလိုင်ကိုဂျင် (Glycogen) အဖြစ် သိုလှောင်သည်။ သိုလှောင်သည့်ပမာဏ များလာသောအခါ အဆီအဖြစ်ပြောင်း၍ သိုလှောင်ရသည်။ ထိုအခါ အသည်းအဆီဖုံး (Fatty Liver)ဖြစ်လာသည်။

**ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ခြင်း၊ နှလုံးနှင့်သွေးကြောရောဂါ**။ ။ သွေးထဲတွင် သကြားဓာတ်ပမာဏများလာသောအခါ ပန်ကရိယမှ အင်ဆူလင်ကို ပို၍ထုတ်လုပ်ရ၏၊ သကြားဓာတ် အလွန်များလာသောအခါ အင်ဆူလင် ထပ်မထုတ်နိုင်တော့။ထိုအခါ အင်ဆူလင်ဆန့်ကျင်ခြင်း(Insulin Resistance)ဖြစ်လာ၍ အကျိုးဆက်အနေဖြင့် ရောဂါများစွာကိုဖြစ်စေသည်။ အမျိုးအစား(၂) ဆီးချို သွေးချိုရောဂါ၊ အဝလွန်ခြင်း၊ နှလုံးနှင့်သွေးကြောရောဂါများကိုဖြစ်စေသည်။

၂၀၁၃ ခုနှစ် အမေရိကန် နှလုံးရောဂါကု ဂျာနယ်တွင် လေ့လာတွေ့ရှိချက်အရ သကြားသည် Glucose 6-phosphatase အင်ဇိုင်းကိုချေဖျက်သောကြောင့် နှလုံးကြွက်သား၏ အသားဓာတ်(Protein)ကိုပြောင်းလဲစေခြင်းဖြင့် နှလုံးညှစ်အားကို လျော့ကျစေကြောင်း သိရသည်။

**အဆီထက် ပိုကြောက်စရာကောင်း**

အဆီဓာတ်ပါသော အစာစားလျှင် အီ၍ဗိုက်ပြည့်ပြီး ဆက်မစားချင်တော့။ အချိုကတော့ ထိုသို့မဟုတ် စားပြီးရင်း စားချင်နေသည်။ အရက်များ၊ ဘိန်းများစွဲသကဲ့သို့ စွဲခြင်း(addiction)ကိုဖြစ်စေသည်။

၂၀၀၈ ခုနှစ်လေ့လာချက်အရ ဖရုတ်တို့စ် သကြားသည် လက်ပ်တင် (Leptin) ခုခံအားကို ဖြစ်စေသည်။ လက်ပ်တင်ဆိုသည်မှာ ဟော်မုန်းတစ်မျိုးဖြစ်ပြီး သင်ဗိုက်ဝသောအခါ ဦးနှောက်သို့ ဗိုက်ဝကြောင်း သတင်းပို့ပေးသည်။ ဖရုတ်တို့စ်သကြားသည် ထိုအင်ဇိုင်းကို ဆန့်ကျင်ခြင်း ဖြင့် မည်မျှစားစား အာသာမပြေဗိုက်မဝဘဲ ဆက်ကာဆက်ကာစားချင်နေတော့သည်။ ဤနည်းဖြင့် အဝလွန်ခြင်းကို လျင်မြန်စွာဖြစ်စေသည်။

၂၀၁၇ ခုနှစ် လူပေါင်း ၅၇၉ ဦးကို လေ့လာချက်အရ ဟော်မုန်း Ghrelin သည် ဦးနှောက်အား သာမန်လူများထက်ပို၍ သကြားကိုဆာလောင်မွတ်သိပ်အောင် လုပ်ဆောင်ခြင်းနှင့် ပတ်သက်နေကြောင်း၊ မျိုးရိုးလိုက်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဦးနှောက်အာရုံကြောနှင့်မှတ်ဉာဏ်**

၂၀၀၉ လေ့လာချက်အရ သကြားအလွန်အကျွံစားသုံးခြင်းသည် ဦးနှောက်ကလာပ်စည်းများကို အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေကြောင်း တွေ့ရှိရသည်။၂၀၁၂ ခုနှစ် လေ့လာချက်အရ သကြားစားသုံးမှုများခြင်းဖြင့် ဦးနှောက်လုပ်ငန်းများကို ယိုယွင်းစေကြောင်းလေ့လာတွေ့ရှိရသည်။

**ကင်ဆာရောဂါ**

သွေးထဲမှာ သကြားဓာတ်ပမာဏ များသောအခါ အင်ဆူလင်ကို ပိုထုတ်လုပ်ရသည်။ သွေးထဲ အင်ဆူလင်ပမာဏများခြင်းသည် ဆဲလ်များ၏ ပွားများခြင်း၊ ကြီးထွားခြင်းကို အားပေးခြင်းဖြင့် ကင်ဆာရောဂါများကို ဖြစ်စေသည်။ ထို့ပြင် သွေးထဲတွင်မြင့်တက်နေသော သကြားဓာတ်များကြောင့် တစ်သျှူးများကိုရောင်ရမ်းခြင်းဖြစ်ဖန်များသော် ကင်ဆာဖြစ်နိုင်ခြေကိုမြင့်တက်စေသည်။

**သကြားအန္တရာယ်ရှောင်ကြဉ်မယ်**

သကြားအန္တရာယ်ကို သိရှိပြီးနောက် မည်ကဲ့သို့ ရှောင်ကြဉ်ရမည်ကို တင်ပြလိုပေသည်။

(က) သကြားထပ်ဆောင်းထားသော အချိုရည်များကို ရှောင်ပါဖြတ်ပါ။

(ခ) သကြားများစွာပါဝင်သော အချိုပွဲ၊ သစ်သီးပွဲများကို ရှောင်ပါ။

(ဂ) ဆော့ပ်၊ ငရုတ်ဆီ စသည်များတွင် သကြားများစွာ ပါဝင်တတ်သဖြင့် ၎င်းတို့ကိုလည်းရှောင်ပါ။

(ဃ) အဆီပြည့်ဝသော အစားအစာများစားပါ။ ("ဝ"မှာစိုး၍ Low-fat-food စားလျှင် Low fat food တွင် သကြားများစွာပါဝင်၍ ပို "ဝ" တတ်သည်။ သဘာဝအစားအစာများတွင်ပါဝင်သော သာမန်အဆီပြည့်ဝသော အစာများသည်၊ ကျန်းမာရေးကို အထောက်အကူပြုသည်)

(င) အဆင့်ဆင့်ပြုပြင်ထားသော အစားအစာများကိုရှောင်၍ သဘာဝအတိုင်းရှိသော အစားအသောက်များကိုစားပါ။ (ထပ်ဆောင်းထားသော သကြား(အန္တရာယ်သကြား) ၉၀ ရာခိုင်နှုန်းကို အဆင့်ဆင့် ပြုပြင်ထားသော အစားအစာများတွင်တွေ့ရ၍ သဘာဝအစားအစာများကို အခြေခံ၍ အိမ်တွင်ချက်ပြုတ်ထားသော အစားအစာများတွင် ၈ ဒသမ ၇ ရာခိုင်နှုန်း သာတွေ့ရသည်)

(စ) စည်သွတ်၊ ပုလင်းသွတ်၊ ဘူးသွတ် အစားအစာများကို မစားသုံးမီ သကြားဓာတ်ပါဝင်မှုပမာဏကို အမြဲစစ်ဆေးပါ။

(ဆ) "Healthy" ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဟု ရေးထားတိုင်း မျက်စိမှိတ်မစားပါနှင့်၊ ပါဝင်သောပစ္စည်းများကို စစ်ဆေးပါဦး။

(ဇ) အသားဓာတ်နှင့်အဆီဓာတ်ပါသော အစားအစာများကို ပိုစားပါ။ ထိုအစားအစာများသည် ဗိုက်ခဏခဏဆာခြင်းကို တားဆီးပေးသည်။

(ဈ) အိမ်မှာ သကြားမှုန့်၊ အချိုရည် စသည့်သကြားနှင့်ပတ်သက်သော မည်သည့်အစားအစာမှ မထားပါနှင့်။

(ည) ဗိုက်ဆာနေစဉ်ဈေးဝယ်မထွက်ပါနှင့်။ (ဗိုက်ဆာနေစဉ်ဈေးဝယ်ထွက်ပါက အသင့်စားအစားအစာ၊ အမြန်စားအစားအစာ၊ အချိုရည်၊ အချိုမုန့်တို့ကို အမှုမဲ့အမှတ်မဲ့ စားမိတတ်သည်၊ ဝယ်မိတတ်သည်။)

(ဋ) အိပ်ရေးဝအောင် အိပ်ပါ။ (အိပ်ရေးပျက်လျှင် အစာပိုစားချင်၊ အချိုပိုစားချင်စိတ်ကို ဦးနှောက်ရှိ Frontal Lobe က လှုံ့ဆော်ပေးသဖြင့် အချိုစားမိမှာစိုးရိမ်ရ၍ ဖြစ်ပါသည်။)

သို့ပါ၍ သင်တကယ်ကျန်းမာလိုပါသလား၊ တကယ်ကျန်းမာလိုလျှင် အချိုကိုသတ်ပါ။ အချိုကို သင်က မသတ်ပါက အချိုကသင့်ကို သတ်သွားနိုင်ပါကြောင်း စေတနာကောင်းဖြင့်ရေးသားအပ်ပါသည်။ ။

GUSTO COLLEGE

UNIVERSITY OF GLOUCESTERSHIRE

"UK ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်သော University of Gloucestershire မှ ချီးမြှင့်မည့် ဘွဲ့၊ ဒီဂရီများ"

- BSc (Hons) Computing
- BA (Hons) International Business Studies



ပညာရေးဆွေးနွေးပွဲ

ဟောပြောမည့်သူ - U Win Htein Win (Principal, GUSTO College)
နေ့ရက် - 7- Jan - 2018 (Sunday)
အချိန် - 1pm ~ 3pm
နေရာ - Novotel Hotel (Mandalay Room, 4th Floor)

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေး၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။

စာရင်းပေးသွင်းရန် - (09) 42 999 1009, (09) 789 888 222

ROYAL ACADEMIC INSTITUTE

အမေရိကန်နှင့် အင်္ဂလန်၊ဩစတြေးလျ၊စင်္ကာပူနိုင်ငံများမှတက္ကသိုလ်များ အသိအမှတ်ပြု

"အမေရိကန်(၁၂)တန်းပညာရေး"

AWARDED by ACT, USA

- GCE A Level - IB တို့နှင့်ညီမျှပြီး စင်ကာပူ၊ထိုင်း၊အင်္ဂလန်၊ဩစတြေးလျ၊အမေရိကန်တက္ကသိုလ်များတွင် Foundation မလိုပဲတက်ရောက်နိုင်သည် ...
- ပရိုဂရမ်ပြီးဆုံးပါက အမေရိကန်နိုင်ငံတစ်ခွင်လုံးရှိ တက္ကသိုလ်များကို Common App မှတဆင့် ပညာသင်ဆုများကို စိတ်ကြိုက်လျှောက်ထားနိုင်သည် ...
- ရွေးချယ်နိုင်သောကျောင်းနှင့်နိုင်ငံမှာ SAT အမှတ်ဖြင့် ကျောင်းလျှောက်ထားခြင်းထက် ပိုမိုများပြားသည်
- မြန်မာဆယ်တန်း၊ iGCSE နှင့် အမေရိကန် (၁၀-၁၁)တန်း ကျောင်းသားကျောင်းသူများ လျှောက်ထားနိုင်ပါသည်။ American College Test ACT, USA မှ လက်မှတ်ချီးမြှင့်သည် ...
- ပရိုဂရမ်အကြောင်းနှင့် Partner Universities များကို အောက်ပါလင့်ခ်တွင် ကြည့်ရှုနိုင်သည် ...
http://actinternationalservices.com/en/gac

01 527 838 09 44 55 66 701 09 44 55 66 702



YGN အိမ် ခြံ မြေ အကျိုးဆောင်မှ

နိုင်ငံခြားသားများ နေထိုင်ရန် ပြင်ဆင်ပြီး တိုက်ခန်း/Condo နှင့် လုံးချင်းကောင်းများ အမြန်ငှားလိုပါသည်။ 09 4500 39 220

FTM Forward To Myanmar Garment

ရောင်စုံ T-Shirt - 650 ကျပ်

Company Uniform ကျားဝတ်၊ မဝတ်၊

Sport Shirt များနှင့် Quality T-Shirt

ချည်သား အဖြူ၊ ရောင်စုံများလည်း ရရှိနိုင်ပါသည်။

ရုံးခန်း - တိုက်အမှတ် (A)၊ အခန်း (107)၊ Golden Link Condo၊ လင့်လမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
စက်ရုံ - အိမ်အမှတ် (၁၂၅)၊ ကျန်စစ်သား ၃ လမ်း၊ ၁၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 43175181, 09 771072144, 09 456607677.

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "













(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသောကြောင့်စီးပွားရေးအတွက်အကွက်ကျသောနေရာ ..........
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ရွှေပြည်သာ တံတား(၄)စင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာသွားလာနိုင်သောနေရာ ...........
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ .............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ...........
- ခေတ်မီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ....



ဖုန်း-၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

YOMA
STRATEGIC HOLDINGS LTD.

# CPCL

NEW HOLLAND AGRICULTURE

ဖော်ပြပါကျွန်ုပ်တို့ ဝန်ဆောင်မှုများအား သင်ရရှိခံစားလိုပါက ယခုပင်နီးစပ်ရာနယူးဟော်လန် ရုံးခွဲများ (သို့မဟုတ်) နီးစပ်ရာစက်မှုလယ်ယာစခန်းများသို့ ဆက်သွယ်ဝယ်ယူလိုက်ပါ ........

## “ လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ ”

## ရုံးခွဲပေါင်း (၁၅) ခုဖွင့်လှစ်ပြီး .....




- အကောင်းဆုံးထဲမှ အကောင်းဆုံးလယ်ထွန်စက် နယူးဟော်လန်




- အပိုပစ္စည်းများကို အချိန်မရွေး အလွယ်တကူဝယ်ယူအသုံးပြုနိုင်ခြင်း




- ရိုးမဘဏ်နှင့်ချိတ်ဆက်၍ ၁နှစ်၊ ၂နှစ်၊ ၃နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀%၊ (သို့မဟုတ်) ၃၀% ကနဦးပေးသွင်းပြီး ၅နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀% ကနဦးပေးသွင်းခြင်းဖြင့် ဝယ်ယူနိုင်ခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ၁၀% ကနဦးပေးသွင်းပြီး (၃) နှစ် (၇) ရစ် စနစ်ဖြင့်ဝယ်ယူနိုင်ခြင်း
- ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ (၂၂ ဖွဲ့) ဖွဲ့စည်းထားခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို တစ်နှစ်တိတိအာမခံပေးထားပြီး အာမခံကာလအတွင်း စက်ပျက်စီးမှုရှိပါက ကောင်းမွန်အဆင်ပြေသည်အထိ ပြုပြင်လုပ်ဆောင်ပေးလျှက်ရှိခြင်း
- တောင်သူဦးကြီးများ ပိုမိုအဆင်ပြေစေရန် မြန်မာနိုင်ငံအနှံ့ရုံးခွဲပေါင်း (၁၅) ခုအထိ ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခွဲများဆက်လက်ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျှက်ရှိခြင်း
- တောင်သူဦးကြီးများအတွက် နယူးဟော်လန်လယ်ထွန်စက်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် မောင်းနှင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိခြင်း
- နယူးဟော်လန်လယ်ထွန်စက်များ၏ စက်စွမ်းဆောင်ရည်ကို တောင်သူဦးကြီးများပိုမိုသိရှိနားလည်စေရန် စက်စွမ်းရည်လက်တွေ့သရုပ်ပြပွဲများ ပြုလုပ်ပြသခြင်း

100 YEARS OF TRACTORS 1917-2017

**Hot Line : 09765642725**

### တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ

ရန်ကုန်ရုံးချုပ် : အမှတ် (၁၁၅၉)၊ (အက်ဖ်အမ်အိုင်) ပဒေသပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်ဖုန်း - ရန်ကုန် - ၀၁၃ - ၆၈၇၀၀၂~၀၀၃၊ ၆၈၇၈၈၁။

နယ်ရုံးခွဲများ : မန္တလေး - ၀၉ ၄၃၀၁၄၄၅၂၊ နေပြည်တော် - ၀၉ ၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉ ၄၅၇၄၅၅၄၀၉၊ နောင်ချို - ၀၉ ၄၅၇ ၄၅၅၄၀၈၊ မောင်းကုန်း - ၀၉ ၇၇၁ ၃၄၃၂၃၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈၀၅၇၊ မကွေး - ၀၉ ၇၆၁ ၀၉၅၀၂၄၊ ဟင်္သာတ - ၀၉ ၄၅၃၂၃၅၈၈၀၊ မအူပင် - ၀၉ ၇၇၃၈၂၆၅၇၉၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉၂၀၅၂၉၂၊ ရွှေဘို - ၀၉ ၉၆၃၄၇၃၉၄၃။

**မြင်းကောင်ရေ ၄၅ ကောင်မှ ၁၈၀ ထိ နယူးဟော်လန်လယ်ထွန်စက်များကို အဆင်ပြေစွာဝယ်ယူနိုင်ပါသည်။**

## International Glass Co.,Ltd

### အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါအရောင်းကိုယ်စားလှယ်ကြီးများအား အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(1) Shwe Kyae Glass Trading (mdy)

(2) Landmark Enterprise Ltd - Asahi - Land Glass Center (YGN)

(3) Mahar Lin Htet Trading Co.,Ltd (YGN)

(4) Singapore Glass Trading (MDY)

(5) Toe Tet Aung Glass and UPVC Distribution (Soe Moe Khaing - YGN)

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော အရောင်းကိုယ်စားလှယ်ကြီးများအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)

## International Glass Co.,Ltd

### အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)ထံမှ ဝယ်ယူအားပေးပြီး တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချပေးပါသော ကုန်သည်ကြီးများနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါကုန်သည်ကြီးများအား အထူး ဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(၁) စွမ်းအားသျှင် မှန်အမျိုးမျိုးဖြန့်ချိရေး

(၂) ချယ်ရီမြင့် မှန် နှင့် အလူမီနီယံတပ်ဆင်ရောင်းဝယ်ရေး (ယခင် စုပေါင်းမှန်ဆိုင်)

(၃) Sky မှန်အမျိုးမျိုးရောင်းဝယ်ရေး

(၄) ပါရမီ မှန်အမျိုးမျိုးရောင်းဝယ်ရေး

(၅) ရောင်နီဦး မှန်အမျိုးမျိုးရောင်းဝယ်ရေး

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော ကုန်သည်ကြီးများအားလုံးအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)



ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OK$ ငွေသားကံစမ်းမဲဆုများ ပါရှိသည်။

ONE TEA နို့ဆီ

09 5178737

CGMFandB




ကံစမ်းမဲ နံပါတ် ရိုက်ထည့်ရန်

---

# လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်။
**LCCI & Dip: IFR**

| Level I+II | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | 16.Dec |
| Sec(B) Sat+Sun | 9-11 (am) | 23.Dec |
| Sec(C) Sat | 11-3 (pm) | 30.Dec |
| Sec(D) Sun | 11-3 (pm) | 31.Dec |
| Sec(E) Mon+Tue | 6-8 (pm) | 1. Jan |
| Sec(F) Fri | 12-4 (pm) | 5.Jan |
| Sec(G) Mon to Fri | 12-3 (pm) | 8. Jan |

| Level III | သင်တန်းချိန် | စမည့်ရက် |
|---|---|---|
| Sec(A) Sat+Sun | 3-8 (pm) | 16.Dec |
| Sec(B) Wed to Sun | 6-8 (pm) | 23.Dec |
| Sec(C) Mon to Fri | 8-12 (am) | 1.Jan |

တန်းခွဲသစ်စမည်
နံမည်ပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922

အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်။ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်

---

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူး ဦးအောင်ခိုင်

2018 English Question 5 Sets

၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၅၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

---

ခင်တိုအိမ်ရှင်မတိုင်းအတွက်အကောင်းဆုံးလျှပ်စစ်မီးဖို ရွှေဝါ ပါရှင်



လျှပ်စစ်မီးဖိုအမျိုးမျိုး လက်လီလက်ကား ရပါသည်

ပင်ရုံး။ အမှတ်(၁၁၂)၊လမ်း(၃၀)၊ပန်းဘဲတန်း၊ရန်ကုန်။ဖုန်း=၀၁-၃၈၄၄၆၀
၀၁-၃၈၄၁၈၆၊ ၀၉-၂၅၃၆၂၅၅၈၀၊ ၀၉-၇၃၀၅၀၈၂၂။
စက်ရုံ။ အမှတ်(၄၂၂၊၄၂၃) မန္တလေးလမ်း၊စက်မှုဇုံ(၁)တောင်ဒဂုံ၊ရန်ကုန်
ဖုန်း=၀၉-၂၆၄၆၉၂၈၈၉ ၀၉-၇၈၁၁၈၃၄၀၉ ၀၉-၇၃၁၂၆၃၂၂။

---




အမှတ် F(2~8) ဝ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်နှင်းကျွန်း၊ ရန်ကုန်မြို့။
09-79 700 70 70 09-79 700 70 80

---

FAME

# LADYMAX™
Anti-acne Gel

ဝက်ခြံ၊ အသားဖြူစေခြင်းနှင့် ခွေးပေါက်ကျယ်ခြင်းများကို သက်သာပျောက်ကင်းစေရန်




City Mart နှင့် Ocean SUPERCENTER တို့တွင် ဝယ်ယူရရှိနိုင်ပါသည်...

ကျား/မ မရွေး အသုံးပြုနိုင်သည်

Ph: 09-965 559 860, 09 731 422 16


## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ စန္ဒယော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၃၅၆ (သာယာကုန်းအနောက်)၊ ဦးပိုင်လုပ်ကွက်အမှတ်- ၁၃/က၊ ဧရိယာ- ၆. ၃၇ ဧကရှိ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးတွင်တည်ရှိသော လယ်ယာမြေကွက်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် မြေစာရင်းပုံစံ-၇ ရရှိထားပြီး တရားဝင်လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသူ ဦးဝင်းမြင့် (၁၂/ထတပ (နိုင်) ၀၃၉၇၄၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး (LL.B., LL.M.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။


# ဂုဏ်ရည်ဆေးတိုက်




ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆ၀က (စာနယ်ဇင်း) ၀၄၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



## ကျေးဇူးဥပကာရတင်ရှိပါကြောင်း

မိခင်ကြီး ဒေါ်ခင်ဝင်းရီ (Batik Land) အသက် (၇၇)နှစ်၏ နာရေးကိစ္စအဝဝအတွက် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းသော အန်တီ ဒေါ်အောင်ဆန်းစုကြည်၊ လွမ်းသူ့ပန်းခြင်းများပေးပို့ပါသော နိုင်ငံတော်အစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ကုမ္ပဏီများနှင့် ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် လူမှုကူညီရေးအသင်း (သယ်န်းကျွန်း)၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း Telephone, Facebook, Viber, Messenger တို့ဖြင့် သတင်းမေးကြသော ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ငွေလှိုင် (မုဒုံ၊ တခွန်တိုင်)

### အသက်(၉၀)

မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ(သစ်စက်) ဦးလွင်ဦးမောင်-ဒေါ်ခင်လှလှ တို့၏ မိခင် သည် ၂၄-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးများ**

**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းစိန်

### အသက် (၈၂) နှစ်

ဦးလှမိုး (ဒု-ညွှန်မှူး၊ သင်ကြားလေ့ကျင့်ရေးဌာန၊ ဗဟိုဆက်သွယ်ရေးသင်တန်းကျောင်း၊ မိတ္ထီလာမြို့)၏ ဖခင်ဖြစ်သူ ဦးသန်းစိန်သည် ၂၄-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(91-EP)**

**ကလော G.T.I မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်မြင့်

### အသက် (၈၁)နှစ်

**လုံခြုံရေး-၅၊ က-ည-န (ငြိမ်း)**

နေပြည်တော်နေ (ဒေါ်ခင်ဥ)၏ခင်ပွန်း ဦးအောင်မြင့်သည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**က-ည-န အငြိမ်းစားဝန်ထမ်းများ**

**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမြတ်သိန်းတင်(ပုဇွန်တောင်)

### အသက်(၆၁)နှစ်

**AGTI (Civil) အင်းစိန်**

**1979 B.A (Eco)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးတင်ဖေ)-ဒေါ်တင်လှ (ရွှေဒေါင်းမပွားဆေးပေါ့လိပ်)တို့၏ သားကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ အိုးသည်ကုန်းမြို့နေ (ဦးမင်းနိုင်)-ဒေါ်အုန်းတင်တို့၏သားသမက်၊ ဒေါ်သန်းသန်းတင်၊ ဦးတင်အောင်မြင့်၊ ဦးခင်မောင်မြင့်-ဒေါ်သန်းသန်းစိန်၊ ဒေါ်တင်တင်ချို၊ ဦးစိန်လင်း-ဒေါ်ခင်သီတာ၊ ဦးလှမျိုး-ဒေါ်သီရိခင်တို့၏အစ်ကိုကြီး၊ ဒေါ်စံပယ်(ခ)ဒေါ်ဖြူဖြူ၏ ခင်ပွန်း၊ မခိုင်ရှုပါတင်၊ မဖြူစင်သန့်၊ မောင်ကျော်ဇောလှံတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ငါးယောက်တို့၏ ဘဘကြီး ဦးမြတ်သိန်းတင်သည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၇ (စနေနေ့) တွင် ရေကျော်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမြင့်သန်း

### အသက်(၇၄)နှစ်

**ဒု-ညွှန်မှူး(ငြိမ်း)၊**

**နတလ ဦးစီးဌာန၊**

**နယ်စပ်ရေးရာဝန်ကြီးဌာန**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အိုးဖိုအရှေ့ရပ်ကွက်၊ နှင်းဆီလမ်းနေ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း၊ ဦးလှဌေး(ငြိမ်း၊ နယ်စပ်/ကုန်သွယ်)-ဒေါ်ထားထားမြင့်၊ ဦးထွန်းမင်း-ဒေါ်ခင်ဝင်းကြည်၊ ဦးဝင်းတင့်(ငြိမ်း)-ဒေါ်အေးသန်းတို့၏ အစ်ကိုကြီး၊ ဦးကျော်ကျော် (ခေတ္တ-မလေးရှား)၊ ဦးဇင်မင်းရှိန်-ဒေါ်နွယ်နီမြင့် (တိုင်းရင်းသားဒီဂရီကောလိပ်-ရန်ကုန်)၊ မဥမ္မာမြင့် (N.E.G.C Constuction Co., Ltd) တို့၏ဖခင်၊ မယွန်းထက်မြင့်မိုရ်၏ အဘိုးသည် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) တွင် အမှတ် ၉၀၊ နှင်းဆီလမ်း၊ အိုးဖိုအရှေ့ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး**

### မယ်တော်ကြီး ခင်ရှိ

### အသက် (၈၁) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျည်းဘုတ်စံပြကျေးရွာနေ (ဦးဖိုးလွှာ-ဒေါ်ကြွေ)တို့၏ သမီးကြီး၊ (ဦးအံ့ဘွယ်-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးတင်မောင်)၊ [ဦးခင်မောင်(ခ) ဦးခေမိန္ဒ]၊ ဦးသာသန(ခ)ဦးသန်းရွှေတို့၏ အစ်မ၊ အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိပါဠိကျောင်းတိုက် (ရာသက်ပန်သက်သတ်လွတ်ကျောင်း)၏ ဦးစီးပဓာနနာယက ဆရာတော်ဦးကုမာရ၊ ဦးသီဟ၊ ဦးကောသလ္လ၊ ဆရာလေး ဒေါ်နန္ဒီ(ခ)ဒေါ်ငွေးကြည်တို့၏ မယ်တော်ကြီး၊ ဦးတင်ဝင်း၊ ဦးတင်ထွန်း-ဒေါ်ညွန့်ခင်တို့၏ မိခင်၊ မအေး ဇင်မိုး၏အဘွား၊ (ဦးဘစံ)၏ ချစ်လှစွာသောဇနီး မယ်တော်ကြီး ဒေါ်ခင်ရှိသည် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၁၈နာရီတွင် အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိ ပါဠိကျောင်းတိုက် (ရာသက်ပန်သက်သတ်လွတ်ကျောင်း)၌ ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစောလွင် (၇၇)နှစ်

**တရားရုံးချုပ်ရှေ့နေ (ငြိမ်း)၊ စိန့်ပေါလ်ကျောင်းသားဟောင်း**

ရန်ကုန်မြို့နေ (ဦးကျော်ဖံ-ဒေါ်အုန်း)တို့၏သား၊ (ဦးသန်း-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် (၅၃-စီ)နေ ဒေါ်မေသန်း (ကထိက-ငြိမ်း၊ ရုက္ခဗေဒ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်း မောင်-ဒေါ်သီတာဝင်း၊ (ဦးမျိုးနိုင်)-ဒေါ်ခင်စောမူ၊ ဦးမောင်မောင်စိုး-(ဒေါ်သက်သက်)၊ (ဒေါက်တာအောင်ထွန်းကြည်)-ဒေါ်ဒူလီ၊ (ဒေါက်တာအုန်းတင်-ဒေါ်စန်းစန်းမြင့်)၊ (ဦးစိုး-ဒေါ်တင်ကြည်)၊ (ဒေါက်တာကိုကိုကြီး-ဒေါ်တယ်ရီလှိုင်)၊ (ဦးတင်သိန်း)-ဒေါက်တာမြမြသန်း၊ (ဦးဘိုစိန်-ဒေါ်စမ်းစမ်းရီ)၊ (ဒေါ်ကြည်ကြည်ညွန့်)၊ ဦးသန့်စင်-ဒေါ်မြသွေးတို့၏ညီ၊ ဦးတင်ထွေး-ဒေါ်စန်းစန်းမေတို့၏ အစ်ကို၊ ကိုသိန်းလင်းထွန်း-မမေကျော့ ကျော့လွင်(ခေတ္တ-USA)၊ ကိုဝေစည်သူလွင် (ဒုလေယာဉ်မှူးကြီး-ငြိမ်း)၊ ကိုဖွံ့ဖြိုးစောလွင်-မဇင်မာ၊ ကိုဖြိုးမောက်စောလွင်-မမိုးသက်ခိုင် (ခေတ္တ-UK)၊ ကိုမိုးသောက်စောလွင်-မနှင်းဇာခြည်မျိုး (ခေတ္တ-USA)တို့၏ ချစ်လှစွာသော ဖခင်၊ အောင်ခြင်းလင်းထွန်း၊ မေသူရိလင်းထွန်း၊ ရွှေယွန်းစစ်၊ မိုးခနလွင်၊ ခေတ်သားစစ်၊ အမရာဖြိုးဇော်၊ အဂ္ဂဖြိုးတို့၏ချစ်လှစွာသောအဘိုး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးစောလွင်သည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင့်ဇော်

**အင်ဂျင်နီယာချုပ်၊ ထူးကုမ္ပဏီ**

### အသက်(၆၂)နှစ်

မြစ်သားမြို့နေ ဒေါ်ငွေးငွေးမော်၏ ချစ်လှစွာသောခင်ပွန်း အမှတ်(၅)၊ ပြည်လမ်း၊ ထူးဆောက်လုပ်ရေးကုမ္ပဏီ၏ အင်ဂျင်နီယာချုပ် ဦးတင့်ဇော်သည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅း၂၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် မြစ်သားမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မရတီပိုင်ဦး

### အသက် (၁၄) နှစ်

**အဌမတန်း၊ အထက(၂) ရန်ကင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းအိမ်ရာ၊ အမှတ်(D-1)နေ (ဗိုလ်မှူး ရန်ပိုင်ဦး)-ဒေါ်နီလာမြင့်(တောင်ဥက္ကလာပလူမှုဖူလုံရေးဆေးခန်း)တို့၏သမီး၊ မောင်မင်းမြတ်ပိုင်ဦး(ဒုတိယတန်း၊ အထက-၂ ရန်ကင်း)၏အစ်မ၊ ဦးကျော်ကျော်ဆင့်-ဒေါ်ချိုနီမာ၊ ကိုထွန်းလင်းသောင်း-မမြင့်မြင့်ကျော်၊ ဗိုလ်ကြီးဖြိုးထက်အောင်-မထက်မြတ်သောင်း၊ ဦးနေနိုင်ဦး-ဒေါ်သူဇာနိုင်၊ ကိုအောင်သက်ထွန်း-မအေးသူဇာအောင်တို့၏တူမ မရတီပိုင်ဦးသည် ၂၅-၁၂-၂၀၁၇(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်မြမြသန်း(Gladays)

**ဟိုတယ်ခရီး**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် (၅၈၆-က)၊ ဇာနည် (၁၁)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်နေ (ဝဏ္ဏကျော်ထင် ဦးတင်အောင်-ဒေါ်သန်းငွေ)တို့၏ သမီးကြီး၊ (သီရိပျံချီဦးတင်မောင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ [ဦးတင်ကျော်မြင့် (BAC)]၏ဇနီး၊ (ဦးခင်မောင်ဝင်း- ဒေါ်အေးအေးမြင့်)၊ (ဦးတင်မော်ဝင်း)-ဒေါ်နွဲ့နွဲ့အေး၊ ဦးတင်မြင့်-ဒေါ်စပယ်မြင့်၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာမြင့်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်တို့၏ဘွားဘွားသည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမြင့်အောင်

### (ဒုအရာခံဗိုလ်-ငြိမ်း)

### အသက်(၇၉)နှစ်

ပုဂံညောင်ဦးမြို့နယ်၊ ပျဉ်ချောင်းကျေးရွာနေ (ဦးစော-ဒေါ်ဖြူလုံး)တို့၏ သား၊ ဦးမောင်စိန်-ဒေါ်ခင်တုတ် တို့၏ အစ်ကို၊ (ဒေါ်လှငြိမ်း)၊ ဒေါ်သန်းသန်းထွေး၏ ခင်ပွန်း၊ (ကိုတင်အောင်စိုး)၊ ကိုဝင်းမောင်(မိုးညို သ/မ ဦးစီးမှူး)-ဒေါ်စန်းစန်းအေး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး(၃)လမ်း၊ အမှတ် (၇၃၈)နေ ဒေါ်ခင်စိုးကျော်၊ မကေခိုင်ကျော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ (ဗိုလ်နေလင်းအောင်ထက်)၊ ကိုသက်ဇော်ထွန်း-မစန္ဒာမြင့် တို့၏ အဘိုးသည် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး(၃)လမ်း၊ အမှတ်(၇၃၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဒေါ်ချင်နွယ်သွဲ့

### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ လှိုင်မြင့်မိုရ်လမ်းမကြီး၊ အမှတ် (၂၈/A-2)၊ ပထမထပ်နေ (ဦးရီချန်)၏ဇနီး၊ ဒေါ်ခင်ဆွေမြင့်၊ ဦးဝင်းစိန်-ဒေါ်ခင်ဆွေအေး၊ ဦးယုစိန်-ဒေါ်ခင်ဆွေဝင်း၊ ဦးမျိုးသန့်-ဒေါ်အေးအေးမြတ်၊ ဦးမြင့်ရွှေ-ဒေါ်တင်ချိုဝင်း၊ ဦးအောင်နိုင်-ဒေါ်ခင်ထွေးကြည်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်ချင်နွယ်သွဲ့သည် ၂၅-၁၂-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသန်းအေးမော်

### (ဌာနခွဲမှူး-YCDC-ငြိမ်း)

### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်ကြီးခင်မောင်အေး)-ဒေါ်ခင်သန်းမေ၊ (ဦးခင်မောင်ညွန့်-ဒေါ်ကျင်)တို့၏ သားသမက်၊ ဦးစိန်မြင့်(ဌာနခွဲမှူး၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်ငွေး၊ ဦးဇော်မြင့်ဦး(ZEP-အရောင်းမန်နေဂျာ)-ဒေါ်အေးအေးမြင့်(အထက-၁၊ ဒဂုံအရှေ့)၊ ဦးကျော်မင်း(အခွန်ဌာနမှူး-YCDC)-ဒေါ်သီရိပွင့်၊ ဦးတင်ငွေး (ငြိမ်း)-ဒေါ်တင်တင်နွယ်(ဝါယာလက်ရွှေဆိုင်)၊ ဒေါ်သင်းသင်းမြင့်မိုး၏တို့၏ ချစ်လှစွာသောအစ်ကို၊ ဦးမြင့်ဦး-ဒေါက်တာခင်ငြိမ်းချမ်း(UY)၊ ဦးမောင်မောင်သူရ၊ ဦးညီညီသီဟ (KMTC) Shipping Line-ဒေါ်စန်းမြသီတာတို့၏ မွေးသဖခင်၊ တူ/တူမ ၁၂ယောက်တို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဒေါ်တင်တင်မြင့်(ခ)ဒေါ်တင်တင်နိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်၊ (စီ) ဘလောက်၊ ၄ဝါလမ်း၊ တိုက်(၃၆)၊ အခန်း(၀၀၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းစန်းညွန့်

### အသက်(၆၅)နှစ်

**လသာ(၂) ကျောင်းသူဟောင်း**

ရန်ကုန်မြို့နေ၊ (ဦးညွန့်မောင်-ဒေါ်ကြည်)တို့၏ သမီးကြီး၊ မြိတ်မြို့နေ (ဦးအုံဝိုးယား-ဒေါ်တင်တှာ)တို့၏ သမီးချွေးမ၊ ပိတောက်ဝါ (၅)လမ်း၊ အမှတ် B-61, FMI City နေ ဦးအောင်သိန်း၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ပြည့်စုံ-ဒေါ်မိုးမိုးစံ၊ ဦးမင်းအောင်-ဒေါ်ကြည်မာအောင်၊ မဆုမာအောင်တို့၏ မိခင်၊ ဦးနေအောင်၏ ညီမ၊ ဦးဂျောနီထွန်း-ဒေါ်သန်းသန်းညွန့်၊ ဦးချိုသန်း-(ဒေါ်ကြည်ကြည်ညွန့်)၊ ဦးဝင်းဖြိုး-ဒေါ်ရင်ရင်ချို(ခ)မွှေးလုံးတို့၏ အစ်မ၊ တူသုံးယောက်၊ တူမခြောက်ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်စန်းစန်းညွန့်သည် ၂၃-၁၂-၂၀၁၇ (စနေနေ့) ညနေ ၅း၄၅နာရီတွင် ရန်ကုန်မြို့ ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (၈ လမ်း၊ လမ်းမတော်မှကားများ ကမ်းနားလမ်းမှ မွန်းလွဲ ၂နာရီနှင့် FMI City မှ ကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တဇောတိက

### သိက္ခာတော် (၆၆)ဝါ၊ သက်တော် (၈၅)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြအောင်စည်မဟာစည် သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဇောတိက သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၅)နှစ်သည် (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်) ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀း၁၁ နာရီတွင် ဘဝနတ်နန်း စံမြန်းတော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) ၂၈-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိဈာပန သာစုကီဠနသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ချမ်းမြအောင်စည်ရိပ်သာ

### ဆရာလေး ဒေါ်ဝဏ္ဏသာမိ(ခ)ဒေါ်မလှခိုင်

### ဝါတော်(၂၀)၊ အသက်(၈၅)နှစ်

ဦးစောတင်မောင်-ဒေါ်ခင်ဖြူဖြူထွန်း၊ (ဦးမြသန်း)၊ (ဦးမြမောင်)၊ ဦးရွှေမြ-ဒေါ်စိန်နုဖြူ၊ ဦးအေးလှမောင်-ဒေါ်မေသိန်း၊ (ဦးဖြူမောင်-ဒေါ်မတင်လှ)၊ ဦးခင်မောင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်သည် ၂၅-၁၂-၂၀၁၇ ရက် နံနက် ၈း၃၅နာရီတွင် အမှတ်(၂၅၀)၊ မြစ်ထွေးလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝေလင်း(ခ)ပေရှောင်လင်း (ကျုံပျော်မြို့)

### အသက်(၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅၅)နေ (ဒေါ်ကျင်ယုံ)၏ ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်ပြုံးရီ (နန်းဦး-ရေခဲစက်၊ မန္တလေးမြို့)၊ ဦးချင်ဟိုက်-ဒေါ်နန်းကျင်ငွေး၊ ဦးမျိုးလွင်-ဒေါ်ငွေးကြည်(ရန်ကုန်)၊ ဦးချင်တှာ-ဒေါ်ထွေးထွေးလှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်မြင့်မြင့်ခိုင်(ရန်ကုန်)၊ မဝေဝေခိုင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး ဦးဝေလင်း(ခ)ပေရှောင်လင်းသည် ၂၅-၁၂-၂၀၁၇(တနင်္လာနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျုံပျော်မြို့ အုန်း(၃)ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးကြပါရန် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး**

### ဒေါ်ကြည် (တောင်ကြီး၊ အင်းလေး)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် (၃/၉၃)နေ (ဦးတောက်ထွန်း-ဒေါ်ဥ)တို့၏သမီး၊ (ဦးလုံ)၏ဇနီး၊ ဦးကျော်ဇော-ဒေါ်သီဂီတို့၏မိခင်၊ မဖူးမြတ်ကေသွယ်၊ မအိသဥ္ဇာသွယ်တို့၏အဘွား ဒေါ်ကြည်သည် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်တင်ကြည် (မြင်းခြံမြို့)

### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက် ဇီဇဝါလမ်း၊ အမှတ် (၆/ဆ) နေ ဦးသန်းအောင်(ဆည်မြောင်းဦးစီးဌာန-အကြံပေးပုဂ္ဂိုလ်)၏ဇနီး၊ ဒေါက်တာဦးဇော်ဟိန်း-ဒေါက်တာဒေါ်မေပုလဲ၊ ဦးသန်းထွန်း(ကပရ-ငြိမ်း)- ဒေါ်အေးအေးသန်း၊ ကပ္ပတိန်ဦးဇော်ဝင်း-ဒေါ်နော်နော်ညီတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်တင်ကြည်သည် ၂၄-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးစောစက်ဒရစ်

### အသက် (၅၉)နှစ်

**(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၏ အသင်းသား)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးအက္ကင်း-ဒေါ်သိန်းတင်)တို့၏ တတိယသား၊ ဒေါ်ထျုန်ခေါ်ထျှန်း (သူနာပြုဆရာမကြီး၊ အင်းစိန်ဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အဲဖရက်စောပြန်း၊ မဗန်ဆွေးပါရ်တို့၏ ချစ်လှစွာသောဖခင်၊ ဦးစောရော်နယ်-ဒေါ်အဲနာဘဲလ်၊ ဒေါ်ကယ်ရိုလိုင်း-ဦးဂျာနော်တို့၏ ညီ/မောင်၊ ဦးစောရော်ဂျာ-ဒေါ်သက်သက်မောင်၊ ဒေါ်ကြူကြူမာ-(ဦးရဲဝင်းလှိုင်)၊ ဒေါ်ဝါဝါလေး-ဦးမျိုးဇော်၊ (ဦးစောဘိုဘို)တို့၏ အစ်ကို ဦးစောစက်ဒရစ်သည် ၂၅-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဖျာပုံ-ပုသိမ် ရေယာဉ်လိုင်း ဒေသထွက်ကုန်များကိုသာ အားထားပြေးဆွဲနေရ



**ဖျာပုံ ဒီဇင်ဘာ ၂၅**

ဖျာပုံမြို့မှ ပုသိမ်မြို့သို့ ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ရေလမ်းကို တစ်ချိန်က အဓိကထားသွားလာခဲ့ရာ ရေယာဉ်ပိုင်ရှင်များ ဝင်ငွေကောင်းခဲ့ပြီး ရေယာဉ်များ တိုးချဲ့ပြေးဆွဲခဲ့ကြသည်။ သို့သော် ယခုအခါ မော်တော်ကားလမ်းများ ပေါ်ထွန်းလာသည့်အတွက် ရေယာဉ်စီးခရီးသည်များ မရှိတော့သဖြင့် လိုင်းရေယာဉ်များမှာလည်း အစီးရေလျော့သွားပြီး ထွက်မည့်ရက် ပုံမှန်မထွက်နိုင်တော့ကြောင်း သိရသည်။

"ဖျာပုံမှ ဘိုကလေး-မော်လမြိုင်ကျွန်း-မြောင်းမြ-ပုသိမ် ရေယာဉ်လိုင်းက တစ်ချိန်က ခရီးသည်အတော်များပါတယ်၊ ကုန်တွေကလည်းများတော့ ဖျာပုံကနေ တစ်ရက်ခြား ပုံမှန်ထွက်ခဲ့ရတယ်၊ ကားလမ်းတွေ ပေါ်ပေါက်လာတော့ ဖျာပုံ-ပုသိမ် ကားလမ်းက ကားခ ကျပ် ၇၀၀၀၊ ရေယာဉ်စီးခ ကျပ် ၄၀၀၀ ဖြစ်ပေမယ့် ဈေးလျှော့ယူတာကိုပဲ စီးမယ့်လူမရှိဘူး၊ ကားကတော့ ငါးနာရီလောက် မောင်းရပြီး နေ့ချင်းပြန်လို့ရတယ်၊ ရေယာဉ်ကတော့ ၁၈ နာရီလောက် မောင်းရတော့ တစ်ညအိပ်ပဲဆိုပါတော့၊ ရေယာဉ်လိုင်းမပျောက်အောင်သာ ပြေးဆွဲနေရတာပါ။ ဖျာပုံကုန်ထက် ပုသိမ်ဒေသထွက်ကုန်တွေဖြစ်တဲ့ မီးသွေး၊ ထင်း၊ ဆား၊ ကျောက်မီးဖို၊ မြေမီးဖိုနဲ့ အခြားထွက်ကုန်တွေကိုပဲ အားထားပြေးဆွဲနေရတယ်" ဟု ဖျာပုံ-ပုသိမ် ရေယာဉ်လိုင်းမှ လုပ်သက်ရင့် ရေယာဉ်စာရေးတစ်ဦးက ပြောသည်။

ဖျာပုံ-ပုသိမ် ရေယာဉ်လိုင်းမှာ ခရီးသည်မရှိတော့သလောက်ဖြစ်နေပြီး ပုသိမ်ဒေသထွက်ကုန်ပစ္စည်းများကို ဖျာပုံမှကုန်သည်များက မှာယူမှုနှင့် ပုသိမ်မှ ကုန်ရနိုင်မှုဆက်သွယ်ပြီး ပြေးဆွဲနေရသဖြင့် ပုံသေရက်သတ်မှတ်ပြီး မပြေးဆွဲသည်မှာ ကာလကြာမြင့်နေပြီး ဝင်ငွေအားဖြင့် ကုန်ကျစရိတ် ကာမိရုံသာရှိကြောင်း ရေယာဉ်ပိုင်ရှင် ဦးကျော်စိုးက ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**

# ပြည်ပဈေးကွက်ဝင် သီးနှံများတွင် ပိုးသတ်ဆေးအာနိသင် လျှော့ချ၍ အရည်အသွေးပိုင်းကို အဓိကထား ထုတ်လုပ်ရန် ပြင်ဆင်သင့်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများတွင် ပြည်ပဈေးကွက်ဝင် ဈေးကောင်းရရှိမည့် သီးနှံများ တင်ပို့နိုင်သည့် အခွင့်အရေးများ ရှိနေသော်လည်း သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင် ပါဝင်နေမှုကို သတိပြုဆောင်ရွက်ရန် လိုအပ်ကြောင်း ဂျပန်ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO (Japan External Trade Organization, Yangon) မှ မန်နေဂျင်း ဒါရိုက်တာ မစ္စတာဟီရိုယာမာအိုက က သုံးသပ်ပြောကြားသည်။

လက်ရှိ မြန်မာ့ပဲမျိုးစုံနှင့် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပြည်ပတင်ပို့မှုတွင် အိမ်နီးချင်း အိန္ဒိယ၊ တရုတ်နိုင်ငံ ဈေးကွက်တို့ကိုသာ အဓိကအားထားနေရပြီး အရည်အသွေးပိုင်း အဓိကထားမှုထက် အရေအတွက်ပိုင်းကိုသာ အဓိကထားတင်ပို့နေရပြီး ဥရောပနှင့် ဂျပန်ဈေးကွက်သို့ တင်ပို့နိုင်ရေးတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် ပါဝင်နေမှုကို လျှော့ချ၍ အရည်အသွေးပိုင်းကို အဓိကထားထုတ်လုပ်ရန် ပြင်ဆင်သင့်ပြီဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောကြားသည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❂**

# မောင်တောဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် မေယုတောင်ကျော် ဖြတ်လမ်းနှစ်ခု ပေါ်ပေါက်လာတော့မည်



**မောင်တော ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် မေယုတောင်ကျော်ဖြတ်လမ်းနှစ်ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အဆိုပါ လမ်းများဖောက်လုပ်နေမှုနှင့်စပ်လျဉ်း၍ "ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ မေယုတောင်တန်းကြီး အရှေ့အနောက် တောင်ကျော်ဖြတ်လမ်းလေးခုထဲက နှစ်ခုကို ဒီနှစ်ပွင့်လင်းရာသီမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်၊ ပထမလမ်းကတော့ စေတီပြင် - အင်းဒင် - ကျောက်ပန္နူလမ်းဖြစ်ပြီး ဒုတိယလမ်းကတော့

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❖**





MPT
ရွှေသို့လှမ်းချီမြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
၂၀၁၇ ဒီဇင်ဘာလ ၁၃ ရက် မှ ၂၀၁၈ ဇန်နဝါရီလ ၆ ရက် အထိ
အဆင့်မြင့်ကွန်ဒိုမိနီယမ်အသစ်
GALAXY
TOWERS at STAR CITY
Toyota VIOS Brand New ကား(၃)စီး
iPhone X (၃၀)လုံး
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး**
**အဘိဓမ္မာ (ညဝါ) သင်တန်းများ**
ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ အဘိဓမ္မရတနာယရ (အဘိဓမ္မာ စမ္မဝိမာန်တော်ကြီး) ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်းမြို့နယ်တွင်၊ မာတိကာ ဓာတုကထာ၊ ယမိုက်(၁၀)ကျမ်းနှင့်ပဌာန်းကုသလတိတ်၊ သင်တန်းများကို ဓမ္မဒါန သင်ကြားပို့ချပေးပါမည်။ အသေးစိတ်သိရှိလိုပါက အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (ဖုန်း-၀၁ ၃၇၈၄၅၇၊ ၀၉ ၂၅၀၃၁၆၃၁၇)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။
**သင်တန်းစတင်မည့်ရက် (၆-၁-၂၀၁၈)**
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး

**အထက(၃)တာမွေ**
၁၉၉၆မှ ၂၀၁၇ ပညာသင်နှစ် ကျောင်းသား/ကျောင်းသူဟောင်းများ၏ တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲ ၄-၁-၂၀၁၈ရက် (လွတ်လပ်ရေးနေ့)၊ နံနက် ၉း၀၀ နာရီ၊ အားမာန်ခန်းမ။
**ဖြစ်မြောက်ရေးအဖွဲ့**

**မြေရောင်းမည်**
**(ငွေဆောင်ကမ်းခြေ)**
ပုသိမ်မြို့နယ်၊ ငွေဆောင် ကမ်းခြေတွင် ပေ(၆၀×၄၀)၊ လူနေမြေကွက်ရောင်းမည်။
မြို့ဝင်/ထွက် ကွန်ကရစ်လမ်းဘေးတွင်ရှိပြီး၊ ခြံစည်းရိုးကာထားပြီး၊ ခြံပြည့် သဲမြေ(၃)ပေဖို့ထား၊ အဝီစိတွင်းတူးထားပြီး၊ အသီးသီးနေသောအုန်းပင်(၄)ပင်ရှိသည်။
အိမ်ဆောက်လျှင် လျှပ်စစ်မီးသွယ်နိုင်ရန် လျှပ်စစ်မီးတိုင်ခြံရှေ့တွင်ရှိ
**စိတ်ဝင်စားသူများ ဆက်သွယ်နိုင်သည်။** ဆက်သွယ်ရန်
ဖုန်း-၀၉-၉၆၅၁၂၅၅၀၉
၀၉-၉၆၃၉၉၁၆၅၀

**SIRI, UBARI, CRO, MSTRD ဝန်ထမ်းဟောင်းများ**
**သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ**
**ကျင်းပမည့်နေ့ရက်** ၊ ၁၄-၁-၂၀၁၈ (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက်(၉)နာရီမှ (၁၂)နာရီ
**ကျင်းပမည့်နေရာ** - မုလသံယုတ်ကျောင်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်းကြားတောရလမ်း၊ ရန်ကုန်မြို့။
မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
အသက်(၇၅)နှစ်အထက် ဝန်ထမ်းဟောင်းများနှင့် တက်ရောက်မည့်သူများ။ အောက်ပါပုဂ္ဂိုလ်များထံ (၃၁-၁၂-၂၀၁၇)နေ့ နောက်ဆုံးထား၍ ဆက်သွယ် အမည်စာရင်းပေးပို့နိုင်ပါသည်။ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများလည်း တက်ရောက် နိုင်ပါသည်။
ဒေါ်မြင့်မြင့်စိုး 09 5090889
ဦးညိုညိုသန်း 09 448534123
ဒေါ်ဝင်းမာ 09 448534123
ဦးမျိုးဇော 09 250173267
ဒေါ်သီတာဇော်ဝင်း 09 972170031

# ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့် နည်းလမ်းများ အသိပေးကြေညာခြင်း

၁။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ**

မည်သူမဆို အောက်ပါဆောင်ရွက်ချက်များလုပ်ဆောင်ပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊
(ခ) ပြည်တွင်း၌ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊
(ဂ) ပြည်တွင်း၌ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊
(ဃ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း၊
(င) ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း၊

၂။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်တာဝန်ရှိသူများ**

(က) ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရပါမည်။

(ခ) ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ကုန်စည်ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူထံမှ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၂ရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်အား ကောက်ခံနိုင်မည်ဖြစ်ပါသည်။

၃။ **လုပ်ငန်းအလိုက်ခုနှိမ်ခွင့်ရှိသည့် ပေးဆောင်ပြီး ကုန်သွယ်လုပ်ငန်းခွန်များ**

(က) ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံမှဖြစ်စေ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(ခ) **ပြည်ပမှ ကုန်စည်တင်သွင်းသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူ**၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိရောင်းချသည့် ကုန်စည်အပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက် တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်သွယ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

၄။ **အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ပုံစံများ**

ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်ရရှိရန် အောက်ဖော်ပြပါ သတ်မှတ်ပုံစံများအား သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် တင်ပြလျှောက်ထားရမည်။

(၁) ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဖြစ်ပါက-
(ကက) သွင်းကုန်ကြေညာလွှာ (Import Declaration Form) (မူရင်း/မိတ္တူ)
(ခခ) ပတခ (ကသခ) -၃၂ ပုံစံ (မူရင်း/မိတ္တူ)
(ဂဂ) ပတခ (ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)
(ဃဃ) ပတခ(ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

(၂) ပြည်တွင်းထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက-
(ကက) ပတခ(ကသခ)-၃၁ ပုံစံ (မူရင်း/မိတ္တူ)
(ခခ) ပတခ(ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)
(ဂဂ) ပတခ (ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင်လည်း ပေးဆောင်ခဲ့ပြီးသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ် (၀၆၇-၄၃၀၀၀၉)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ဖုန်းနံပါတ် (၀၁-၃၇၈၃၇၀)၊ (၀၁-၃၇၈၃၇၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ဖုန်းနံပါတ် (၀၂-၃၀၁၉၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပွင့်ဖူးအင်ဒိုနီးရှားပါတိတ်၏ နှစ်သစ်အထူးအစီအစဉ်**
(၂၀၁၈)နှစ်သစ်ကို ကြိုဆိုသောအားဖြင့် တစ်ဆိုင်လုံးရှိ အင်ဒိုနီးရှားပါတိတ်များနှင့် ရှပ်အင်္ကျီများကို (၁၀%မှ၃၀%)အထိ အထူး Discount များဖြင့် ရောင်းချပေးနေပါသည်။
(၂၅-၁၂-၂၀၁၇မှ ၁၀-၁-၂၀၁၈အထိ)
လိပ်စာအမှတ်(၁/၃/၅)၊ သိမ်ဖြူလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၆၅၄၉၊ ၀၉-၅၁၁၉၀၈၁၊ ၀၉-၉၆၅၁၁၉၀၈၁
ဆိုင်ဖွင့်ချိန်-နံနက်၉း၃၀နာရီမှ ည ၇း၃၀နာရီ
[ဆိုင်ခွဲ(လုံး၀)မရှိပါ။]

**မြေနှင့်အိမ်ရောင်းမည်**
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပြည်လမ်း(၅၈)မိုင်၊ လမ်းမကြီးဘေး၊ ဥပ္ပါပြည်တော်သာစံပြကျေးရွာ၊ ပေ(၆၅×၁၀၀)၊ မြေနှင့်အဆောက်အအုံရောင်းမည်။ စက်ရုံအဖြစ်အသုံးပြုနိုင်သောသံတိုင်၊ သံဘောင် ဖြင့်သံဂိုဒေါင်ဆောက်ထားပြီး လျှပ်စစ်မီတာ(၂)လုံးရှိသည်။ အဝီစိတွင်းရှိသည်။ ပြည်လမ်းမကြီးဘေးဖြစ်သဖြင့် စီးပွားရေးအချက်အချာကျစွာ အသုံးပြုနိုင်သည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၃၉၉၁၆၅၀၊ ၀၉-၉၆၅၁၂၅၅၀၉**

**မြေနှင့်အိမ်ရောင်းမည်**
ရန်ကုန်မြို့၊ ဒဂုံအရှေ့၊ ၁၅၅ရပ်ကွက်၊ နွယ်နီလမ်း၊ ခြံနှင့်အိမ်ရောင်းမည်။ ပေ(၂၆×၆၀)၊ ကွန်ကရစ်လမ်းဘေး(ရှေ့/ဘေး)ထောင့်ကွက်၊ လျှပ်စစ်မီတာနှင့် အဝီစိတွင်းပါ၊ တစ်ထပ်တိုက်(မြေပြည့်အိမ်ပြည့်)ဆောက်ထားသည်။
(သိန်း-၁၅၀) ဆက်သွယ်ရန်ဖုန်း-၀၉၉၆၀၉၄၆၄၅၃၊ ၀၉-၉၇၃၉၀၁၅၂၆၊ ၀၉-၇၇၅၀၈၈၅၂၃

**စိုးစံ (လင်း) ကုမ္ပဏီ**
(open daily) (ဗဟန်းရုံး)မှ အမြန်ရောင်း/ငှါးမည်

| | | | |
|---|---|---|---|
| ၁။ကမရ၊အောင်မြေသာစည်အိမ်ရာ | (60x80) | 2RC | 9450L |
| ၂။ဗဟန်း၊ ရွှေတောင်ကြားနီး | (40x60) | 1RC | 4550L |
| ၃။ရန်ကင်း၊ဘောက်ထော် | (35x70) | မြေ | 4000L |
| ၄။မရက၊အောင်သိဒ္ဓိလမ်းသွယ် | (65x95) | မြေ | 3950L |
| ၅။သဃက၊ Snow Garden | (30x60) | မြေ | 2500L |
| ၆။လှိုင်၊မာလာမြိုင်လမ်း | (25x50) | 2BN | 2000L |
| ၇။စမ်းချောင်း၊မကြီးကြီးလမ်းကွန်ဒို | (1820Sqft) | Lift | 1500L |
| ၈။တာမွေ - လမ်းသန့် | (20x60) | 2BN | 1200L |
| ၉။မ/ဒဂုံ၊ (35)W-လမ်းသန့် | (42x60) | မြေ | 850L |
| ၁၀။သာကေတ၊မာန်ပြေလမ်း | (20x60) | မြေ | 650L |
| ၁၁။ရန်ကုန်ဇုန် | (2ဧက) | ၁ဧက | 4700L |
| ၁၂။တ/ဒဂုံ၊ စက်မှုဇုန်(၁) | (60x120) | မြေ | 3500L |
| ၁၃။သဃက၊ရတနာလမ်းမပေါ် | (110x150) | မြေ | 55L |
| ၁၄။တ/ဥ၊မေတ္တာလမ်းမပေါ်,ဈေးနီး | (40x60) | မြေ | 11L |
| ၁၅။တ/ဥ၊ ရတနာလမ်းမပေါ် | (20x60) | မြေ | 7L |

01- 552742, 09 73500535,09 5060938,09 5060940

